www.burmeseclassic.com

မိုးတာပေ

မိုးဆက်လင်းထက်

# ကျောင်းတော်ကြီးရဲ့အလယ်မှာ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com

မိုးစာပေ

မိုးဆက်လင်းထက်

# ကျောင်းတော်ကြီးရဲ့အလယ်မှာ



စိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၅

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | မျိုးသွေးသန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြဲ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အုတ်ကြီးနယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ အောက်တိုဘာ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

မိုးဆက်လင်းထက်
ကျောင်းတော်ကြီးရဲ့အလယ်မှာ/မိုးဆက်လင်းထက်။-ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၆၀ - စာ ၊ ၁၃.၅ × ၂၀.၅ စင်တီ။
(၁) ကျောင်းတော်ကြီးရဲ့အလယ်မှာ

BURMESE CLASSIC .com



*(တစ်ခါက ကျွန်တော်တို့မက်ခဲ့ကြတဲ့ အိပ်မက်လေးတွေထဲက အိပ်မက်လေးတစ်ခုပါ ၊ အိပ်မက်ဝိုးဝိုးလေးတစ်ပုဒ် ဖြစ်ပေမဲ့ တစ်စိတ်တစ်ဒေသ စိတ်ကျေနပ်မှုရရှင် ကျေနပ်ပါတယ်ဗျာ)*

www.burmeseclassic.com

www.burmeseclassic.com



(၁၉၉၉ ခုနှစ် (GTC)များ စတင်ဖွင့်လှစ်ချိန် အချိန်ကာလများကို အခြေခံပါသည်)

[redacted]



အခန်း (၁)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့မှာ အဆောင်ကို ရောက်သည်။ သံသေတ္တာတစ်လုံး၊ အိပ်ရာလိပ်တစ်လိပ်၊ စက္ကူပုံးတစ်လုံးနှင့် အိမ်ကထည့်ပေးလိုက်သော ငပိကြော်တစ်ဗူး၊ လက်ဖက်ဆီစိမ်တစ်ထုပ်၊ ပဲခြမ်းကြော် တစ်ဗူးတို့ ပါလာသည်။ အဆောင်ကိုရောက်တော့ အဆောင်မှူးက သူနေရမဲ့အခန်းကို လိုက်ပြသည်။ အခန်းက အတန်အသင့်ကျယ်ဝန်းသည်။ အခန်းထဲတွင် တစ်ယောက်အိပ်ခုတင်နှစ်လုံးနှင့် အလယ်တွင် စာကြည့်စားပွဲတစ်ခု ထားရှိသည်။

"အခန်းထဲမှာ မီးပူမသုံးရဘူး၊ ထမင်းပေါင်းအိုးမချက်ရဘူး၊ လျှပ်စစ်မီးဖို မသုံးရဘူး"





အဆောင်မှူးက ထိုသို့ပြောပြီး အခန်းထဲမှ တစ်ခုတည်းသော ပလပ်ပေါက်ဘေးက ခလုတ်ကို ဖွင့်ကာပိတ်ကာ လုပ်ပြသည်။

"မီးရော့မှန်လား"

သူက မျက်နှာကျက်ပေါ်မှာ ချိတ်ဆွဲထားသော အဖျားနှစ်ဖက် ခပ်ညိုညိုဖြစ်နေသည့် မီးချောင်းကိုကြည့်ကာ ပြောလိုက်သည်။ မီးချောင်းဘေးတစ်ဖက်တစ်ချက်တွင် ပင့်ကူအိမ်တို့က သနွေတည်လျက်ရှိ၏။

အဆောင်မှူးက တစ်ချက်ပြုံးလိုက်ပြီး. . .

"လာချင်လာတယ်၊ မလာချင်မလာဘူး"

သူပြောမှပဲ ရှင်းသွားတော့သည်။

"ဒါဆို မီးမလာတဲ့ရက်တွေဆို မီးစက်နှိုးပေးလား"

"နှိုးမပေးဘူး"

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"မီးစက်မရှိလို့"

အဆောင်မှူးက ခပ်ပြတ်ပြတ်သာပြောရင်း ထွက်သွားသည်။ သူခေါင်းကိုကုတ်ကာ ကျန်ခဲ့၏။ ထို့နောက် ခုတင်နှစ်လုံးကို တစ်ချက်ကြည့်လိုက်သည်။ ဘယ်ခုတင်မှာနေရင်ကောင်းမလဲ စဉ်းစားလိုက်၏။ ကိုယ်က အရင်ဦးအောင်ရောက်သူဆိုတော့ ကြိုက်ရာရွေးခွင့်ရှိသည်ဟု စိတ်ထဲမှာ မှတ်ယူလိုက်သည်။ ထို့ကြောင့် အဝင်အထွက် အပေါက်ဝနားက ပြတင်းပေါက်နားမှာ ထားထားသော တစ်လုံးကို ရွေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခုတင်အောက်ထဲသို့ သေတ္တာကို ထိုးသွင်းလိုက်သည်။ သေတ္တာဘေးတွင် စာအုပ်တွေထည့်ထားသော ကတ္တူစက္ကူပုံးကို ထားလိုက်၏။ ထို့နောက် အိပ်ရာလိပ်ကိုဖြေ၍ အိပ်ရာခင်းဖို့ လုပ်သည်။ ယခင်ကျောင်းသားဟောင်းများ ရိုက်သွားသော သံမှိုတွေရှိနေ၍ ခြင်ထောင်ထောင်ဖို့ အဆင်ပြေသွားသည်။ ခြင်ထောင်ထောင် အိပ်ရာခင်းပြီးနောက် အခန်းပြင်သို့ ထွက်လာခဲ့သည်။ အခန်းပြင်သို့ရောက်ပြီးနောက် အဆောင်ရဲ့အနောက်ဘက်က မီးဖိုချောင်ဆောင်လေးထဲသို့ ဝင်လာလိုက်သည်။ မီးဖိုချောင်ဆောင်လေးထဲတွင် အသားညိုညိုခပ်ပိန်ပိန် အဘွားကြီးတစ်ယောက်ကို တွေ့ရ၏။ ထိုအဘွားကြီးက သူဝင်လာတော့ တစ်ချက်လှမ်းကြည့်ပြီး...

"ဘာလိုလို့လဲသား"

"တံမြက်စည်းလေးများ ရနိုင်မလားလို့ပါ"

"ဟိုထောင့်မှာရှိတယ် ယူသွားလေ၊ ပြီးရင် ဒီမှာလာပြန်ထား ပေးနော်"

သူက ခေါင်းညိတ်ပြပြီး တံမြက်စည်းကို သွားယူလိုက်သည်။ ထို့နောက် မီးဖိုချောင်ထဲမှ ထွက်မလိုလုပ်ပြီးမှ...

"ဒါနဲ့ အမေကြီးကို ကျွန်တော်မေးရဦးမယ်"

အဘွားကြီးက...

"မေးလေ...သား ဘာလဲ"

[redacted]



"ထမင်းဘယ်မှာ ဝယ်စားရလဲဟင်"

"ထမင်းလား...ထမင်းကတော့ အမေကြီးဆီမှာလည်း စားလို့ရတယ်၊ ဒါမှမဟုတ် မစားချင်သပဆိုရင် ကျောင်းထိပ်ကဆိုင်တွေမှာလည်း သွားဝယ်စားလို့ရတယ်"

"ဪ...ဒါနဲ့ ထမင်းလခရော ပေးစားလို့ရလား"

အဘွားကြီးက ခေါင်းညိတ်ပြပြီး...

"ရတယ်လေ...ဒီကလူတွေ အမေကြီးဆီမှာပဲ စားကြတာပဲ၊ တချို့ကတော့ လက်လီဝယ်စားတယ်"

"ဒါဆို ကျွန်တော်လည်း ဒီမှာပဲ ဝယ်စားလိုက်တော့မယ်"

"အေး...အေး...သဘော၊ သဘော"

ထို့နောက်-သူ အခန်းထဲသို့ ပြန်လာလိုက်သည်။ အခန်းထဲရောက်တော့ အခန်းသန့်ရှင်းရေးလုပ်ပြီး ရေမိုးချိုးဖို့ စဉ်းစားလိုက်သည်။ ထို့ကြောင့် တံမြက်စည်းကို သွားထားလိုက်ကာ ရေခွက်နဲ့ ဆပ်ပြာကိုယူ၍ ဇုတ်တန်ရှိရာသို့ ထွက်လာလိုက်ပါတော့သည်။

ဇုတ်တန်၌ သူ့အထက်အရင် ရောက်နှင့်နေသောကျောင်းသားတစ်ယောက်ကို တွေ့ရ၏။ ဒီအဆောင်သို့ သူရောက်ချိန်မှစ၍ ဒီနေ့အဖို့ ပထမဆုံးစတွေ့ရသော ကျောင်းသားဖြစ်၏။ ထိုကျောင်းသားက သူ့ကိုကြည့်ကာ ပြုံးပြသည်။ သူကလည်း ပြန်ပြုံးပြလိုက်၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"အခုမှရောက်တာထင်တယ်"

ထိုကျောင်းသားက သူ့ကိုစကာ စကားပြောသည်။ သူက. .

"ဟုတ်တယ်၊ နေ့လယ်ကမှရောက်တာ၊ ဒါနဲ့ ခင်ဗျားက ဒီအဆောင်မှာနေတာ ကြာပြီလား"

ထိုကျောင်းသားက ပြုံးပြလိုက်ရင်း. . .

"ကျွန်တော်က ဒီမှာနေတာ ဒီနှစ်နဲ့ဆို ခြောက်နှစ်ရှိပြီဗျ"

"ဗျာ"

ထိုကျောင်းသားစကားကြောင့် သူအံ့သြကာသွားသည်။ ခြောက်နှစ်ဆိုသော အတိုင်းအတာသည် (GTC) မှာမရှိပေ။ ပထမ နှစ်မှစ၍ BE ရသည်အထိ (နောက်ဆုံးနှစ်အထိ)တက်လျှက်ပင် ငါးနှစ်ပဲရှိသည်။ ဒီလူက ဘာလို့ တစ်နှစ်ပိုရတာလဲဟု တွေးကာ အံ့သြသွားခြင်းဖြစ်၏၏။ ဒါမှမဟုတ် ကြားက တစ်နှစ်နှစ်မှာများ ကျခဲ့လို့လားဟု စဉ်းစားကြည့်၏။ ဒါလည်းမဖြစ်နိုင်၊ သူတို့တက်သည့် စနစ်သစ် (GTC) သည် ဒီနှစ်မှစ၍ အကောင်အထည်ဖော်ခြင်း ဖြစ်သည်။ ယခင်က (GTI) နှင့် (YIT) သာ ရှိသည်။ ယခုတော့ ထိုနှစ်စုရောမွှေကာ (GTC) ဆိုပြီး လုပ်လိုက်ခြင်းဖြစ်၏။

ထိုကျောင်းသားတ သူတွေဝေသွားပုံကိုကြည့်၍ သဘော ပေါက်စွာပြုံးလိုက်ကာ. . .

"ဒီလိုဗျ ကျွန်တော်က စနစ်ဟောင်း GTI ကျောင်းသားဗျ၊ GTI က ခင်ဗျားသိတဲ့အတိုင်း သုံးနှစ်တက်ရတယ်လေ၊ အဲဒီသုံးနှစ်မှာ ကျွန်တော်က တစ်နှစ်ကို တစ်ခါပုံမှန်ကျပြီး တစ်တန်းကို နှစ်နှစ်နေလိုက်ရတော့ ခြောက်နှစ်ဖြစ်သွားတာပေါ့ဗျ၊ ဟား. . . ဟား. . . ဟား"





"ဩော်"

သူလည်း အခုမှ သဘောပေါက်လိုက်မိပါသည်။ ဒီလိုပုဂ္ဂိုလ်မျိုး ရှိတော့ရှိတယ် ရှားတယ်ဟု ရင်ထဲမှာ ကောက်ချက်ချလိုက်မိ၏။ စနစ်ဟောင်းသာမက စနစ်သစ်ကိုပါမှီသော ရှေ့မှီနောက်မှီ ပုဂ္ဂိုလ်ထူးဖြစ်၏။

"ဒါဆို ခင်ဗျားက အခု GTI Final ပေါ့"

"မဟုတ်ဘူး၊ GTC 2nd year"

"ဟင်. . . ဘယ်လိုဖြစ်လို့လဲ"

သူလည်း ပညာရေးစနစ်တွေကို လိုက်မမှီတော့၍ ယကလယ်ရိုက်သွားသည်။ ထိုလူကပင် ခပ်အေးအေး ဆက်ပြောပါသည်။

"ခင်ဗျားတို့ GTC 2nd year က ကျွန်တော်တို့ GTI နောက်ဆုံးနှစ်နဲ့ တူတယ်လေဗျာ၊ အရင်က သုံးနှစ်ကို နှစ်နှစ်ချုံ့ပြီး GTI level ပေးလိုက်တာလေ၊ အဲဒါကြောင့် ကျုပ်က အခုစနစ်သစ် မှာ 2nd year ဗျ"

"ဩော်"

သဘောပေါက်သွားလေပြီ။ စနစ်ဟောင်းမှ စနစ်သစ် အကူးအပြောင်းတွင် ဒါမျိုးလေးတွေ ဖြစ်တတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

သူက မေးလိုက်ခြင်းပါ။ ထိုလူက. . .

"ခင်တဲ့မင်တဲ့လူတွေက ကြွယ်လေးလို့ခေါ်တယ်၊ သိပ်ကြည်ညိုလေးစားလွန်းတဲ့ သူတွေကတော့ ကျုပ်ကို ဆရာကြွယ်လို့ခေါ်တယ်၊ အဲဒီနှစ်မျိုးထဲက ခင်ဗျားကြိုက်တာခေါ်စေဗျာ"

သူတစ်ချက်ရယ်ပစ်လိုက်သည်။ ဒီလူ့ပုံကြည့်ရတာ ပျော်ပျော်ပါးပါးနှင့် ဘဝကို ခပ်အေးအေးပင် ဖြတ်သန်းနေတာ သိသာလှ၏။ မျက်နှာလည်း တော်တော်ပြောင်ပုံရသည်။ သူက. . .

"ကျွန်တော့်ကို ကြွယ်လေးလို့ပဲ ခေါ်ခွင့်ပြုပါဗျာ"

"ကောင်းပြီဗျာ. . . ခေါ်စေ၊ ဒါနဲ့ ခင်ဗျားနာမည်ကရော"

"သူငယ်ချင်းတွေကတော့ ဆရာလို့ခေါ်တယ်၊ သိပ်ကြည်ညို လေးစားတဲ့လူတွေကတော့ ကျွန်တော့်ကို ဆရာကြီးလို့ခေါ်တယ်ဗျ"

ရုတ်တရက်ဆိုတော့ ထိုလူ တစ်ချက်ကြောင်သွားပြီးမှ. . .

"ဟား. . . ဟား ခင်ဗျားတော်တော်နောက်တဲ့လူပဲဗျ"

ဟု ပြန်ပြောလေသည်။ သူကလည်း ထိုတော့

[redacted]



မှ. . .

"ကျွန်တော့်နာမည် ညိုသွေးပါ၊ နေတာက အခန်း ၁၀ မှာ၊ ခင်ဗျားကရော"

"ဟိုဘက်ဆောင်အပေါ်ထပ် ဟိုဘက်ခြမ်းအစွန်ဆုံးအခန်းပဲ၊ ဒီမှာတော့ ကြွယ်လေးဆို မသိတဲ့လူမရှိဘူး"

"ယုံပါတယ် ကိုယ့်လူရယ်"

ထို့နောက် သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြပါသည်။ သူတို့ ရယ်သံများသည် အဆောင်ပတ်ဝန်းကျင်သို့ ပြန့်လွင့်သွားသည်ဟု ထင်ရ၏။ သူ့အတွက်တော့ ထိုရယ်သံသည် နည်းပညာကောလိပ် (သံလျင်)သို့ ပထမဆုံး စတင်ခြေချရန်အတွက် အားယူလိုက်သော ခွန်အားတစ်ခုလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မည်။

သူတို့နေသော အဆောင်ဖြစ်သည့် 'မြတ်သုခ' သည် ယခုအချိန်ထိတော့ ကျောင်းသားနှစ်ယောက်တည်းနှင့် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေပါသေးသည်။ (ဒါမှမဟုတ်) ထိုးမဲ့ဆင် နောက်တစ်လှမ်းဆုတ်၍ အားယူနေသလားမသိ။

××××

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နည်းပညာကောလိပ် (သံလျင်) ဆိုသည့် ဆိုင်းဘုတ်ကြီးက သူ့ကို ဆီးကြိုနေသည်။ ဆိုင်းဘုတ်အဝင်တွင် ကွန်ကရစ်လမ်းမကြီး ကဖြောင့်ဖြူးလျက်တွေ့ရ၏။ ကွန်ကရစ်လမ်း၏ ညာဘက်တွင် သီဟိုဠ်ပင်တွေ အုံ့အုံ့ဆိုင်းဆိုင်းနှင့် တည်ရှိနေသော မြေနီလမ်းကလေးရှိသည်။ ထိုမြေနီလမ်းကလေးဆီမှလည်း ကျောင်းထဲသို့ ဝင်ရောက်သွားလို့ရ၏။ သူကတော့ ကွန်ကရစ်လမ်းအတိုင်းပဲ ဝင်ရောက်ဖို့ ဆုံးဖြတ်လိုက်၏။ ကွန်ကရစ်လမ်း၏ အဆုံးတွင် နှစ်ထပ်ကျောင်းဆောင်ကြီးတစ်ခုကို လှမ်းမြင်နေရသည်။ ဘာမှန်းတော့ သူမသိသေး။





ကျောင်းဝင်းထဲသို့ ပထမဆုံး ခြေလှမ်းကို စဝင်မိသည်။ အတွေးထဲမှာ အမေရိကတိုက်ပေါ် ပထမဆုံး ခြေလှမ်းစချခဲ့သည့် ကိုလံဘတ်(စ်)ကို သတိရသည်။ ကိုလံဘတ်(စ်)ကြီးကတော့ အမေရိကတိုက်ပေါ် ခြေလှမ်းစချမိချိန်တွင် ဘယ်လိုခံစားရလဲမသိ။ သူကတော့ နယ်မြေသစ်တစ်ခုအတွက် ရင်ထဲမှာ ဖျင်းခနဲ ဖြစ်ကာသွား၏။

ကွန်ကရစ်လမ်းအတိုင်း သူလျှောက်လာခဲ့သည်။ ကျောင်းထိပ်မှစ၍ လှမ်းမြင်နေရသော နှစ်ထပ်ဆောင်အထိ လမ်းလျှောက်ချိန်သည် အနည်းဆုံး ဆယ်မိနစ် ဆယ့်ငါးမိနစ်သာ ကြာမည်ဖြစ် သည်။ သို့သော် သူသည် ထိုလမ်းခရီးကို အနည်းဆုံး နှစ်နှစ်ခန့် လျှောက်ရလိမ့်ဦးမည်။ ခေတ်အဆက်ဆက် ရင်ခုန်ခြင်း၊ လွမ်းဆွတ်ခြင်း၊ ပူဆွေးခြင်း၊ ပျော်ရွှင်ခြင်း စသည်တို့နှင့် ပြည့်နှက်နေခဲ့သော ထိုလမ်းကလေးသည် သူ့အား အလျားလိုက်မှောက်လျက် ဆီးကြိုနေပါသည်။

ဝင်းထဲရောက်တော့ ဆက်လက်ဝင်ရောက်ရန် မဝံ့မရဲ ဖြစ်နေသည်။ မိတ်ဆွေသူငယ်ချင်းလည်းမရှိ၊ အပေါင်းအသင်းလည်း မရှိဆိုတော့ တစ်ယောက်တည်း စိတ်အားငယ်မိနေတာလည်းပါမည်။ ပတ်ဝန်းကျင်ကို ရှိန်နေတာလည်းပါ၏။ ထို့ကြောင့် ခြေလှမ်းများ လေးလံနေသည်။ မည်သူကမှ ဆွဲမထား။ အပြင်လူမဝင်ရဆိုသည့် ဆိုင်းဘုတ်လည်း ချိတ်ဆွဲမထားဘဲနဲ့ သူ့ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လေးလံနေ၏။ သူ့ဘေးမှာတော့ ကျောင်းသားကျောင်းသူတွေ ဥဒဟို ဝင်ထွက်သွားလာနေကြပါသည်။ ထို့ကြောင့် တိုယ့်စိတ်ကိုယ်မဲတင်းကာ ကျောင်းဝင်းထဲသို့ ဖြည်းဖြည်းချင်း လှမ်းဝင်လိုက်ပါတော့၏။

အမှန်စင်စစ် မိခင်ကျောင်းတော်ကြီးသည် မိမိ၏သားငယ်အား နွေးထွေးပျူငှာစွာ တံခါးဖွင့်ကြိုဆိုပြီး ဖြစ်ပါတော့သည်။

×××××





ညို့သွေးသည် နယ်မှဖြစ်သည်။ နယ်ဟုဆိုရာ၌ တစ်မြို့တစ်ရွာထဲ အတည်တကျ ရှိနေခြင်းမျိုးမဟုတ်ပေ။ ညို့သွေးတို့အဖေက ဝန်ထမ်း၊ ဝန်ထမ်းဆိုတော့ ထုံးစံအတိုင်း နယ်တကာလှည့်၍ ကျရာမြို့မှာ တာဝန်ထမ်းဆောင်ရသည်။ ထို့ကြောင့် ညို့သွေးလည်း ထုံးစံအတိုင်း တစ်နှယ်ငင်တစ်စင်ပါ ဖြစ်ကာ ဖခင်တာဝန်ထမ်းဆောင်ရာ နယ်တကာလှည့်၍ လိုက်နေရ၏။ ညို့သွေးမှာ မိခင်မရှိတော့။ ညို့သွေး ရှစ်တန်းအောင်တော့ တင်ဆာရောဂါနှင့် ဆုံးကာသွား၏။ ညို့သွေး ဆယ်တန်းအောင်တော့ ညို့သွေးတို့အဖေက ရန်ကုန်မှာတာဝန်ကျ၍ သားအဖနှစ်ယောက် ရန်ကုန်ပြောင်းလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်တော့ ကြီးတော်ကြီးအိမ်မှာနေ၍ GTC တက်ဖို့ ဖောင်တင်လိုက်သည်။ GTC တွေ ဖွင့်ကာနီး သူ့ဖခင်က လှိုင်ကော်ဖက်သို့ တစ်ဆင့်မြင့်တာဝန်နှင့် ပြောင်းသွားရ၍ ညီလေးတစ်ယောက်တည်းသာ ကျန်ခဲ့၏။

ဒီတစ်ခါတော့ ညီလေး လိုက်မပြောင်းတော့။ သန်လျင်မှာ အဆောင်နေရင်း ကျောင်းတက်ဖို့လုပ်သည်။ ကျောင်းနားမှာလည်း အဆောင်တွေကရှိနေ၍ ညီလေးအတွက် အဆင်ပြေသွားလေတော့သည်။ ဤသို့ဖြင့် ညီလေးသည် တစ်ခေါက်မှမရောက်ဘူးသော သန်လျင်ကို ရောက်လာရပြီး တစ်ခေါက်မှ မကြုံဖူးသေးသော တက္ကသိုလ်ဟူသော ကျောင်းတော်ကြီးနှင့် ယခုမှ နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရကာ အရာရာ အသစ်အဆန်းဖြစ်ပြီး ရင်ခုန်နေရပါတော့၏။

ထို့ကြောင့် စမ်းတဝါးဝါးနှင့် တောင်ကြည့်မြောက်ကြည့် လျှောက်လာရင်း ကျောင်းထိပ်မှ လှမ်းမြင်နေရသည့် နှစ်ထပ်ဆောင်ကြီးရှေ့အရောက်တွင် ခဏရပ်လိုက်သည်။ သူတက်ရမည့်အခန်းနှင့် နေရာဒေသကို စုံစမ်းရန် ကျောင်းသားရေးရာကို သွားဖို့ရှိသည်။ ကျောင်းသားရေးရာဆိုတာလည်း ဘယ်နားမှန်း သူမသိ။ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ဘယ်ဘက်မှာ နှစ်ထပ်ဆောင်နှင့် ညာဘက်မှာ ကျောင်းဆောင်၊ ကျောင်းခန်းများကို တွေ့ရ၏။ ရှေ့ဆက်သွားလျှင် ခပ်လှမ်းလှမ်း၌ ကန်တင်းတွေ စုဆက်ထားသော စားသောက်ဆိုင်တန်းကို တွေ့ရသည်။

"ဒီမှာခင်ဗျ၊ ဒီမှာ"

သူ့ရှေ့မှာ ငိုက်စိုက် ငိုက်စိုက်နှင့် လျှောက်လာသော ကျောင်းသားတစ်ယောက်ကို တွေ့ရ၍ လှမ်းခေါ်လိုက်သည်။ ထိုကျောင်းသားက သူခေါ်တာကို ကြားဟန်မတူ ရှေ့ဆက်လျှောက်သွားဟန်ပြင်၍ ဒုတိယအကြိမ် ထပ်ခေါ်မိ၏။ ထိုတော့မှ ထိုကျောင်းသားက လှည့်ကြည့်ကာ. . .

"ဘာလဲဗျ. . . ဘာဖြစ်လို့လဲ"

"ကျောင်းသားရေးရာကို ဘယ်ကသွားလဲသိချင်လို့ပါ"

သူ့စကားဆုံးတော့ ထိုကျောင်းသားက ခေါင်းကုတ်လိုက်ရင်း

"ကျွန်တော်လည်း အဲဒီကိုသွားမလို့ပဲ၊ ဟိုဘက်က ပြောလိုက်တာတော့ ဒီအဆောင်တွေဘက်က သွားရတယ်လို့ပြောတယ်၊ ခင်ဗျားလည်း အဲဒီသွားမယ်ဆိုလာလေ"

ညီလေး ပျော်ကာသွား၏။ တစ်ယောက်တည်း ယောင်တောင်တောင်ဖြစ်နေတဲ့ အတူတူ သူ့လိုလူမျိုး တစ်ယောက်နှင့် အဖော် ရသွား၍ ပျော်ကာသွားလေသည်။ ထို့ကြောင့် ထိုလူနဲ့ပင် လိုက်သွားလိုက်ပါတော့၏။ နှစ်ယောက်သား အဆောင်ဆောင်အခန်းခန်းတွေကိုဖြတ်ရင်း ဟိုမေးဒီမေးနှင့် ကျောင်းသားရေးရာကို ရောက်သွားသည်။ ရေးရာမှာ ဆောင်ရွက်စရာရှိဟာတွေလုပ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တက်ရမဲ့ အခန်းနံပါတ်ရ၏၊ လခသွင်းစရာရှိသည့် ပိုက်ဆံများလည်း သွင်းရသည်။ ထို့နောက် သူတို့ နှစ်ယောက်သည် ကျောင်းသားရေးရာမှ ပြန်ထွက်လာခဲ့ပါတော့သည်။

"ခင်ဗျားက ဘယ်အခန်းမှာ တက်ရလဲဗျ"

သူနဲ့အတူလာသည့် ကျောင်းသားက သူ့ကိုမေးလိုက်၏။

"C-5 လို့ပြောတာပဲ၊ တက်ရမဲ့အခန်းတွေနဲ့ အချိန်စာရင်းကို ရုံးခန်းဘေးမှာကပ်ထားတယ်တဲ့၊ အဲဒါ သွားကူးရဦးမယ်"

"ကျွန်တော်လည်း တစ်ခါတည်းလိုက်ကူးမယ်ဗျာ"

"ဒါနဲ့ ခင်ဗျားနဲ့ကျွန်တော်က မေဂျာတူလို့လား"

"အဲဒီမှာပဲ မေဂျာအကုန်လုံး ကပ်ထားတယ်လို့ ပြောတာပဲ"

"ဩော်"

"ဒါနဲ့ ခင်ဗျားက (MT) လား"

သူက ခေါင်းညိတ်ပြလိုက်၍. . .

"ဟုတ်တယ်၊ ခင်ဗျားကရော"

"ကျွန်တော်က Civil "

"ကောင်းပါတယ်၊ ကျွန်တော်က Civil ဝါသနာပါတာ အမှတ်မမီလို့"

ထိုလူက ဘာမှမပြော ပြုံးပဲပြုံးနေလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက် စကားတပြောပြောနှင့်





ရုံးခန်းဘက် ရောက်လာကြ၏။ ကျောင်းရုံးခန်းဘေးတွင် ဘုတ်ပြားတစ်ခုကို ထောင်ကာထားပြီး စာရွက်ဖြူလေးတွေ အများကြီး တန်းစီကာကပ်ထား၏။ ထိုအရှေ့တွင် ကျောင်းသား၊ ကျောင်းသူတို့ ပြည့်နှက်ကာနေသည်။

"ဒါပဲဖြစ်မယ်၊ လာ သွားရအောင်"

သူတို့ ထိုအရှေ့ရောက်တော့ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကပ်ထားသော အခန်းစာရင်း စာရွက်များကိုတွေ့ရသည်။ ကိုယ့်ရဲ့မေဂျာအလိုက် အချိန်စာရင်းကို ကူးယူလိုက်ပြီး ထိုနေရာမှ ထွက်ခဲ့လိုက်ပါတော့၏။

"ကျွန်တော်တို့ ကန်တင်းခဏထိုင်ရအောင်ဗျာ"

ထိုကျောင်းသားက အဆိုပြုသည်။ သူကလည်း ခေါင်းညိတ်ပြ၍. . .

"ကောင်းသားပဲ သွားလေ"ဟု ပြောလိုက်လေသည်။

ထို့နောက် ခုနလာခဲ့သည့် လမ်းအတိုင်း နှစ်ထပ်ဆောင်ကြီး ရှေ့မှဖြတ်၍ ကန်တင်းတွေဘက် ထွက်ခဲ့လိုက်ပါတော့သည်။ သူက နှစ်ထပ်ဆောင်ကြီးကို ကြည့်၍. . .

"ဒါကြီးက ဘာကြီးလဲမသိဘူး"

သူ့ဘေးနားက ကျောင်းသားက တစ်ချက်လှည့်ကြည့်လိုက်ကာ. . .

"Drawing ဆွဲတဲ့အဆောင်လို့ ပြောတာပဲ၊ အတိအကျတော့ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဆောင်အပေါ်ထပ် လေသာဆောင်လိုနေရာမျိုးတွင် ကျောင်းသားကျောင်းသူတွေ တော်တော်များများကို ကိုယ့်အုပ်စုနဲ့ကိုယ် ငုတ်တုတ်ထိုင်နေကြတာ တွေ့ရသည်။ တချို့က T-square ခေါ် ပုံဆွဲပေတံများ ကိုင်ထားကြ၏။ အဲဒီတော့မှ သူလည်း T-square အပါအဝင် ပုံဆွဲကိရိယာများ ဝယ်ရဦးမှာပါလားဟု သတိရမိလိုက်ပါတော့၏။

×××××



"ကျွန်တော့်နာမည် ဇေယျလို့ခေါ်တယ်၊ ခင်ဗျား ကရော ဘယ်လိုခေါ်လဲ"

"ကျွန်တော်က ညိုသွေး"

"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားက ရန်ကုန်ကပဲလား"

"ဆိုပါတော့. . . ဒါပေမဲ့ အဆောင်မှာနေတယ်"

"ဪ. . . ဟုတ်လား၊ ကျုပ်က ကျောက်တန်းက ဗျ"

"ဟုတ်လား. . . ဒါဆို နီးနီးလေးပဲ"

ဇေယျက ခေါင်းညိတ်ပြသည်။ ညိုသွေးက တစ်ချက်စဉ်းစားလိုက်ဟန် လုပ်လိုက်ပြီးမှ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျား ဒီကျောင်းထဲရောက်ဖူးမှာပေါ့"

"Evening မှာ တက်နေတဲ့ ကျွန်တော့်ညီဝမ်းကွဲဆီတော့ တစ်ခေါက်နှစ်ခေါက် ရောက်ဖူးတယ်၊ အရင်က ကိုယ်နဲ့လည်း ဘာမှမဆိုင်တော့ ဘာသိဘာသာပါပဲဗျ"

ညိုသွေးက ပြုံးလိုက်သည်။ ထို့နောက် ချထားသော လက်ဖက်ရည်ခွက်များကို တစ်ငုံစီ သောက်လိုက်ကြ၏။ ထို့နောက် စီးကရက်တစ်ယောက်တစ်လိပ် ကောက်ကိုင်လိုက်ကြ၏။ ညိုသွေးက တိုင်မှာချိတ်ထားသော မီးခြစ်ထံသွားပြီး မီးထည့်မလို့အလုပ် ဇေယျက လက်ကာပြလိုက်ကာ. . .

"နေ. . . နေ ဒီမှာပါတယ်"

ဟုပြော၍ သူ့အိတ်ကပ်ထဲက ဂက်စ်မီးခြစ်ကို ထုတ်ကာပေးသည်။ ညိုသွေးက မီးညှိလိုက်ပြီးမှ မီးခြစ်ကိုပြန်ပေးကာ

"ခင်ဗျားက ဆေးလိပ်ကြိုက်ပုံရတယ်"

"ဘာဖြစ်လို့လဲဗျ"

"ဩော်. . . မီးခြစ်ပါ အမြဲဆောင်ထားတယ်ဆိုတော့ ဆေးလိပ်ကြိုက်သူတွေရဲ့ ပုံစံပဲဗျ"

ဇေယျက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပါ။ ခပ်ငြိမ် ငြိမ်လေးသာ နေနေလိုက်သည်။ ညိုသွေးလည်း အလိုက်တသိပင် ဘာမှဆက်မမေးတော့ဘဲ ဆေးလိပ်ကိုသာ ဖိမ်ဆွဲ၍ သောက်နေ လိုက်ပါတော့၏။

ခဏကြာတော့ ပိုက်ဆံရှင်းဖို့လုပ်သည်။ ညိုသွေး



က သူရှင်းမယ်ဟု ပြောလိုက်သော်လည်း ဇေယျတအတင်းရှင်းကာသွား၏။

"ကျွန်တော်က ဒီနယ်သားပါဗျာ၊ အိမ်ရှင်လိုဖြစ်နေတော့ ကျွန်တော်ပဲ ရှင်းပါရစေ"

ညိုသွေးက ဇေယျကို ပြုံး၍ကြည့်လိုက်ပြီး. . .

"ဒီလိုမှန်းသိရင် ပေါက်စီပါစားပါတယ်ဗျာ"

ညိုသွေးစကားဆုံးတော့ ဇေယျက အားရပါးရ ရယ်လိုက်၏။ ထို့နောက် သူ့ကိုနှုတ်ဆက်၍ ဇေယျ ထွက်ကာသွားတော့၏။ ညိုသွေးလည်း ဇေယျကို နှုတ်ဆက်ရင်း တန်တင်းရှေ့က မြေနီလမ်းကလေးအတိုင်း ဘယ်ဘက်ကို လှမ်းလျှောက်ကာ ထွက်ခဲ့ပါတော့သည်။ မြေနီလမ်းကလေး၏ဘေးတွင် စိန်ပန်းပင်များနှင့် ကုံကော်ပင်တချို့ကို တွေ့ရလေသည်။ တစ်ချက်တစ်ချက် တိုက်ခတ်လာသော လေက အေးမြကြည်လင်လှ၏။

××××

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ပြီး တစ်ပတ်လောက်ကြာသည်အထိ သူ့အခန်းဖော်က ရောက်မလာသေး။ နယ်ဘက်သို့ ခရီးလွန်နေကြောင်း အဆောင်မှူးပြောလို့ သိလိုက်ရသည်။ ထို့ကြောင့် တစ်ခန်းလုံး သူတစ်ယောက်တည်းနှင့် ထင်တိုင်းကြဲနေနိုင်၏။ တစ်ခါတစ်ရံ ပါလာသော ကက်ဆက်ကလေးကို တစ်ညလုံးဖွင့်၍ အိပ်၏။ တစ်ခါတစ်ရံတော့ ထမင်းဟင်းကို မီးဖိုဆောင်မှာ မစားချင်၍ အခန်းထဲသို့ ယူစားသည်။ အခန်းဖော်ရှိခဲ့ရင်တော့ သူ ဒါမျိုးလုပ်ချင်မှ လုပ်လို့ရတော့မည်ဟု တွေးမိလိုက်၏။ တချို့တွေက ညဘက်ဆူညံနေလျှင် အိပ်လို့မရတာရှိသည်။ တချို့က ညဘက်မီးလင်းနေလျှင် အိပ်လို့မရ၊ တချို့ကြ



ပြန်တော့ မီးရောင်လေးမှ မြင်မနေရရင် အိပ်လို့မပျော်သော လူတွေရှိ၏။ တချို့က ဟောက်တတ်သည်။ တချို့က ငြိမ်ငြိမ်စိမ်စိမ် မအိပ်ဘဲ အအိပ်ကြမ်းသူတွေရှိ၏။ လူအမျိုးမျိုး စိတ်အထွေထွေနှင့် တစ်ယောက်တစ်ပုံစံစီ ဖြစ်ကြသောကြောင့် ဒီလိုအခြေအနေမျိုးတွင် တစ်ဦးနဲ့တစ်ဦး ညှိညှိနှိုင်းနှိုင်းနေကြလျှင်သာ အကောင်းဆုံးဖြစ်၏။ ဒါမှမဟုတ် ကိုယ်နဲ့သင့်တော်ရာ လူချင်းတွဲ၍ တစ်ခန်းထဲ နေလိုက်လျှင် အဆင်အပြေဆုံး။

သူတို့အဆောင်မှာတော့ ထိုကိစ္စမျိုးကို အချင်းချင်းညှိနှိုင်း၍ ဖြေရှင်းလိုက်ကြသည်။ များသောအားဖြင့် အကြောင်းသိ သူငယ်ချင်းအချင်းချင်းစု၍ နှစ်ယောက်တစ်ခန်းစီ တွဲနေကြ၏။ ထို့ကြောင့် ပြဿနာကြီးကြီးမားမားမရှိ။ ဒါမှမဟုတ် ဘယ်သူနဲ့မှ မတွဲချင်လျှင် တစ်ယောက်တည်း နှစ်ယောက်စာပေး၍ တစ်ခန်းထဲ သီးသန့်နေလိုက်ရုံသာ။

ညိုသွေးကတော့ စရောက်ကတည်းကတစ်ယောက်တည်း ဖြစ်သောကြောင့် သူ့အခန်းဖော်ကိုသာ သဘောကောင်းပါစေဟု ဆုတောင်းနေရသည်။ ထိုသို့တွေးနေရင်းမှ အပေါ်ထပ်အခန်းများဆီမှ 'ဟေး'ခနဲအော်သံကြားရ၍ အတွေးစပြတ်သွားမိ၏။ မီးပြတ်သွား၍ဖြစ်သည်။ ခဏနေတော့ လှေကားအတိုင်း တဝုန်းဝုန်းဆင်းလာသော ခြေသံများကို ကြားရသည်။ တချို့ကလည်း အဆောင်မှူးနေထိုင်ရာ အခန်းဘက်ဆီသို့ လှမ်းအော်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဆောင်မှူးရေ မီးဘယ်တော့ပြန်လာမှာလဲဗျို့"

"မသိဘူးလေကွာ. . . ငါက လျှပ်စစ်ဌာနကမှ မဟုတ်တာ"

"ဒါဆိုလည်း အဆောင်ပိုင်ရှင်ကို မီးစက်မြန်မြန် ဝယ်ခိုင်းဗျာ"

"အေးပါကွာ. . . အေးပါ"

အဆောင်မှူးက အခန်းထဲမှ လေသံအေးအေးနှင့် ပြန်ပြော၏။

"မင်းတို့ကလည်း အဆောင်မှူးက မီးပျက်လေ ကြိုက်လေပဲကွ"

အပေါ်ထပ်မှ ကျောင်းသားတစ်ယောက်အသံ ထွက်လာသည်။ အောက်ထပ်က ကျောင်းသားက 'ဘာဖြစ်လို့လဲ'ဟု ပြန်မေး၏။ အပေါ်က ကျောင်းသားက. . .

"ခွက်ပုန်းလေကွာ၊ ခွက်ပုန်း၊ သူက မီးပြတ်မှ မြလေးမသိအောင် ခွက်ပုန်းပြေးပြေးချတာကွ"

ရယ်သံတွေ ဆူညံစွာထွက်လာ၏။ အဆောင်မှူးက ခွေးကောင်တွေဟု လှမ်းဆဲလိုက်သံ ကြားလိုက်ရသည်။ အဆောင်မှူးကို နောက်သွားသော ကျောင်းသားများမှာ ကျောင်းသားဟောင်းများ ဖြစ်ကြ၏။ အများစုက ဒီအဆောင်မှာပင် အရင်နှစ်တွေကတည်းက နေထိုင်လာကြသူများ ဖြစ်ကြလေသည်။

ခဏကြာတော့ ထိုအုပ်စု ဂစ်တာတဒေါင်ဒေါင်နှင့် အဆောင်ဝင်းထဲမှ ထွက်သွားကြပါတော့သည်။ အဆောင်



သည် ခဏချင်းပင် တိတ်ဆိတ်ငြိမ်သက်ကာ သွားလေသည်။ ညီသွေးက အခန်းထဲမှာ ငုတ်တုတ်ထိုင်ရင်း ခြင်တွေလိုက်ရိုက်နေလိုက်သည်။ သူ့မှာ အဖော်အပေါင်းလည်းမရှိ၊ သူငယ်ချင်းလည်းမရှိ၍ ဘယ်သွားလို့ သွားရမှန်းလည်းမသိ။ ဘယ်သူနဲ့ စကားသွားပြောလို့ ပြောရမှန်းလည်း မသိပေ။

ထိုအချိန်တွင် အခန်းရှေ့သို့ လူတစ်ယောက် ရောက်လာ၏။ အခန်းထဲတွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်ကာ ခြင်ထိုင်ရိုက်နေသော သူ့ကို တစ်ချက် လှမ်းကြည့်၍. . .

"ညီသွေး. . . တစ်ယောက်တည်း ဘာထိုင်လုပ်နေတာလဲ"

ညီသွေးက သူ့ကိုလှမ်းမေးသောလူကို လှမ်းကြည့်လိုက်ကာ

"ဘာမှမလုပ်ပါဘူး ကိုကြွယ်လေးရယ်၊ ခြင်ကိုက်လို့ ခြင်ထိုင်ရိုက်နေတာ၊ ဒါနဲ့ ကိုကြွယ်လေးက ဘယ်သွားမလို့လဲ"

"မီးပြတ်နေလို့ ဆင်းလာတာဗျ၊ ခုနကောင်တွေ ဘယ်ကိုထွက်သွားတာ တွေ့လိုက်လဲ"

"ဘယ်သူတွေလဲ၊ အပေါ်ကဆင်းလာတဲ့ ကျောင်းသားတွေကို ပြောတာလား"

ကြွယ်လေးက ခေါင်းညိတ်ပြ၏။ ညီသွေးက. . .

"အပြင်ဘက်ထွက်သွားသံတော့ ကြားလိုက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတွေလည်း ပါသွားလေရဲ့။"

"ဒါဆို အပေါ်ဆောင်တွေဘက် ထွက်သွားတာဖြစ်မယ်၊ ညိုသွေးအားရင် လိုက်ခဲ့ပါလား"

"ဘယ်ကိုလဲ"

"အပေါ်ဆောင်တွေဘက် ဂစ်တာသွားတီးမယ်လေ"

"ကျွန်တော်မှ ဂစ်တာမတီးတတ်တာ"

"တီးတတ်စရာမလိုဘူး၊ ဆိုတတ်စရာလည်း မလိုဘူး၊ အသံသေး အသံကြောင်အော်တတ်ရင် ရပြီ"

ညိုသွေးက ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်သည်။ ထို့နောက်. . .

"ဒါဆိုလည်း လိုက်မယ်ဗျာ"

ထို့နောက် ကြွယ်လေးနဲ့သူ အခန်းရှေ့မှ ထွက်လာလိုက်၏။ အဆောင်မှမထွက်ခင် အုတ်ကန်နောက်မှ ကျွတ်ကျွတ်အိတ်တစ်လုံးကို ကြွယ်လေးက သွားဆွဲလာလေသည်။

"ဘာလဲဗျ"

ကြွယ်လေးက မျက်စိတစ်ချက် မှိတ်ပြကာ. . .

"ဒီလိုညမျိုးမှာ မရှိမဖြစ်လိုအပ်တဲ့ အရာလေဗျာ၊ ဘယ်လိုလဲ ချတတ်တယ်မဟုတ်လား"

သူ သဘောပေါက်စွာ ပြုံးလိုက်ပါသည်။ ပြီးနောက် ရင်ထဲမှာ နွေးခနဲ။ ကြွယ်လေးနဲ့တော့ ပေါင်းလို့ရလေပြီ။

xxxxx





မနက်ဆို ရှစ်နာရီကျောင်းတက်ရသည်။ သူနိုးတော့ ခုနစ်နာရီပင်ခွဲနေပြီဖြစ်၏။ ညက မိန်းကလေး အဆောင်ရှေ့မှာ ဂစ်တာတီးလိုက်တာ တစ်နာရီမှ အဆောင်ပြန်ရောက်၏။ ညကလည်း ဆိုကောင်း၊ တီးကောင်းအောင် နည်းနည်းပါးပါး ဆိုချလိုက်တာ လစ်မစ်နည်းနည်းများသွား၏။ ကြွယ်လေးနဲ့ သူနဲ့ နှစ်ယောက်ကို တစ်လုံးလောက်ကျသွားသည်။ ကြွယ်လေးတော့မသိ သူတော့ ခေါင်းတွေ နည်းနည်းကိုက်ချင်နေသည်။

ထို့ကြောင့် မျက်နှာသစ်၊ သွားတိုက်ပြီးနောက် မီးဖိုဆောင်ထဲဝင်ပြီး ဘလက်ကော်ဖီတစ်ခွက်ကို သိပ်ပရာ



www.burmeseclassic.com

သီး ခပ်ကြိုးကြိုးညှစ်ပြီး သောက်လိုက်၏။ ထို့နောက် ကျောင်းသို့ထွက်လာခဲ့ပါတော့သည်။

အဆောင်နဲ့ ကျောင်းထိပ်က ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရသည်။ ကျောင်းထဲရောက်တော့ B ဆောင်တွေဘက်မှ ဖြတ်ပြီး သူ့အခန်းရှိရာ C ဆောင်တွေဘက်သို့ လျှောက်လာလိုက်သည်။ ကျောင်းရောက်တာလည်း တစ်ပတ်လောက်ကြာပြီဆိုတော့ စရောက်ကာစကလို စမ်းတဝါးဝါးမဟုတ်တော့။ လမ်းတွေဘာတွေ ကျွမ်းနေပြီ။ ဘယ်လမ်းကြားကဖြတ်ထွက်ရင် ဘယ်ရောက်သည်ဆိုတာကို သိနေလေပြီ။

ထို့ကြောင့် ဘီဆောင်တွေ အနောက်ဘက် အုတ်ကန်တွေနှင့် အိမ်သာတွေရှိတဲ့လမ်းက ဖြတ်ချလာခဲ့ခြင်းဖြစ်လေသည်။ သူလမ်းလျှောက်လာရင်း တစ်နေရာအရောက် ခြေလှမ်းက တုံ့ခနဲရပ်ကာသွားသည်။ အခြားအကြောင်းကြောင့်မဟုတ်။ လူနှစ်ယောက် စကားပြောသံတစ်ခုကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"နင်တို့ယောကျ်ားတွေက အဲဒီလိုပဲလား၊ ဒီလိုအချိုးမျိုးတွေပဲလား ပြောစမ်းပါ၊ ငါ့ကိုပြောစမ်းပါ"

"မဟုတ်ပါဘူးဟာ. . . နင်ထင်တာမှားနေပြီနော်ယုဂီ၊ နင်သေချာစုံစမ်းပြီးမှ ငါ့ကိုလာပြောသင့်တယ်"

"စုံစမ်းနေစရာမလိုဘူး၊ နင့်လုပ်ရပ်က လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေတာပဲ၊ နင်ဘာငြင်းချင်သေးသလဲ စိုးကျော်"





ရှေ့ဆက်သွားရရင်ကောင်းနိုး၊ ဒီနေရာကပဲ လှည့်ပြန်ရရင် ကောင်းနိုး ညှိုးသွေး စဉ်းစားနေမိ၏။ အသံလာရာဘက်က သူသွားရမည့်လမ်းပေါ်မှာ တည့်တည့်ကြီးကျနေလေသည်။ လူတွေက အဆောင်ခန်းနဲ့ ကွယ်နေ၍ မမြင်ရသော်လည်း ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်ဆိုတာတော့ သေချာ၏။ ပြဿနာတနည်းနည်းကြီးပုံရသည်။ နှလုံးသားရေးရာ ပြဿနာတစ်ခုကြောင့် ပေါက်ကွဲနေတဲ့လေသံမျိုးတွေ။

သူ နောက်ပြန်လှည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ဒီလိုအချိန်မျိုးမှာ ထိုစုံတွဲရှေ့က သူဖြတ်လျှောက်ဖို့ မျက်နှာပူလှ၏။ လူကလည်း ပြတ်နေသည့်အချိန်မို့ သူတို့အချင်းချင်း လွတ်လွတ်လပ်လပ် စကားပြောနေပုံလည်း ရလေသည်။

သူ ခြေဦးပြန်လှည့်ပြီး ခြေလှမ်းသုံးလှမ်းလောက်သာ လှမ်းရသေးသည် နောက်စေ့က ပူခနဲဖြစ်သွားသည်။ ခဏကြာတော့ သူ့ဘေးနားမှာ ကွန်ပါဗူးတစ်ဗူး ပြုတ်ကျလာ၏။ သူလည်း ရုတ်တရက်ဆိုတော့ နောက်စေ့ကိုပွတ်ရင်း ကွန်ပါဗူးကို ကြောင်တောင်တောင်နဲ့ ကြည့်နေမိသည်။ ထိုကွန်ပါဗူးသည် တစ်စုံတစ်ဦးက အားနဲ့ပစ်ထည့်လိုက်၍ သူ့ကိုလာမှန်တာပဲဖြစ်မည်။ ရင်ထဲမှာဒေါသတစ်ချက်ထွက်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်မိတော့. . .

"ဟင်"



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုတော့ သူလန့်ကာသွား၏။ သူ့ရှေ့မှာ ကောင်မလေးတစ်ယောက် ဒေါသမျက်ဝန်းနှင့် မတ်တပ်ရပ်ကာနေ၏။ ခဏကြာတော့ ထိုကျောင်းသူက ကွန်ပါဗူးကို ရုတ်တရက် ကောက်ယူလိုက်ကာ လွယ်အိတ်ထဲ ထိုးထည့်လိုက်ပြီး. . .

"တော်တော်နာသွားလား"

"ဗျာ"

"ကျွတ်. . . နာသွားလားလို့မေးတာ"

"ဟုတ်. . . ဟုတ်ကဲ့"

"တောင်းတော့ မတောင်းပန်နိုင်ဘူး၊ မတော်တဆဖြစ်တဲ့အတွက် ရှင့်ထိုက်နဲ့ရှင့်ကံပဲ၊ အဲ ဒါပေမဲ့ ကွဲသွားတယ်ဆိုရင်တော့ ဆေးဖိုးဝါးခပေးဖို့ အသင့်ပဲ"

"ဘာဗျ"

သူ့အသံသည် ဒေါသကြောင့် ဟိန်းကာထွက်သွားသည်။ ကောင်မလေးက သူ ဒေါသထွက်သွားတာကို ဂရုမထားဘဲ ခပ်အေးအေးပင် ကြည့်၍. . .

"ရှင်ဒေါသထွက်သွားမယ်ဆိုတာ ကျွန်မသိတယ်၊ ဒီစကားမျိုး မပြောသင့်ပေမဲ့ ကျွန်မဘက်က မေးရမဲ့ ဝတ္တရားရှိလို့ မေးလိုက်ရတာ၊ ကဲပါ ရှင်ဘာမှမဖြစ်ဘူးဆိုလည်း ကျွန်မသွားတော့မယ်"

ထို့နောက် သူ့ရှေ့ကကောင်မလေးသည် ထွက်ကာသွားသည်။ သူသာ ဘာပြောရမှန်းမသိဘဲ အူကြောင်ကြောင်နှင့်ငေးကာ ကျန်ခဲ့၏။ ထိုကွန်ပါဗူးက သူ့ကို



ဘယ်လိုလာမှန်မှန်းလည်း သူမသိပေ။ ထိုကောင်မလေးကိုလည်း တစ်ခါမှမမြင်ဘူး။

"တကယ်တော့ သူက ကျွန်တော့်ကို ပစ်လိုက်တာဗျ၊ ကျွန်တော်က အရှောင်မြန်လိုက်တော့ ကျွန်တော့်ကို မထိဘဲ ခင်ဗျား ကိုသွားထိတာ"

အဆောင်အကွယ်မှ ထွက်လာသော ကျောင်းသားတစ်ယောက်က သူ့ကိုပြောလိုက်ခြင်းဖြစ်သည်။ သူက ထိုကျောင်းသား ကိုကြည့်၍. . .

"အဲဒီကောင်မလေးက ဘယ်သူလဲ၊ သူကလည်း မှားသေးတယ်၊ စကားပြောတာကလည်း ရင့်သလားမမေးနဲ့"

ထိုကျောင်းသားက ပြုံးလိုက်သည်။ ဘာမှတော့ မပြော။ ထို့နောက် သူ့ဘက်လက်ကမ်းပေးလိုက်ကာ. . .

"ကျွန်တော့်နာမည် စိုးကျော်ပါ၊ MP first year တပါ"

သူလည်း ယောင်နနနှင့် ပြန်နှုတ်ဆက်လိုက်၏။ ထို့နောက်

"ကျွန်တော်က MT က၊ first year ပါပဲ"

"ဒါဆို ကျွန်တော်တို့က အခန်းချင်းနီးနီးလေးပေါ့"

သူက ခေါင်းညိတ်ပြလိုက်သည်။ စိုးကျော်တို့အခန်းက သူတို့အခန်းနဲ့ တစ်ခန်းကျော်မှာဖြစ်သည်။ သူတို့မေဂျာနှစ်ခုက 2nd year ပြီးလျှင် Mechanical

www.burmeseclassic.com

www.burmeseclassic.com



မေဂျာအဖြစ် တစ်မေဂျာတည်း ပေါင်းသွားမည့် မေဂျာခွဲများ ဖြစ်ကြသည်။

"ဒါနဲ့ ခုနကောင်မလေးက ဘယ်ကလဲဗျ"

"သူက Civil ကး နည်းနည်းဂေါက်နေတာပါဗျာ၊ စာမဖွဲ့လောက်ပါဘူး၊ ကျွန်တော့်ကို သူ့သူငယ်ချင်းကိစ္စနဲ့ ပတ်သက်ပြီး ပြဿနာလာရှာတာ၊ သူနဲ့ကျွန်တော်နဲ့က အထက်တန်းကတည်းက မတည့်တာလေ"

"ဪ"

သူက ဘာမှဆက်မမေးတော့ပါ။ သူများကိုယ်ရေးကိုယ်တာလည်း ဖြစ်နေ၍ ဆက်မေးရန်လည်း မသင့်တော်ပေ။

ထို့နောက် သူတို့လမ်းလျှောက်ရင်း C ဆောင်တွေဘက် ထွက်လာခဲ့ကြသည်။

"ခင်ဗျား ခေါင်းပေါက်သွားသေးလား"

"ရပါတယ်၊ နည်းနည်းလေး သွေးစို့သွားတာပါ"

စိုးကျော်က သက်ပြင်းချကာ ခေါင်းခါလိုက်သည်။ အားနာ သလိုလည်း ဖြစ်သွား၏။ ဘာမှတော့မပြော။ နောက်ဆုံး သူတို့လမ်းခွဲကာ ကိုယ့်အခန်းရှိရာကိုယ် အသီးသီးထွက်ခွာလာခဲ့ကြပါတော့၏။

"နောက် လမ်းတွေ့ရင်ခေါ်ဗျာ၊ ကျုပ်တို့ဘော်ဒါတွေ ဖြစ်သွားပြီပဲ"

စိုးကျော်က နောက်ဆုံးလမ်းခွဲရင်း သူ့ကို လှမ်းပြောသွားလိုက်သေး၏။

xxxx

[redacted]



အိပ်ကောင်းနေတုန်းမှာပင် တဒုံးဒုံးနဲ့ တံခါးထုသံကို ကြားလိုက်ရ၏။ အိပ်မှုန်စုံမွှားနှင့် ငုတ်တုတ်ထထိုင်ပြီး စားပွဲပေါ်မှ နာရီကို ကြည့်လိုက်တော့ ခြောက်နာရီပင် ရှိသေးသည်။ တံခါးထုသံနောက်တစ်ခေါက်ထပ်ကြားရ၍ ညိုသွေး ခုတင်ပေါ်မှ ဆင်းလိုက်တာ တံခါးသွားဖွင့်ပေးလိုက်၏။ တံခါးဖွင့်ပြီးသွားတော့ အခန်းဝမှာ ရပ်နေသည့် အဆောင်မှူးကို တွေ့ရသည်။ သူ့နောက်မှာ အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် လူတစ်ယောက်။

"အိပ်နေတာထင်တယ်၊ ဒီအခန်းမှာနေမဲ့ ကျောင်းသားရောက်လာလို့ နှိုးလိုက်ရတာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးက တံခါးကို အဆုံးထိဆွဲဖွင့်ပေးလိုက်၏။ ထိုကျောင်းသားက သေတ္တာတစ်လုံးနှင့် ဆွဲခြင်းတစ်လုံးကို မနိုင်မနင်းမကာ ဝင်လာသည်။ ညိုသွေးက အခန်းပြင်မှာ ချထားသော အိပ်ရာလိပ်ကို မ၍ သွင်းပေးလိုက်သည်။

"ကျေးဇူးပဲဗျာ. . . အားနာလိုက်တာ"

"ရပါတယ်ဗျာ၊ ဒါနဲ့ ခင်ဗျားသေတ္တာကို ခုတင်အောက် သွင်းလိုက်ပါလား"

ထိုကျောင်းသားက ခေါင်းညိတ်ပြ၍ သူ့သေတ္တာကို ခုတင်အောက်သို့ သွင်းလိုက်သည်။ ဆွဲခြင်းကိုလည်း သေတ္တာဘေးမှာ ကပ်ထားလိုက်၏။ ဆွဲခြင်းထဲမှာပါလာသော ပုလင်းတွေ ဗူးတွေကို ကြည့်ခြင်းအားဖြင့် အစားအသောက်တွေပဲ ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းမိ၏။ ညိုသွေးက အိပ်ရာလိပ်ကို ခုတင်ပေါ် တင်ပေးလိုက်သည်။

"ကျွန်တော့်ကြောင့် မနက်အစောကြီး ထရတဲ့အတွက် တောင်းပန်ပါတယ်ဗျာ"

"ရပါတယ်ဗျာ. . . ကျွန်တော်လည်း ခင်ဗျားလာနိုးလာနိုးနဲ့ စောင့်နေတာပါ"

ထိုကျောင်းသားက ပြုံးလိုက်သည်။ ထို့နောက် အိပ်ရာလိပ်ကို ဖြည်၍ ခင်းလိုက်ရင်းမှ. . .

"ကျွန်တော် မြိတ်ဘက်ကို ခရီးလွန်နေလို့ဗျ၊ တစ်နေ့ကမှ မော်လမြိုင် ပြန်ရောက်တာ"





"ဪ. . . ခင်ဗျားက မော်လမြိုင်မှာနေတာလား"

ထိုကျောင်းသားက ခြင်ထောင် ထောင်မလို့လုပ်ရင်းမှ ခေါင်းညိတ်ကာပြသည်။ ညိုသွေးက အလောတော် ခြင်ထောင်ကြိုးလေးတွေကို ကတ်ကြေးနှင့်ဖြတ်ကာ ပေးနေလိုက်၏။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"ညိုသွေး. . . ခင်ဗျားကရော"

"နေလင်းလို့ခေါ်တယ်၊ MT မေဂျာက"

"ဟာ. . . ဒါဆိုဟန်ကျတာပဲ၊ ကျွန်တော်နဲ့ မေဂျာအတူတူပဲပေါ့"

"ဟုတ်လား. . . အတော်ပဲဗျာ၊ ဒါဆို အရာအားလုံး ခင်ဗျားကိုပဲ ဆရာတင်ရတော့မှာပဲ၊ ကျွန်တော်က တစ်ပတ်လောက် ကျောင်းပျက်ထားတော့ ခင်ဗျားဆီကပဲ စာတွေပြန်ကူးရဦးမယ်"

"ရပါတယ်ဗျာ. . . စာအစုံရှိပါတယ်"

ထို့နောက် သူတို့လုပ်စရာရှိတာ ဆက်လုပ်ကြသည်။ ခြင်ထောင်ထောင် အိပ်ရာခင်းပြီးနောက် နေလင်းက ညိုသွေးကို ကြည့်၍. . .

"ခင်ဗျား. . . မနက်စာ မစားရသေးဘူးမလား၊ ကျွန်တော်တို့ တစ်ခုခုသွားစားရအောင်လေ"

"ဒါဆို ခဏစောင့်ဦး၊ ကျွန်တော် မျက်နှာသွားသစ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"OK...OK"

နေလင်းစကားအဆုံးတွင် ညိုသွေးက ရေခွက်နှင့် သွားတိုက်တံယူ၍ ထွက်သွားပါတော့၏။ အခန်းထဲတွင် နေလင်းတစ်ယောက်သာ ငုတ်တုတ်လေးထိုင်၍ ကျန်ခဲ့ပါသည်။

××××



ကျောင်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ကြွယ်လေးကိုပါ ညိုသွေးက ဝင်ခေါ်လာခဲ့၏။ ထို့နောက် ကြွယ်လေးနဲ့ နေလင်းကိုပါ တစ်ပါတည်း မိတ်ဆက်ပေးလိုက်၏။ ကြွယ်လေးက သူ့ဝသီအတိုင်း ပေါ့ပေါ့ပါးပါးစကားများသာ ရှေ့တ်နောက်နောက်ပြောရင်း သူ့ကိုယ်သူ စတင်မိတ်ဖွဲ့၏။

"ခင်ဗျား ဒီကျောင်းမှာ ဘာသိချင်လဲ ကျွန်တော့်ကိုသာပြော၊ ဒီကျောင်းမှာ ဘယ်နေရာ အင်္ကျီတာကအစ ကျွန်တော်သိတယ်ဗျ၊ ဟား. . . ဟား"

"ယုံပါတယ် ကိုကြွယ်လေးရယ်၊ ခြောက်နှစ်လုံးလုံး

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပြီးမှတော့ ဒီလောက်တော့ ဆားပစ်ရှိမယ်ဆိုတာ ယုံပြီးသားပါ"

နေလင်းကလည်း ပြုံးစစနဲ့ ပြန်ပြောသည်။ နေလင်းစကားဆုံးတော့ ကွယ်လေးက ခေါင်းတညိတ်ညိတ်လုပ်ရင်း စီးကရက်တစ်လိပ်ကိုယူ၍ မီးညှိလိုက်၏။ ထို့နောက် သူတို့စကားဝိုင်းထဲသို့ ဝင်မပါဘဲ ငေါင်တောင်တောင်ဖြစ်နေသော ညိုသွေးကို လှမ်းကြည့်၍...

"ဟေ့ကောင်... မင်းကဘာငိုင်နေတာလဲ၊ ဘာလဲ မနက်က အိပ်ရေးမဝလို့လား"

ကွယ်လေးစကားကြောင့် နေလင်းက အနေရအထိုင်ရ ခက်သွားသည်။ ဒါကို ရိပ်မိလိုက်သော ညိုသွေးက...

"ဟာ... ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ကျုပ်က ဘာလို့ အိပ်ရေးမဝရမှာလဲဗျ၊ ခင်ဗျား ခုနပြောလိုက်တဲ့ စကားကြောင့် တွေးနေတာ"

"မင်းက ဘာကိုတွေးနေတာလဲ၊ ငါက ဘာပြောလိုက်လို့လဲ"

"ခင်ဗျားက ဒီကျောင်းမှာ ဘယ်နေရာ အပ်ကျတာကအစ သိတယ်ဆို ဟုတ်လား"

"ဟုတ်တယ်လေ... ဘာလဲ မင်းက မယုံလို့လား"

"ယုံပါတယ်၊ ဒါပေမဲ့ ခင်ဗျားမသိလိုက်တာတစ်ခုတော့ ရှိတယ်ဗျ"

ညိုသွေးစကားကြောင့် ကွယ်လေးက မျက်မှောင်



ကြုတ်လိုက်၍...

"ဘာများလဲ"

"ဟိုတစ်နေ့က ကျွန်တော့်ခေါင်းကို ကွန်ပါဗူးတစ်ဗူး လာမှန်တယ်၊ အဲဒါ ခင်ဗျားသိလား"

ကွယ်လေးက ကြောင်တောင်တောင်နဲ့ ကြည့်နေသည်။ ညိုသွေးက သွေးတိုးစမ်းသည့်သဘောနှင့် ထပ်မေးလိုက်၏။

"ခင်ဗျားသိလားလို့"

ကွယ်လေးက ထိုတော့မှ 'ဟင့်အင်း'ဟု ဖြေလေသည်။ ထို့နောက် ကွယ်လေးကပင် ဆက်၍...

"နေစမ်းပါဦး... မင်းခေါင်းကို ဘယ်ကကွန်ပါဗူးက လာမှန်ရတာလဲ"

"ကောင်မလေးတစ်ယောက် ပစ်လိုက်တာဗျ"

"ဘယ်လို... ကောင်မလေးတစ်ယောက်၊ ဘယ်ကလဲ"

"ကျွန်တော်လည်းမသိဘူး၊ ဒါပေမဲ့ ရိုင်းလိုက်တာကတော့ ပြောမနေနဲ့"

ကွယ်လေးက မျက်လုံးထောင့်ကပ်၍ စဉ်းစားသလိုလိုလုပ်သည်။ ညိုသွေးက သူကြုံလာခဲ့ရသမျှကို ဖောက်သည်ချ၏။ ညိုသွေး စကားဆုံးတော့ ကွယ်လေးက...

"ဒါ မဖြစ်သင့်တဲ့အရာပဲကွ၊ မဖြစ်သင့်ဘူး၊ လုံးဝမဖြစ်သင့်ဘူး၊ ဒါ လူလူချင်းစော်ကားတာ၊ အနိုင်ကျင့်တာ၊

www.burmeseclassic.com

www.burmeseclassic.com



လူ့အခွင့်အရေးကို ချိုးဖောက်တာ၊ တရားဥပဒေစိုးမိုးရေးကို မလေးစားတာ၊ တို့တာဝန်အရေးသုံးပါးကို မလိုက်နာ"

"ဟာ. . . ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားလုပ်မှ တရားမမှုကနေ ရာဇဝတ်မှုဖြစ်တော့မယ်၊ တိတ်တိတ်နေစမ်းပါဗျာ၊ ကျွန်တော်တို့ ကျောင်းအေးအေးဆေးဆေး တက်ပါရစေ"

ကြွယ်လေးက ရယ်သည်။ နေလင်းက အခုမှ ရောက်စဆိုတော့ ပတ်ဝန်းကျင်ကို တောင်ကြည့်မြောက်ကြည့်နှင့် မျက်နှာငယ်လေးဖြစ်နေ၏။

ကြွယ်လေးက ညိုသွေးကို ပေါင်တစ်ချက်ပုတ်လိုက်၍. . .

"အဲဒီကောင်မလေးအကြောင်း မင်း ညနေသိစေရမယ်"

"သိတော့ ကျွန်တော်က ဘာလုပ်ရမှာလဲ"

"မင်းပဲ သူ့အကြောင်း စိတ်ဝင်စားလို့ ငါ့ကိုရှင်းပြနေတာမလား"

ညိုသွေးက ခေါင်းကို တစ်ချက်ခါလိုက်၍. . .

"ဟင့်အင်း. . . မဟုတ်ပါဘူး၊ ခင်ဗျားက ဒီကျောင်းထဲမှာ အပ်ကျတာကအစ သိတယ်ဆိုလို့ ရွဲ့ပြီး မေးကြည့်တာ"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်လေ ငါကတော့ ငါ့အစွမ်းအစကို မင်းတို့သိအောင် ပြရမှာပဲ"

"ခင်ဗျားက ဘယ်လိုပြမလို့လဲ"





"အဲဒီကောင်မလေးအကြောင်း မရရအောင် စုံစမ်းခဲ့ပေးမယ်"

"ဘယ်လိုကြီးလဲဗျာ၊ မလိုပါဘူးဆို"

"မရဘူးကွာ၊ ကြွယ်လေးတို့က ဆုံးဖြတ်ပြီးရင် ရှေ့တိုးရမှ"

"တားမရလည်းလုပ်ဗျာ"

"ဒီလိုမှပေါ့ကွ"

ဟု ကြွယ်လေးက ပြောလိုက်ကာ လက်ကျန်လက်ဖက်ရည်ကို မော့လိုက်ပါတော့သည်။ ထို့နောက် ရှစ်နာရီလည်း ထိုးပြီဖြစ်၍ ဆိုင်မှ သူတို့ထွက်ခဲ့တော့၏။ ကြွယ်လေးက ကျောင်းထိပ်မှာ သူ့အခန်းထဲက သူငယ်ချင်းတွေနဲ့ ကျန်ခဲ့သည်၊ ညိုသွေးနဲ့ နေလင်းသာ ကျောင်းထဲသို့ ဝင်လာလိုက်ပါတော့သည်။

လမ်းလျှောက်နေရင်းနှင့် နေလင်းက. . .

"ဒါနဲ့ အဲဒီကောင်မလေးနာမည်က ဘာတဲ့လဲ"

ညိုသွေးက နေလင်းကို တစ်ချက်ငဲ့ကြည့်၍. . .

"ဘာလဲ. . . မင်းက စိတ်ဝင်စားသွားလို့လား"

"မဟုတ်ပါဘူးကွာ၊ လမ်းတွေ့ရင် ရှောင်လို့ရအောင်မေးတာပါ"

"ငါကြားလိုက်တာကတော့ ယုဂီဆိုလား၊ ဘုဂီဆိုလားပဲ၊ ဂျပန်လိုလို၊ ကိုရီးယားလိုလိုနာမည်ကွ"

နေလင်းက ညိုသွေးစကားကြောင့် ပြုံးလိုက်ပါတော့၏။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ကြွယ်လေးသည် ညနေကို တော်တော်လေး နောက်ကျမှ အဆောင်ကို ရောက်လာသည်။ အဆောင်ကိုရောက်တော့ ညိုသွေးနဲ့ နေလင်းက အုတ်ကန်မှာ ရေချိုးဖို့ လုပ်နေကြသည်။ အဆောင်ကျောင်းသားတချို့က အဆောင်ရှေ့က မြေကွက်လပ်ကြီးတွင် ခြင်းခတ်သူခတ်၊ ဘောလုံးကန်သူကန်နေကြ၏။ ကြွယ်လေးက အဆောင်ထဲသို့ ခုန်ပေါက်ကာဝင်လာ၍ သူ့ဆီလိမ့်လာသော ဘောလုံးတစ်လုံးကို အဆောင်ပြင်သို့ ကန်ထုတ်လိုက်၏။ ဝိုင်းဆဲသံတွေ ဆူညံကာသွားသည်။ ကြွယ်လေးက စပ်ဖြဲဖြဲနှင့် 'ဆော်နယ်ဒို'ကွ ဟုအော်၍ ခုန်ဆွခုန်ဆွနှင့် အုတ်ကန်ဆီသို့ ပြေးလာသည်။ အုတ်ကန်





ရောက်တော့ ရေချိုးဖို့လုပ်နေသည့် ညိုသွေးနှင့် နေလင်းကိုကြည့်၍

"မင်း. . .ငါ့ကို ဒီညအရက်တိုက်ရမယ် ညိုသွေး"

"ဘာမှလည်းမဆိုင်ဘူး၊ ဘလိုင်းကြီးပါလား"

"မင်းမနက်က ပြောလိုက်တဲ့ ကောင်မလေးအကြောင်း ငါသိခဲ့ပြီလေကွာ၊ သိချင်ရင် ငါ့ကို အရက်တစ်လုံးတိုက်ပေါ့"

"မတိုက်ပါဘူး၊ ကျွန်တော်လည်း မစုံစမ်းခိုင်းဘဲနဲ့ ခင်ဗျား ဟာခင်ဗျား စုံစမ်းလာတာပဲဟာ ဘာဆိုင်လို့လဲ"

ထိုသို့ပြောလိုက်တော့ ကြွယ်လေးက. . .

"အဲဒါဆိုလည်း ပြီးရောလေ၊ မင်းမတိုက်ချင်လည်း မပြော ရုံပေါ့၊ ကောင်မလေးကတော့ တော်တော်လှတာကွ၊ မင်းပြောတုန်းက ငါက သူ့ကို ရုပ်ဆိုးပန်းဆိုးကြီးနဲ့ တော်တော်စွာမဲ့ မိန်းကလေးလို့ ထင်မိတာ၊ သေချာသွားကြည့်တော့မှ တော်တော်လှတာ ဟေ့ကောင်၊ မင်းနဲ့ ဘာမှမဆိုင်ရင်လည်း ပြီးတာပါပဲကွာ"

ဟုဆိုကာ ချူဆီလေးထည့်ပြီး လှည့်ထွက်သွားလေတော့သည်။ ညိုသွေးက ကြွယ်လေးကိုကြည့်၍ ခပ်အေးအေးလေး တစ်ချက်ပြုံးလိုက်ကာ. . .

"ကျုပ်တို့က ဒါတွေစိတ်မဝင်စားဘူး"ဟု လှမ်းပြောလိုက်ပါတော့၏။ ထိုအချိန်တွင် နေလင်းက ညိုသွေး အနားကပ်လာ၍

"တိုက်လိုက်ပါကွာ မင်းကလည်း အားနာစရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး"

"ဘာဖြစ်လို့ တိုက်ရမှာလဲကွ"

"မင်းမတိုက်ရင် ငါတိုက်မယ်ကွာ"

"မင်းနဲ့ဘာဆိုင်လို့လဲ"

ညိုသွေးစကားဆုံးတော့ နေလင်းက စပ်ဖြဲဖြဲ တစ်ချက်ရယ်လိုက်ရင်း. . .

"တစ်လုံးလောက်နဲ့ မိန်းကလေးတစ်ယောက် အကြောင်း နားထောင်ရတာ နည်းလားကွာ"

ဟု ပြန်ပြောလိုက်ပါတော့သည်။ ညိုသွေးက သက်ပြင်းတစ်ချက်ချလိုက်ရင်း. . .

"မင်းလည်း ပိုးကမနည်းဘူးနော်"ဟု ပြန်ပြော လိုက်ပါတော့၏။

×××××





"အရက်ဆိုတဲ့အရာကို ငါက ဘယ်လိုကြိုက် မှန်း မသိဘူးကွ" ဟုလည်း ပြောသည်။

"အဲဒီအရက်ကို မင်းတို့နှစ်ယောက်ထဲက ဘယ်သူ တတိုက်တိုက် သူကသစ္စာရှိပြီးသားကွ"ဟုလည်း ဆို၏။

နောက်တော့ 'ဘာနဲ့ရောရော ဒီကောင်က မူးတယ် ကွ'ဟု ပြော၍ လက်နှစ်လုံးလောက်ကို ရေတောင်မရောဘဲ ပွပ်ခနဲ တစ်ချက်ထဲ မော့ပစ်လိုက်ပါတော့သည်။

ကြွယ်လေးသည် အရက်တော်တော်ကြိုက်မှန်း ညိုသွေး လေ့လာမိသည်။ သူနဲ့ပထမဆုံး အရက်စသောက် တဲ့နေ့က ကြွယ်လေးက ပြောဖူးသည်။

"ငါက သေရင်တောင် အရက်နဲ့ပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါနဲ့ပဲ သေချင်တာကွ၊ ကျန်တဲ့ရောဂါနဲ့ သေရမှာ နှမြောတယ်"

"ဘာဖြစ်လို့လဲဗျ"ဟု သူကဆိုတော့...

"ဒီလောက် အရက်ကိုကြိုက်လို့ သောက်လာပြီးမှ တခြားရောဂါနဲ့သေစရာလားကွ"

ဟု ကြိတ်မနိုင်ခဲမရစွာ ဆိုဖူးလေသည်။ အခု လည်း အရက်နှစ်ခွက်လောက်ကို ဆက်တိုက်သောက်ပြီး သွားတော့ အမြည်းအဖြစ် ချထားသော ငနီတူကြော်လေး များကို နှိုက်မြည်းလိုက်ပြီးမှ စကားကို စပြောလေသည်။

"ကောင်မလေးနာမည်က နဒီကျော်လို့ခေါ်တယ် ကွ၊ အိမ်နာမည်က ယုဂီတဲ့၊ Civil မှာတော့ နာမည်ကြီးပဲ၊ ချောတယ် စွာတယ်ပေါ့ကွာ၊ ပြီးတော့ စာလည်းတော်တယ် လို့ ကြားတယ်၊ ဆယ်တန်းအောင်တော့ ဆေးကျောင်းမှီ တာတောင် မတက်ဘဲ အင်ဂျင်နီယာပဲ လုပ်မယ်ဆိုပြီး GTC ရောက်လာတာတဲ့"

"ဪ"

ညိုသွေးနဲ့ နေလင်းက ခေါင်းတညိတ်ညိတ်လုပ် သည်။ ကြွယ်လေးက နောက်တစ်ခွက် ထပ်ထည့်၏။ ပြီးနောက် နေလင်းခွက်ထဲသို့ အရက်ကို ထပ်ငှဲ့ပေးလိုက် ၏။ နေလင်းက အရက်တစ်ခွက် ကုန်သွားပြီ ဖြစ်လေ သည်။ ကြွယ်လေးက ညိုသွေးကိုကြည့်၍...

"ချလေကွာ... ဘာဖြစ်လို့ လက်နှေးနေရတာလဲ"

ညိုသွေးက သူ့ခွက်ထဲက လက်ကျန်ကို ကောက်





မော့လိုက်ကာ မျက်နှာရှုံ့မဲ့သွားလေသည်။ ကြွယ်လေးတ ညိုသွေးမျက်နှာကို ကြည့်၍...

"အမလေး... အမလေး ဖြစ်သွားလိုက်တာ၊ ဒီလောက်ချစ်ဖို့ကောင်းတဲ့ အရည်တွေ လည်ချောင်းထဲ ခုန်ဆင်းခွင့်ရနေတာတောင် မင်းကဖြစ်နေလိုက်တာ"

"ပြင်းတယ်ဗျ"

"ပြင်းရင် ရေရောပေါ့ကွ"

"ရောတာပဲဗျ... ခါးတယ်"

"စစချင်းတစ်ခွက်ဆိုတော့ ဒီလိုပါပဲကွာ၊ မှတ်ထား အရက်ဆိုတာ မင်းတို့လို ဟိုမရောက်ဒီမရောက် အရက် သမားတွေအတွက် ပထမတစ်ခွက်က သိပ်အဝင်ဆိုးတာ ကွ၊ ဒုတိယဆို နည်းနည်းအဆင်ပြေလာရော၊ အဲ... သုံးခွက်မြောက်လည်းကျရော တသားထဲဖြစ်သွားပါလေ ရောဗျာ"

ကြွယ်လေးက အရက်ငိုကာကို ချဲ့သည်။ အရက် အကြောင်း ပြောနေရမယ်ဆိုရင် သူ့မှာ မမောနိုင်မပန်း နိုင်။

"ဒါဆို ခင်ဗျားကြတော့ရော"

"ငါတို့ကြတော့ အရက်ကို ရည်းစားဘဝ လွန်မြောက်ပြီး လင်မယားဘဝ ရောက်သွားပြီလေကွာ၊ တစ်ယောက်အကြောင်း တစ်ယောက်သိသွားပြီပေါ့၊ ဒါကြောင့် ဘယ်အချိန်ကစ်ကစ် စွပ်ခနဲပဲ"

"ဘာလဲဗျ... ခင်ဗျားစကားက"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အချိန်သောက်သောက် လျှောခနဲဝင်သွားတာကို ပြောတာပါကွာ၊ ဟား. . . ဟား"

ကြွယ်လေး အရယ်ဆုံးတော့ သူတို့ပါလိုက်၍ ရယ်လိုက်ကြ၏။ ကြွယ်လေးက စကားလည်းပြောတတ်သည်။ မူးလာလျှင် ဘလွတ်ရွတ်တပိုပြောလာ၏။ ဒီလိုနဲ့ ပြောရင်းဆိုရင်း သောက်လာလိုက်တာ တစ်လုံးလည်းကုန်ရော မိန်းကလေးအဆောင်ရှေ့ ဂစ်တာသွားတီးဖို့လုပ်သည်။ ထိုအဆိုကို ကြွယ်လေးက စတင်တင်သွင်းခြင်းဖြစ်သည်။ သူတို့နှစ်ယောက်က ကန့်ကွက်မဲမရှိ ထောက်ခံလိုက်ကြတော့ အဆောင်ရှေ့သို့ ဂစ်တာတစ်လက်နှင့် သုံးယောက်လုံး ရောက်သွားကြပါတော့၏။

မိန်းကလေးအဆောင်ရှေ့ရောက်တော့ သူတို့အရင်ရောက်နှင့်နေသည့် အဖွဲ့တစ်ဖွဲ့ရှိသည်။ ထိုအဖွဲ့က 'အင်းယားအဆောင်သူ'ဆိုသည့် သီချင်းကို တီးနေကြသည်။ သူတို့သုံးယောက်လည်း အလိုက်တသိ အသာငြိမ်ကာ နေပေးလိုက်၏။ ခဏနေတော့ ထိုအုပ်စုထဲမှ တစ်ယောက်က ကြွယ်လေးကိုကြည့်၍ လက်ထောင်ပြ၏။ ကြွယ်လေးက 'အေးဆေး'ဆိုတဲ့သဘော လက်မပြန်ထောင်ကာ ပြလိုက်သည်။ တော်တော်လေးကြာတော့ ထိုအဖွဲ့ဆီမှ သီချင်းဆိုသံတွေ တိတ်သွားကြလေသည်။ သူတို့ဆိုတဲ့ သီချင်းက ပြီးသွားလေပြီ။

ထိုအချိန်တွင် ကြွယ်လေးဆီက ဂစ်တာသံသည် ငြိမ့်ညောင်းစွာ ထွက်ပေါ်လာပါတော့၏။ ခဏကြာတော့





ခပ်သျှသျှ သီချင်းဆိုသံတစ်ခု ထွက်ပေါ်လာသည်။ သီချင်းနာမည်က လွှမ်းမိုးသီဆိုထားသည့် 'ကြယ်ကြွေညကိုင်း ဆုတောင်းမယ်'

××××ညဥ့်နက်သန်းခေါင်ယံ လေပြည်ညှင်းကြောင့် ××× မျောလွင့်သွားတဲ့လရောင်တန်းရဲ့ တစ်ဒေသတို ××× အနန္တတံတိုင်း ပရဝဏ်ထိ အာရုံဖြန့်လို့ စိတ်တွေ ရွှတ်လွှင့်လိုက်ရှာနေရင်း ×××× ကြယ်တွေကြားမှာ ယဉ်ယဉ်လေးနဲ့လှတဲ့ မင်းကို မျှော်လင့်မထားဘဲ တွေ့လိုက်တယ် ×××

နှုးညံ့တိမ်ယံ ထာဝရအလင်းနဲ့ ကြယ်စင်မှုန်းတဲ့ ညဆောင်နန်းရဲ့ ထိပ်ထားထံ ×××× မျှော်ရည်မှန်းရင်ခွင်လမ်းက ငုံစင်ပန်းမို့ မေတ္တာကြိုးယှက် ပန်းဖောင်ဖွဲ့ရင်း ××× ပန်လိုစိတ်သာ ရင်မှာပြည့်နှက် ဆက်သလိုက်တယ် ယူကာနမ်းခိုက်ပန်းပွင့်စေ ×××

×××စွဲငြိကာရံ သာယာခြင်းရဲ့ ×××× ရင်ခုန်စည်းချက် ရစ်ခြုံလွှမ်းမဲ့ သခင်မထံ ×××× ဝသုန်မြေစောင်းငိုသည်အထိ သံစဉ်ဖွဲ့လို့ ညို့ငင်လွမ်းချင်း ဆွေးသီနေရင်း ××× တိုင်တည်သစ္စာ ရွှေနားတော်နားရောက် ကျူးရင့်လိုက်တယ် အာကာတစ်သောင်းအထိ ပျံ့လွှင့်စေ ×××

×××× ရင့်ကျက်ဣန္ဒြေ ထည်ဝါခြင်းရဲ့ ××× ဝဏ်သတင်းနဲ့ မွှေးထုံသင်းတဲ့ အချစ်ဆုံးထံ ×××× အိပ်မက်အလွမ်းထောင်ချီကို အသည်းနဲ့ရင်းလို့ဦးကို



www.burmeseclassic.com

www.burmeseclassic.com



ညွတ်လျက် အလွမ်းလွင့်တင်ရင်း ×××× ဆုံနိုင်ဖို့ကို ရင်မှာမှန်းဆတမ်းတရင်းနဲ့ ကြယ်ကြွေညတိုင်း ဆုတောင်းမယ် ××××

××× စွဲငြိကာရံ သာယာခြင်းရဲ့ ×××× ×××× ×××× ရွှေတော်နားရောက် ကျူးရင့်လိုက်တယ် အာကာတစ်သောင်းထိ ပျံ့လွင့်စေ ××××

×××× ရင့်ကျက်ကြွေ့ ထည်ဝါခြင်းရဲ့ ×××× ×××× ×××× ဆုံနိုင်ဖို့ကို ရင်မှာမှန်းဆ တမ်းတရင်းနဲ့ ကြယ်ကြွေညတိုင်း ဆုတောင်းမယ် ×××× ×××× ×××× ကြယ်ကြွေညတိုင်း ဆုတောင်းမယ် ×××× ×××× ××××

ကြွယ်လေးသီချင်းသံသည် တဖြည်းဖြည်း တိုး၍ တိုး၍ ပြီးဆုံးကာသွားလေ၏။ သီချင်းသံပြီးတော့ ပတ်ဝန်းကျင်သည် ခဏမျှ တိတ်ဆိတ်ကာ သွားလေသည်။ ထိုအချိန်တွင် အဆောင်ပြတင်းပေါက် တစ်ခုမှ ခန်းဆီးလိုက်ကာလေးတစ်ခုသည် ရုတ်တရက် လှုပ်ခတ်သွားတာကို ညိုသွေး သတိထားမိလိုက်ပါသည်။

ဩော်. . . ကိုကြွယ်လေးလည်း ကြယ်ကြွေညတိုင်း ဆုတောင်းရမဲ့ ဇာတ်လမ်းလေးတွေ ရှိနေပြီထင်သည်။

×××××





'ငါ. . . အဲဒီကောင်မလေးကို သွားကြည့်ပြီးခဲ့ပြီကွ'ဟု နေလင်းက ပြောသည်။ ညိုသွေးက နေလင်းကို လှည့်ကြည့်၍ အူကြောင်ကြောင်မျက်နှာနှင့်. . .

"အဆုံးမရှိ အစမရှိ ဘယ်ကောင်မလေးကို ပြောတာလဲ"

"ဟိုကောင်မလေးလေကွာ၊ ကွန်ပါဗူး. . . ကွန်ပါဗူးလေးကို ပြောတာ"

"ဩော်"

ထိုတော့မှ ညိုသွေးက သဘောပေါက်စွာ ခေါင်းတိုညိတ်လိုက်မိသည်။ ခဏနေတော့ မကျေမနပ်မျက်နှာနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး. . . မင်းက ငါမသိအောင် ဘယ်အချိန်ကတည်းက အတန်းလစ်ပြီး ထွက်သွားရတာလဲ"

ညိုသွေးစကားကြောင့် နေလင်းက ပြုံးဖြဲဖြဲနှင့်. . .

"မင်းမသိအောင် သွားတာမဟုတ်ပါဘူးကွာ၊ ငါတို့မြို့က မိတ်ဆွေတစ်ယောက် Civil မှာတက်နေတယ်လို့ကြားလို့ သွားရှာရင်း လမ်းကြုံလို့ ကြည့်ခဲ့တာပါ၊ အဟီး. . . ကောင်မလေးက တော်တော်လှတယ်ကွ၊ ခပ်စွာစွာနေလို့လားမသိဘူး သူ့အလှက ထက်ထက်မြက်မြက်ရှိကယ်"

"အမယ်. . . လာလာချည်သေးတယ်ဆိုတဲ့ စာပါလား၊ ဘာလဲ မင်းခိုက်သွားပြီလား"

နေလင်းက ရယ်ဖြဲဖြဲလုပ်နေရာမှ ရှုပ်တည်ကာသွား၏။ ထို့နောက် ညိုသွေးကိုကြည့်၍. . .

"အဲဒါ မင်းအပေါ်မှာ မူတည်တယ်"

ညိုသွေးလည်း နေလင်းစကားကြောင့် ကြောင်တောင်တောင်ဖြစ်သွားကာ. . .

"ငါ. . . ငါနဲ့ဘာဆိုင်လို့လဲ"

နေလင်းက. . .

"မင်းနဲ့ အဲဒီကောင်မလေးက စတွေ့ခဲ့တာဆိုတော့ ငါက ဒုတိယလူလို ဖြစ်နေတယ်လေ၊ အဲဒါကြောင့် မင်း သူ့အပေါ် သဘောထားကို မေးတာပါ၊ မင်း သူ့အပေါ် ဘယ်လိုသဘောထားလဲဆိုတာအပေါ် မူတည်





တယ်လို့ ပြောတာ"

ညိုသွေးက နားလည်စွာပြုံးလိုက်သည်။ ထို့နောက် နေလင်းကိုကြည့်၍ အားရပါးရ တစ်ချက်ရယ်လိုက်တာ. . .

"ဟား. . . ဟား မင်းဆိုတဲ့ကောင်ကလေ တကယ်ငပေါပဲ၊ ငါသာ အဲဒီကောင်မလေးကို ကြိုက်မှတော့ ကိုကြွယ်လေးပြောပြီး နောက်ရက်တွေမှာကတည်းက Civil ကို သွားမှာပေါ့ကွ၊ ငါက စိတ်မဝင်စားလို့ အေးအေးဆေးဆေးပဲ နေတာပေါ့"

"တကယ်နော်"

"ငါက မင်းကို လိမ်စရာလား နေလင်းရာ"

"ဟား. . . ဟား ဒါဆို OK ပဲ၊ အဲဒီကောင်မလေးကို ငါကြိုးစားတော့မယ်"

"လုပ်စေဗျာ"

ညိုသွေးက အားတက်သရော မြှောက်ပေးလိုက်သည်။ နေလင်းက ညိုသွေးပခုံးကို ကိုင်၍. . .

"ငါ့လှုပ်ရှားမှုထဲမှာလည်း မင်းဝင်ကူညီရမယ်နော်"

"ဒါမျိုးက တစ်ယောက်တည်း လှုပ်ရှားရင် ပိုကောင်းတယ်ကွ"

ရမလား လှည့်ထွက်ကြည့်သည်။

"တချို့ကိစ္စတွေက အဖော်ပါမှ လုပ်ရဲကိုင်ရဲတာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု နေလင်းက ပြောလိုက်တော့မှ မတတ်သာသည့် အဆုံး ခေါင်းညိတ်လိုက်ရပါတော့၏။

××××

[redacted]



## အခန်း (၂)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိုး ပြေးကလေးက တစ်ဖွဲဖွဲကျကာ နေသည်။ ပတ်ဝန်းကျင်တစ်ခွင် ရှုခင်းက မိုးမြူတို့နှင့် ဖုံးကာထား၍ အရာရာမှုံဝါးလျက်ရှိ၏။ ကျောင်းသူတချို့ ထီးကိုယ်စီဆောင်း၍ လုံချည်အောက်နားစလေးများကို မကာနီးစပ်ရာ အမိုးအကာများအောက် ပြေးဝင်နေကြသည်။ ကျောင်းသားတချို့က ထီးတစ်ချောင်းထဲကို သုံးလေးယောက် ခေါင်းပြုတိုးကာ တဟီးဟီးတဟားဟားနှင့် ပြေးလွှားနေကြ၏။

သူတို့က Drawing ဆောင် အပေါ်ထပ်မှနေ၍ ပတ်ဝန်းကျင်ကို ငေးကာကြည့်နေမိသည်။ သူတို့ဆိုတာ ညိုသွေးနဲ့ နေလင်းကို ဆိုလိုခြင်းဖြစ်၏။ သူတို့နှစ်ယောက်က Drawing ချိန်ပြီးသွား၍ အပေါ်ထပ်လေသာဆောင်မှာ ငုတ်တုတ်ထိုင်၍ ကျန်ခဲ့ခြင်းဖြစ်၏။ နောက်တစ်ချိန်ရှိသော်လည်း မတက်တော့ဘဲ Drawing ဆောင်မှာ တမင်သက်သက် ကျန်ခဲ့ကြခြင်းဖြစ်၏။ ထိုသို့ ကျန်ခဲ့ရခြင်းမှာ အကြောင်းရှိသည်၊ သူတို့ Drawing ချိန်ပြီးလျှင် နောက်တစ်ချိန်က Civil Drawing ချိန်ဖြစ်၏၊ ထို့ကြောင့် နေလင်းက ညိုသွေးကိုပါ ရအောင်ဆွဲထားလေသည်။



"နောက်တစ်ချိန်က Physics အချိန်ပါ သူငယ်ချင်းရာ၊ Minor ပါ၊ ငါတစ်ယောက်တည်းမို့လို့ နေပေးစမ်းပါကွာ"

ညိုသွေးက ပထမတော့ အင်တင်တင်လုပ်နေသေး၏၊ နေလင်းက ညိုသွေးကြိုက်သည့် ဆိတ်ပဲလေးပါ အမြည်းအဖြစ် ထည့်ပေးမည်ဆိုတော့မှ ခေါင်းညိတ်ဖြစ်လိုက်သည်။ ဤသို့ဖြင့် Civil Drawing ချိန်ကို လာမည့် ကျောင်းသူတွေကိုမျှော်ရင်း ရုတ်တရက် မိုးရွာသွားခြင်းဖြစ်၏။

ညိုသွေးက Drawing ဆောင်အောက်ကို ငုံ့ကြည့်ရင်း

"မင်းဟာက သေချာလို့လားကွာ"

"သေချာပါတယ်ကွာ၊ ငါ့ဆီမှာ သူတို့ အချိန်စာရင်းကို သေသေချာချာ ကူးထားတာပါ ဒီမှာကြည့်"

နေလင်းက သူ့အိတ်ကပ်ထဲက စာရွက်တစ်ရွက်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပြသည်။ ညိုသွေးက လက်ကာပြ၍. . .

"နေပါစေ မကြည့်ပါဘူး၊ မင်းသေချာတယ်ဆိုလည်း ပြီးတာပါပဲ"

ထို့နောက် မိုးက နည်းနည်းလေးစဲသွားသည်။ ခပ်ပါးပါးလေးသာရွာသည့် မိုးမှုန်များအောက်တွင် ကျောင်းသားကျောင်းသူတို့ Drawing ဆောင်ထဲသို့ ပြေးဝင်လာကြ၏။

"လာကြပြီ"

နေလင်းက အောက်ကိုကဲကြည့်ရင်း ပြော၏။ ညိုသွေးက နေလင်းကြည့်တဲ့နေရာကို လှမ်းကြည့်လိုက်ရင်းမှ. . .

"မင်းဆုံးဖြတ်ပြီးတာ သေချာလား"

နေလင်းက ခေါင်းညိတ်ပြ၏။

"မရိုးလွန်းဘူးလားကွာ"

"ငါလည်း ဘာလုပ်ရမှန်းမသိတော့ဘူးကွာ၊ သူ့ကို ငါ့အချစ်တွေ သိအောင်လုပ်ဖို့ ဒီတစ်နည်းပဲရှိတော့လို့ပါ"

"စကားလေးဘာလေး လိုက်ပြောရင်း တော့်ကီလေး ဘာလေး ထည့်ကြည့်ပေါ့ကွ"

"မလွယ်ဘူး ဟ‌ေ့ကောင်၊ ငါကြိုးစားပြီးပြီ၊ လူကို လုံးဝအကာပ်မခံဘူး"

"မင်းဆီက ချွေးစော်နံလို့နေမှာပေါ့"

ညိုသွေးက နောက်လိုက်၏။ နေလင်းက ညိုသွေး လက်မောင်းကို ရိုက်လိုက်၍. . .





"အရေးထဲ နောက်နေသေးတယ်၊ ငါအတည်ပြောတာကွ၊ ငါ သူ့ကို တစ်ခါနှစ်ခါ ကြိုးစားကြည့်တယ်၊ ပါးကျိုးသွားမယ်ဆိုတာချည်းပဲပြောတယ်၊ ငါ့ရှေ့က ကြိုးစားဖူးတဲ့ကောင်တွေလည်း တစ်ခါနှစ်ခါ အဆော်ခံရဘူးတယ်လို့ ကြားဘူးတယ်ကွ"

"ဒီလောက် မာန်တက်နေရင်လည်း ဘာဖြစ်လို့ လိုက်နေသေးလဲကွာ"

"ဘယ်သူတွေကိုပြောတာလဲ"

"သူ့ကိုကြိုးစားနေတဲ့ မင်းတို့လိုကောင်မျိုးတွေကို ပြောတာ"

"တခြားလူတွေကတော့ မသိဘူး၊ ငါကတော့ သူ့ကို တော်တော်ချစ်လို့ကွ"

ထိုအချိန်တွင် Drawing အဆောင်ပေါ်သို့ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် အနောက်တိုင်းဆန်ဆန် ချောမောသော မျက်နှာပိုင်ရှင် မိန်းကလေးတစ်ယောက် တက်လာသည်။ သူမဘေးနားတွင် သူမနဲ့ဆန့်ကျင်ဘက် ကောင်မလေးတစ်ယောက်ပါ တက်လာ၏။ ထိုကောင်မလေးက ယခုခေတ်တွင် ရှားပါးသွားပြီဖြစ်သော မြန်မာဆန်ဆန် ရင်ဖုံးအကျီလေးနှင့် ထဘီအဖြူပွင့်လေးကိုဝတ်တာ ထားလေသည်။

ညိုသွေးက ထဘီအဖြူလေးကို ငေးကာ ကြည့်နေမိသည်။ ထိုကောင်မလေးသည် ဆံပင်ကလည်း ခါးလည်ကျော်ကျော်အထိ ရှည်ကာ ကျစ်ဆံမြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်းတည်း အကြီးကြီးကျစ်ကာ ချထား၏။ ညိုသွေးက ငေးလို့ကောင်းနေစဉ် နေလင်းက လက်ကုတ်၍...

"သွားမယ်ဟော့ကောင် အချိန်မရှိဘူး"

ထိုတော့မှ ညိုသွေးလည်း သတိရကာ နေလင်းနောက် ခပ်သုတ်သုတ်လိုက်သွားပါ၏။ အနောက်တိုင်းဆန်ဆန် ချောမောသော ကောင်မလေးမှာ ယုဂီဖြစ်သည်။ ယုဂီက သူ့ပုံစံအတိုင်း ခပ်မြန် မြန်လမ်းလျှောက်တတ်သောကြောင့် ထဘီအဖြူလေးရှေ့သို့ ခပ်ဝေးဝေးရောက်ကာသွား၏။ နေလင်းက ယုဂီနောက် အမှီပြေးလိုက်ရင်း အနောက်ဘက် ကျောပိုးအိတ်လေးထဲသို့ သူယူလာသော စာအိတ်လေးကို အသာထိုးထည့်လိုက်တော့သည်။

ထိုအချိန်တွင် ယုဂီသည် ချာခနဲ လှည့်ကြည့်လိုက်လေသည်။ နေလင်းခမျာ သူခိုးလူမိသွားသော ပုံစံဖြစ်သွား၍ မျက်နှာတစ်ခုလုံး ရစရာမရှိအောင် ပျက်သွားရလေတော့၏။

ယုဂီက သူ့ကျောပိုးအိတ်ကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ အနောက်ဘက် ဇစ်ကြားညပ်နေသည့်စာကို ထုတ်ယူလိုက်၍...

"ဒါ နင်ပေးတဲ့စာလား"

"ဟုတ်... ဟုတ်... ဟုတ်ပါတယ်"

နေလင်းခမျာ အသံတွေတောင်တုန်နေသည်။ ယုဂီက အောင်နိုင်သူ စစ်သူကြီးလေသံနှင့် ဆက်ပြော၏။

"နင့်ကို ငါ့နောက်မလိုက်နဲ့တော့လို့ ဟိုတစ်ခါကတည်းက ပြောထားတယ်မလား"



"ဟုတ်... ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုဟာက ဟိုတစ်ခါကလို စကားလိုက်ပြောတာမှ မဟုတ်တာ"

ထိုအချိန်တွင် ညိုသွေးလည်း နေလင်းတို့နားသို့ ရောက် သွား၏။ ထဘီအဖြူပွင့်နဲ့ ကောင်မလေးလည်း သူတို့နားမှ ဖြတ်ကျော်သွားလေသည်။ ထိုသို့ ဖြတ်ကျော်သွားရင်းနှင့် သူတို့သုံးယောက်ကို မသိမသာ အကဲခတ်ကြည့်သွားလိုက်သေး၏။

"ဒါဆိုလည်း ကဲဟယ်... ကဲဟယ်... ကဲဟယ်"

ယုဂီက စာအိတ်ကို အစိတ်စိတ်အမွှာမွှာ ဆွဲဖြဲပစ်လိုက်သည်။ ထို့နောက် ကြမ်းပြင်ပေါ်သို့ စာရွက်အပိုင်းအစများကို ဖြန့်ချဲပစ်လိုက်၏။ ထိုအချိန်တွင် ထဘီအပွင့်ဖြူလေးက ဆူသံပူသံကြား၍ အနောက်ဘက်သို့ ချာခနဲ လှည့်ကြည့်၏။ ညိုသွေးကလည်း ဘာရယ်မဟုတ် လှမ်းကြည့်လိုက်တော့ မျက်ဝန်းချင်း သွားဆုံသည်။ ညိုသွေးက မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။ ဘာရယ်မဟုတ်တောင်မလေး အမူအရာကို အသည်းယားသွား၍ မှိတ်ပြလိုက်ခြင်းသာ။

ကောင်မလေးသည် နှုတ်ခမ်းလေးစူ၍ မျက်စောင်းလေးထိုးကာ ချာခနဲ လှည့်ထွက်သွားပါတော့၏။ ညိုသွေးရင်ထဲမှာ အေးခနဲဖြစ်၍ ကျန်ရစ်ခဲ့တော့သည်။

"နောက်တစ်ခါ ဒါမျိုးထပ်လုပ်ရင် နင့်ဒါးနင်

www.burmeseclassic.com

www.burmeseclassic.com



လိုင်စင်တင်ထား ကြားလား"

ယုဂီအသံကြားမှ ညိုသွေးလည်း ပြန်လှည့်ကြည့်မိ၏။ ယုဂီက ချာခနဲ လှည့်ထွက်သွားပါသည်။ သို့သော် ဟိုကောင်မလေးလောက်တော့ ချစ်စရာမကောင်းဘူးဟု ညိုသွေးက တစ်ဖက်သတ် စွဲချက်တင်လိုက်လေသည်။

"ဒီတစ်ခါလည်း သွားပြန်ပြီကွာ၊ ဘယ်လိုလုပ်ရမလဲ သူငယ်ချင်းရာ"

"စိတ်အေးအေးထားပါကွာ၊ ဒါမျိုးဆိုတာ ဒီလိုပါပဲ"

ဟု နေလင်းကို ညိုသွေးက ဖြေသိမ့်လိုက်ပါတော့၏။

xxxxx





ကြွယ်လေးသည် သိပ်မခေါ်ရ အရက်သောက်မယ်ဟော့ဆိုတာနဲ့ ဖဲဝိုင်းက ထလာသည်။ ထို့နောက် အမြည်းကိစ္စကို စီစဉ်ရန် ကျောင်းထိပ်က ထမင်းဆိုင်သို့ ထွက်ခဲ့ကြသည်။ ထိုဆိုင်မှာ ညိုသွေးကြိုက်သည့် ဆိတ်ပဲရသည်။ နေလင်းက သူ့ကတိအတိုင်း အရက်တစ်လုံးနှင့် ဆိတ်ပဲကိုဝယ်ကာ အဆောင်သို့ ပြန်လာခဲ့ပါသည်။ အဆောင်ပြန်ရောက်တော့ ညိုသွေးတို့အခန်းမှာပင် ဝိုင်းဖြစ်ကြ၏။

"ကိုကြွယ်လေးခင်ဗျာ. . . . ဒီနေ့အခြေအနေ ဘယ်လိုလဲ"

"ငါက အိမ်ဖြည့်ဝင်ရိုက်ပေးတာပါကွာ၊ အနိုင်



www.burmeseclassic.com

www.burmeseclassic.com



အရှုံး အဲဒီလောက်မရှိပါဘူး"

"ဖဲရိုက်တာမကောင်းပါဘူးဗျာ၊ တော်ကြာ စွဲသွားပါဦးမယ်"

နေလင်းက ဝင်ထောက်လိုက်သည်။ ကြွယ်လေးက ဆိတ်ပဲ ဖတ်လေးတစ်ဖတ်ကို ယူစားလိုက်ပြီးမှ. . .

"ငါက ဝါသနာသိပ်မပါပါဘူးကွ၊ သူတို့က အတင်းဝင်ရိုက်ခိုင်းလို့ အိမ်ဖြည့်ဝင်ပေးတာပါဆို"

"အင်းပါ. . . ကျွန်တော်တို့က စေတနာနဲ့ပြောတာပါ"

ဤသို့ဖြင့် ဖဲဝိုင်းအကြောင်း ပြောရင်းမှ ဟိုအကြောင်း ဒီအကြောင်းတွေ ရောက်သွားကြသည်။ ကြွယ်လေးက ကျောင်းအလွန် ကျောက်တန်းကားလမ်းဘေးက ဆည်မှာ ငါးသွားမျှားကြသည့်အကြောင်း၊ အဆောင်အနောက်ဘက် ရွာတွေအလွန်ရှိ လယ်ကွင်းတွေဘက်တွင် ပုစွန်လုံးတွေနှိုက်ခဲ့သည့်အကြောင်းများကို ပြောပြနေသည်။ သူက ကျောင်းဆွေးဖြစ်နေသောကြောင့် ဒီပတ်ဝန်းကျင်အကြောင်း အကုန်သိသည်။ အရက်ဆိုရင်လည်း ထားမလုံရွာထိပ်က မစံပယ်ဆိုင်ကအရက်က ပိုကောင်းကြောင်းလည်း ပြောသည်။

ထိုသို့ ထွေရာလေးပါးပြောကြရင်းနှင့် နောက်ဆုံးတော့ ကောင်မလေးတွေအကြောင်း ရောက်လာသည်။ ဒီနေ့အရက်တိုက်သည့်ကိစ္စကို ညိုသွေးက ကြွယ်လေးအား ရှင်းပြ၏။ ကြွယ်လေးက ညိုသွေးစကားကို နားထောင်





ပြီး. . .

"အင်း. . . ငါ ထင်တော့ထင်သား၊ ဒီကောင် ဒီနေ့ ဒီလောက်တက်ကြွနေပုံထောက်ရင် တစ်ခုခုတော့ တစ်ခုခုဝဲလို့"

"ဒါပေမဲ့ ဒီကောင် အဆင်မပြေလာပါဘူးဗျာ"

"ဒါကတော့ အစဆိုတော့ ဒီလိုပဲမေ့ကွာ၊ ကောင်မလေးက မင်းကို ပါးမရိုက်လွှတ်လိုက်ဘူးဆိုကတည်းက ဒါက်ကောင်းတာပဲလို့ ဆိုရမယ်ကွ"

ကြွယ်လေးက နေလင်းကိုကြည့်ကာ ပြောသည်။ နေလင်းက သူ့ခေါင်းသူ တစ်ချက်ကုတ်လိုက်ပြီးမှ. . .

"ကျွန်တော့်ကို နောက်တစ်ခါ ဒါမျိုးလိုက်လုပ်ရင် ပါးကို လိုင်စင်တင်ထားလို့ ပြောတယ်ဗျ"

"ဘာလဲ မင်းပါးကို သူက နမ်းမလို့လား"

"မနောက်ပါနဲ့ ကိုကြွယ်လေးရာ၊ ဒီမှာ စိတ်ညစ်နေရတဲ့ အထဲ"

"မနောက်ပါဘူးကွာ. . . ငါက မင်းစိတ်ညစ်နေတာသိလို့ စတာပါ၊ မိန်းကလေးဆိုတာတော့ ဒီလိုပဲ အစဆိုရင် ပြောကြမှာပဲကွ၊ ကျွန်မနောက်ကိုလိုက်ပါရှင်၊ နောက်ဆို ဒီလိုပဲ စာတွေပုံမှန်လိုက်ပေးနော်လို့တော့ ဘယ်သူကပြောမှာလဲကွ၊ ယုဂီလို မိန်းကလေးမျိုးဆို ပိုဆိုးတော့မှာပေါ့"

ညိုသွေးက ကြွယ်လေးစကားကို ခေါင်းညိတ်ထောက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ. . . မင်းဘက်က ဒီလောက်နဲ့ လက်လျှော့လိုက်မယ်ဆိုရင် ညံ့ရာကျတယ်"

နေလင်း တွေဝေနေသည်။ ခဏနေတော့မှ. . .

"အဲဒီတော့ ငါဘာဆက်လုပ်သင့်သလဲ"

"ပုံမှန်အတိုင်းပဲ ဆက်လုပ်စရာရှိတာ လုပ်ပေါ့ကွ၊ မင်း သူ့ကိုချစ်တယ်မလား"

"အင်း"

နေလင်းက အာလုပ်သံကြီးနှင့် အားရပါးရ ခေါင်းညိတ်ပြသည်။ ထို့နောက် ညိုသွေးက. . .

'ဒါဆိုလည်း ထပ်ပြီးကြိုးစားပေါ့ကွာ'ဟု ပြောလိုက်လေတော့သည်။ ညိုသွေးကလည်း ထိုသို့မြှောက်ပေးလိုက်ရတာ သူ့မှာလည်း အကြံအစည်တစ်ခုရှိသောကြောင့် ဖြစ်၏။ ဘာပဲဖြစ်ဖြစ် နေလင်းဆိုတဲ့ကောင်က ယုဂီဆီသွားလျှင် သူ့ကို မရရအောင် ခေါ်သွားမှာပဲဖြစ်သည်။ ထိုအခါ သူကလည်း နေလင်းကို ကူညီသလိုလိုနှင့် ယုဂီတို့မေဂျာရှိရာကို လိုက်သွားရင်း ယဉ်တကိုယ်မယ်လေးရဲ့ မျက်စောင်းကို ရှာဖွေရဦးမည်ဟု တွေးထားလိုက်ပါသည်။ ထိုကိစ္စကို ဘယ်သူ့မှ မပြောသေးဘဲ သူ့ရင်ထဲမှာပင် လတ်တလော သိမ်းဆည်းထားလိုက်၏။

"တကယ်တော့ အချစ်ဆိုတဲ့အရာက ပြောပြရတော်တော် ခက်တယ်ကွ၊ ပြီးတော့ သူက ဆန်းလည်းဆန်းကြယ်တယ်"

"ဆိုစမ်းပါဦး"



နေလင်းက ကြွယ်လေးကို စကားထောက်လိုက်သည်။ ကြွယ်လေးက. . .

"ငါလည်း အတိအကျတော့ အဓိပ္ပာယ်မဖွင့်တတ်ပါဘူး၊ ဒါပေမဲ့ ဒီကောင်က ဆန်းတော့ဆန်းတယ်ကွ"

"အေးလေ. . . ကျွန်တော်လည်း အဲဒါပဲပြောနေတာပေါ့၊ အဲဒီလိုဆန်းတဲ့ဟာကိုပဲ ပြောနေတာ၊ ဘယ်လိုဆန်းတာလဲလို့"

"ငါလည်း အတိအကျမသိပါဘူးဆိုကွာ"

"ခင်ဗျားသိသလောက် ပြောဗျာ"

"ငါလည်း အဲဒီလောက်ပဲ သိတာပါကွာ"

"ခွီးပဲဗျာ"

နေလင်း စိတ်ညစ်သွားသည်။ ကြွယ်လေးစကားက တုတ်မလိုလိုနဲ့ အဖျားရှူးကာသွား၏။ ညိုသွေးက သူတို့နှစ်ယောက်ကို ကြည့်၍ ရယ်မောပစ်လိုက်၏။

"ဟေ့ကောင်. . . မင်းက ဘာရယ်တာလဲ"

ကြွယ်လေးက ညိုသွေးကို လှည့်ကာမေးလိုက်သည်။ ညိုသွေးက အရယ်တစ်ဝက်နှင့် ကြွယ်လေးကို ကြည့်၍. . .

"ခင်ဗျားပြောတဲ့စကားကို ကြားပြီး ရယ်ချင်လို့ပါဗျာ၊ ခင်ဗျားက အချစ်အကြောင်းကို အရက်အကြောင်းလောက်မသိဘဲ ဆရာကြီးလုပ်ချင်တာကိုးဗျ"

"မင်းက ငါ့ကို အချစ်အကြောင်း မသိဘူးလို့ ဆိုလိုချင်တာပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးက ခေါင်းညိတ်ပြ၍. . .

"ဟုတ်တယ်"

ကြွယ်လေးက ပြတင်းပေါက်အပြင်သို့ ငေးကြည့်လိုက်သည်။ ထို့နောက် သက်ပြင်းကို ခပ်မျှင်းမျှင်းလေးချလိုက်ကာ. . .

"ထားပါတော့ကွာ၊ မင်းထင်သလိုပဲ ငါက မချစ်တတ်တဲ့ ကောင်လို့ပဲ ထားလိုက်ပါတော့"

ကြွယ်လေးအမူအရာက ရုတ်တရက် ပြောင်းသွားပြီး တစ်စုံတစ်ခုကို ခံစားလိုက်ရပုံရသည်၊ ညိုသွေးက သူ့ပြောလိုက်တဲ့စကားအတွက်လည်း တော်တော်လေးစိတ်မကောင်းဖြစ်သွားရ၏၊ ထို့ကြောင့် ပြန်တောင်းပန်လိုက်မည်အလုပ် ကြွယ်လေးက စကားလမ်းကြောင်းပြောင်းသွား၍ မပြောဖြစ်လိုက်ပေ။

ကြွယ်လေးက တောပြောတောင်ပြော ပြောရင်းမှ ခဏကြာတော့ 'အဆောင်ရှေ့ ဂစ်တာသွားတီးရအောင်ကွာ'ဟု စကားစသည်။

နေလင်းက. . .

"ခင်ဗျားကလည်း ဒီအချိန်ဆို အဆောင်ရှေ့သွားဖို့ပဲ ပြောနေတာပဲနော်"

ဟု ပြောလိုက်ရာ ကြွယ်လေးက. . .

"ငါတို့တွေအတွက် ဒီအချိန်မှာ ဒါမှမလုပ်ရင် ဘာလုပ်ရမှာလဲကွာ"ဟု ပြန်ပြောလိုက်ပါတော့သည်။



ထို့နောက် သောက်လက်စပုလင်းကိုဆွဲ၍ မိန်းကလေးအဆောင်ရှေ့သို့ ဂစ်တာပိုက်ကာ သူတို့တစ်သိုက် ထွက်လာခဲ့ကြပါတော့၏။

ညကာလ၏ ကောင်းကင်တွင် ကြွယ်လေးများ ထိုတစ်ပွင့် ဒီတစ်ပွင့် လင်းလက်နေကြ၏။ ညိုသွေးတတောင်းကင်ပြင်ကို မော့ကြည့်ရင်း နေ့လည်က မျက်ဝန်းလေးတစ်စုံကို သတိရနေသည်။

ခဏနေတော့ ကြွယ်ကြွေသွားသည်။

ဒီနေ့ည ကြွယ်လေးလည်း 'ကြွယ်ကြွေညတိုင်းဆုတောင်းမယ်'ဆိုတဲ့သီချင်းလေးကို တီးဦးမလား မသိပေ။

××××

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာ နေလင်းသည် ထင်သလို ဖြစ်မလာဘဲ ငြိမ်ချက်သားကောင်းနေသည်။ ယုဂီ ရာဇသံပေးလိုက်တာကိုပဲ လန့်သွားတာလား၊ သူ့ကိုယ်သူပဲ သတ္တိမွေးပြီး အားယူနေတာလားတော့ မပြောတတ်။ Civil ဆောင်တွေဘက်သို့ ခြေဦးမလှည့်တော့ပေ။

ညိုသွေးကတော့ ထိုကိစ္စနဲ့ပတ်သက်၍ မရိုးမရွ ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သူက Civil ဘက်သို့ သွားချင်နေသောကြောင့်ဖြစ်သည်။ သို့သော် သူ့ခမျာ နေလင်းကို စကားစရမှာ ခက်နေသည်။ နေလင်းကလည်း ထိုကိစ္စနဲ့ ပတ်သက်၍ ဖွဲ့ထွေထွေထူးထူး ဘာမှပြောမလာသောကြောင့် ဘယ်ကစပြောရမှန်းမသိ ဖြစ်နေရ၏။

[redacted]



ထို့ကြောင့် မနေနိုင်သည့်နောက်ဆုံး သူတစ်ယောက်တည်းသာ နေလင်းအလစ်တွင် Civil ဘက်သို့ ထွက်လာခဲ့လိုက်တော့၏။

Civil အဆောင်တွေက (E) အဆောင်တွေဘက်မှာ ဖြစ်သည်။ သူတို့မေဂျာရှိရာ (C) ဆောင်ကဆိုလျှင် နည်းနည်းတော့ အလှမ်းဝေးသည်ဟု ဆိုရမည်။ ထို့ကြောင့် ခြေလှမ်းကို ခပ်သွက်သွက် လျှောက်ကာ (D) ဆောင်တွေဘက်သို့ လျှောက်လာလိုက်၏။ (D) ဆောင်ဘက်မှနေ၍ (E) ဆောင်ရှိရာသို့ ဖြတ်လမ်းက ဆင်းချဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ညိုသွေးသည် ထိုသို့လျှောက်လာရင်းမှ ခေါင်းထဲမှာ စဉ်းစားရင်း အကြံထုတ်လာသည်။ တခြားတော့မဟုတ် ကောင်မလေးကို ဘယ်နေရာက စောင့်ကြည့်ရမလဲဆိုသော ကိစ္စကိုပင်ဖြစ်၏။ Civil မေဂျာဆောင်တွေ၏ အဝင်အထွက် လမ်းမပေါ်ကပဲ စောင့်ကြည့်ရမလား၊ ဒါမှမဟုတ် လမ်းဘေးသစ်ပင်တစ်ခုအောက်ကပဲ စောင့်နေမလား၊ ဒါမှမဟုတ်ရင် အုတ်ခုံတစ်ခုခုမှာပဲထိုင်ရင်း စောင့်ရမလား စဉ်းစားနေ၏။ ကောင်မလေးသည် အချိန်တစ်ခုနဲ့တစ်ခု အကူးအပြောင်းတွင် Civil မေဂျာဆောင်ပေါက်လမ်းမပေါ်သို့ အဝင်အထွက်ပြုလုပ်မှာ သေချာသည်။ ထိုအခွင့်အရေးကိုယူ၍ သူက သားကောင်ကို အပိုင်စောင့်ပစ်မည့် မုဆိုးတစ်ယောက်လို တစ်နေရာက စောင့်ကြည့်လိုက်ရုံသာ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွေအပြင်ကတော့ သွားကြည့်လို့မဖြစ်နိုင်တာ သူသိသည်။ စာသင်နေချိန်ဆိုလျှင် စကြိန်မှာ လူရှင်းနေ၍ အခန်းထဲမှလူများ သူ့ကို ရိပ်မိသွားနိုင်၏။ နောက်ပြီး Civil မေဂျာက ဘယ်နှခန်းရှိမှန်း သူမသိ။ သုံးခန်းလား လေးခန်းလား၊ အခန်းစိ လိုက်ကြည့်ရလျှင် အိုသေသွားနိုင်၏။

ထို့ကြောင့် အဆောင်ဝင်ပေါက်ထွက်ပေါက်ကပဲ သင့်တော်မည့် တစ်နေရာရာမှ စောင့်ကြည့်တော့မည်ဟု ဆုံးဖြတ်ကာ လမ်းကို ခပ်မြန်မြန်လျှောက်လာခဲ့ပါတော့၏။ လျှောက်လာရင်းနှင့် ရင်တွေခုန်လာသည်။ အကယ်၍ ကောင်မလေးနဲ့တွေ့ရင် သူဘာလုပ်မလဲ။ အမှန်တော့ ဘာမှလုပ်လို့ရသေးမှာမဟုတ်။ ကြည့်ပြီး ပြန်ရုံသာ။ ကောင်မလေးသည် သူ့ကို ဘယ်သူဘယ်ဝါ ဆိုတာလည်း မသိသေးသလို မှတ်လည်းမှတ်မိဦးမှာ မဟုတ်ပေ။ ထို့ကြောင့် ကောင်မလေးသိအောင် သူ့ကိုယ်သူ အရင်လုပ်ရမည်။ ထိုသို့လုပ်ဖို့အတွက်က ကောင်မလေး သွားလမ်းလာလမ်းများကို ခြေရာခံမိဖို့ အရေးကြီး၏။ ထိုသို့သိတော့မှ ကောင်မလေး သတိထားမိနိုင်သည့် နေရာများက စောင့်ကြည့်ချင်ကြည့်၊ ဒါမှမဟုတ် စကားလိုက်ပြောချင်ပြော တစ်ခုခုလုပ်ဖို့သာ။

"မုဆိုးကောင်းတို့မည်သည် ကိုယ်လိုက်မည့်သားကောင် အကြောင်းကို ကောင်းကောင်းသိမှသာ ထိုသားကောင်ကို အလွယ်တကူ ဖမ်းယူနိုင်မည်"ဟု ဟိုတစ်နေ့က





ဖတ်လိုက်ရသော စာအုပ်ထဲက စာကြောင်းလေးကိုတွေးရင်း ပြုံးမိလိုက်ပါသေး၏။

ထိုသို့ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးပြုံးလေးလုပ်နေရင်းမှ အဆောင်နှစ်ခုအကြား ခင်းထားသော တံတားလေးတစ်စင်းကို ဖြတ်ကူးလိုက်သည်။ ထိုအချိန်တွင် တံတားတစ်ဖက်ထိပ်၌ သူကူးအလာကို စောင့်နေသည့် ကျောင်းသူတစ်ဦးကို ဘွားခနဲ သွားတွေ့လိုက်ရာ ညိုသွေးခန္ဓာကိုယ်သည် ရှုတ်တရက်ကြီး ရပ်သွားလေတော့သည်။ ပြီးနောက် ခုန ပြုံးပြုံးကြီးလုပ်နေသော နှုတ်ခမ်းသည် ဟောင်းလောင်းကြီး ပွင့်သွားလေတော့၏။

တစ်ဖက်ထိပ်က ကျောင်းသူက သူလိုက်ရှာနေသည့် ကောင်မလေးပင်။

"ဟင်"

ညိုသွေး ပါးစပ်က အံ့ဩတကြီး အာမေဋိတ်သံထွက်သွားရ၏။ ခုလို ရုတ်တရက်ကြီး တွေ့လိုက်ရတော့ ခုနစဉ်းစားလာသော အကြံအစည်များနှင့် ရည်ရွယ်ချက်များသည် ဘယ်ရောက်ကုန်မှန်း မသိတော့။ ပြီးနောက် ဘာကြောင့်မှန်းမသိ ကြောက်စိတ်က တစ်ကိုယ်လုံးသို့ လွှမ်းခြုံသွားတော့၏။

ထို့ကြောင့် မျက်လုံးကြီးပြူးပြီး ထစ်ထစ်ငေါ့ငေါ့နှင့်...

"တ...တ...တ တောင်းပန်ပါတယ်ဗျာ"

ဟုပြောကာ ရှေ့သွားမလိုလို နောက်သွားမလိုလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်ရင်း အနောက်ဘက်သို့ ချာခနဲလှည့်တာ တစ်ချိုးတည်း လစ်လေတော့၏။ သူ့အမူအရာသည် တော်တော်ဆိုးသွားပြီဖြစ် ကြောင်း မည်သူမဆို တွေးကြည့်တာနဲ့ သိနိုင်၏။ သူသည် ကောင်မလေးနဲ့တွေ့လိုက်ချိန်တွင် အသာလေး ကွက်ရှောင်ထိန်းကာ သွားနေကြအတိုင်း ဆက်သွားလျှင် ဘာမှဖြစ်မည်မဟုတ်။ ကောင်မလေးကလည်း သူလိုကိုယ်လို ကျောင်းသားတစ်ယောက်ဟု ထင်တာ သတိထားမိမည်မဟုတ်ပေ။

အခုတော့ အဲဒီလိုမဟုတ်။ သူ့ကိုတွေ့လိုက်တာနဲ့ ကျောင်းသားတစ်ယောက်သည် မျက်လုံးကြီးပြူးကြောင်ပြီး ကြည့်ကာ ထိတ်လန့်တကြား အမူအရာနှင့် ချာခနဲလှည့်ပြေးသွားတော့ ကောင်မလေးက အံ့ဩတကြီး ဖြစ်ပြီး ကျန်ရစ်ခဲ့သည်။ ပြီးတော့ ဘာမဆိုင်ညာမဆိုင် ပြောသွားလိုက်သေးသည်။

"တောင်းပန်ပါတယ်"တဲ့။

ဘာဆိုင်သနည်း။ တက္ကသိုလ်မှာ ကျောင်းသားတစ်ယောက်နဲ့ ကျောင်းသူတစ်ယောက် လမ်းလျှောက်ရင်း ဆုံမိကြတာ 'တောင်းပန်စရာလား'။

ဒီပုဂ္ဂိုလ် နည်းနည်းတော့ ထူးဆန်းနေသည်ဟု ကောင်မလေးက တွေးရင်း တံတားလေးသို့ ဖြတ်ကူးလိုက်ပါတော့၏။ ပြီးတော့ ခုနလူရဲ့ မျက်နှာတို မြင်ဘူးသလိုလိုရှိသည်ဟုလည်း စဉ်းစားမိလိုက်ပါတော့သည်။

xxxx





ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ ပိုင်းလိုက်ခြင်းခံနေရသော ကွမ်းတောင်ကိုင် အပျိုလေးလို ညိုသွေး ရင်ထဲမှာ ကြောက်လန့်တကြား ဖြစ်နေရ၏။ ပတ်ဝန်းကျင်ကိုလည်း ကျီးကန်းတောင်မှောက်ကြည့်ကာ အရာရာကို ချောက်ချားနေသည်။ ထို့ကြောင့် သူသည် ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိဘဲ လျှောက်လာနေရင်းမှ ပတ်ဝန်းကျင်ကို သတိထားမိလိုက်တော့ ကန်တင်းတွေရှေ့ ရောက်နေတာ တွေ့လိုက်ရလေသည်။ ထို့ကြောင့် နီးရာကန်တင်းတစ်ခုကိုဝင်ရင်း သံပရာရည်တစ်ခွက် အရင်မှာလိုက်လေ၏။ သံပရာရည် ရောက်လာပြီး 'တစ်ဝက်လောက် သောက်လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ နည်းနည်းငြိမ်ကျသွားလေတော့ သည်။

ထို့နောက် သက်ပြင်းတစ်ချက် ဖူးခနဲ မှုတ်ထုတ်လိုက်ကာ နဖူးမှချွေးများကို သုတ်လိုက်လေ၏။

သူ့အနေနှင့် အဲဒီလောက်အမူအရာ ပျက်သွားဖို့ မကောင်းမှန်း သူ့ကိုယ်သူသိသည်။ ပြီးတော့ ယောကျ်ားကြီးတန်မဲ့နှင့် အဲဒီလောက် ကြောက်လန့်တကြား ဖြစ်သွားဖို့လည်း မကောင်းပေ။ အမှန်တော့ သူသည် ကောင်မလေးနှင့် ရုတ်တရက်ကြီး တွေ့လိုက်ရချိန် တွင် နှလုံးသားအပူရှပ်ပြီး သွေးလန့်သွားသောကြောင့်ပင်ဖြစ်၏။ ထို့ကြောင့် သူ့ခန္ဓာကိုယ်နှင့် သူ့အသိစိတ်သည် ဦးနှောက်၏ ကွန်ထရိုးအောက်မှ လွတ်၍ သွေးရူးသွေးတန်း ဖြစ်သွားရခြင်းဖြစ်လေသည်။

ဒီနေရာမှာ service (ခေါ်) အတွေ့အကြုံလည်း လိုသေးသည်ဟု သူ့ကိုယ်သူ ပြန်သုံးသပ်မိ၏။ ယခင်က သူ့ဘဝမှာ မိန်းကလေးနဲ့ ပတ်သက်ရင် ဟေးလားဝါးလား လုပ်ဘူးတာကလွဲ၍ ယခုလို အတည်တစ်ခါမှ မဖြစ်ဘူးခဲ့ပေ။ ရည်းစားလည်း မထားခဲ့ဘူးသလို ကောင်မလေးတစ်ယောက်နောက်ကိုလည်း ယခုလို ရည်ရွယ်ချက်ရှိရှိ မလိုက်ဘူး။

ထို့ကြောင့် အတွေ့အကြုံသည် ယခုလို နင်လားငါလား တွေ့ကြုံလာရသောအခါများတွင် အလွန်လိုအပ်သောအရာ ဖြစ်သည်ဟု ရင်ထဲမှာ တွေးထားလိုက်ပါသည်။



"GTC·ထဲ ကျားဝင်နေတယ်ကွ သိလား"

အသံကြား၍ လှည့်ကြည့်လိုက်တော့ နေလင်းက ခုံတစ်လုံးဆွဲကာ သူ့ရှေ့မှာ ဝင်ထိုင်သည်။ ထို့နောက် တောင်တာဘက်သို့ လက်ညှိုးတစ်ချောင်းထောင်ပြကာ သူ့ဘက်ပြန်လှည့်လိုက်သည်။

"ဆောင်းရာသီ မာရသွန်ပြေးပွဲအတွက် လေ့ကျင့်နေတာလား သူငယ်ချင်း"

ညိုသွေးက ဘာပြန်ပြောရမလဲ စဉ်းစားနေစဉ် နေလင်းကပဲ ဆက်ပြောသည်။

"မင်းကို ငါဒီလောက်လှမ်းခေါ်နေတာ မကြားရအောင် မင်းမှာ ဘာအရေးကြီးနေလို့လဲ ညိုသွေးရ၊ ပြီးတော့ အနောက်က ကျားလိုက်လာတာ ကျနေတာပဲ သမ်းလျှောက်တာကလည်း မြန်လိုက်တာ"

"မင်းက ငါ့နောက်ဘာလိုက်လုပ်တာလဲ"

"မင်းနောက်ကို ဘယ်သူကလိုက်တယ်ပြောလို့လဲ၊ ငါ့ဘာသာ ငါ class ပြီးလို့ ထွက်လာတာပေါ့ကွ၊ D ဆောင်ရှေ့မှာ မင်းကိုတွေ့လို့ လှမ်းခေါ်လိုက်တာ"

ညိုသွေးက သက်ပြင်းကို ချလိုက်သည်။ ဒါဆိုဒီကောင် သူ့ပြန်အလာမှ တွေ့တာပဲဟု မှတ်ယူလိုက်၏။ ထိုအချိန်တွင် လက်ဖက်ရည်တစ်ခွက် လာချ၍ နေလင်းက တစ်ချက်မှုတ်ကာ သောက်လိုက်ပြီး. . . .

"မင်းက အတန်းမတက်ဘဲ ဘယ်သွားနေတာလဲ"

"ဒီလိုပါပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



ညို့သွေးက ဟိုမရောက်ဒီမရောက် ဖြေလိုက်သည်။

"သွားမယ်ဆိုလည်း ငါ့ကိုပြောသွားရောပေါ့ကွာ"

"ငါက ကိစ္စရှိလို့သွားတာပါကွ"

"ဘာကိစ္စလဲ"

"ဒီလိုပါပဲဆို"

"မင်းနဲ့ငါနဲ့ကြားမှာ လျှို့ထားရမဲ့ကိစ္စများ ရှိနေလို့လား ညို့သွေးရာ"

ညို့သွေး ဘာပြန်ဖြေရမလဲ စဉ်းစားလိုက်သည်။ အကြာကြီး စဉ်းစားနေရင်လည်း ယုတ္တိမရှိမှာစိုး၍ လတ်တလော ခေါင်းထဲရောက်လာသည့် အဖြေတစ်ခုပေးလိုက်ရ၏။ ထိုအချိန်တွင် ဆရာမတစ်ယောက် ကန်တင်းထဲ ဝင်လာတာ တွေ့လိုက်၍...

"ငါ..ငါ...ငါတို့နယ်မှာနေတုန်းက အသိဆရာမတစ်ယောက် ရောက်နေတယ်ကြားလို့ သွားကြည့်တာပါကွာ"

နေလင်းက မျက်လုံးတစ်ချက်လှန်ကြည့်၍...

"တွေ့လား"

နေလင်းအကြည့်ကြောင့် ညို့သွေး မနေတတ်မထိုင်တတ် ဖြစ်သွားရ၏။ သို့သော် ချက်ချင်း ဟန်ဆောင်လိုက်ကာ...

"ဟင့်အင်း...မတွေ့ခဲ့ပါဘူး"

"ဩော်"

ထိုသို့ တစ်ခွန်းသာပြော၍ နေလင်းက ဘာမှဆက်





မမေးတော့ပေ။ ညို့သွေးလည်း ထိုတော့မှ သက်ပြင်းကို ခိုး၍ချလိုက်မိပါတော့သည်။

ဒီကောင်မလေးနဲ့တော့ ခက်ရပြီ။

xxxx



www.burmeseclassic.com

www.burmeseclassic.com



**နောက်** ရက်တွေမှာ ညိုသွေးလည်း Civil ဘက်သို့ ခြေဦးမလှည့်ရဲတော့။ တစ်ယောက်တည်း မသွားရဲခြင်းကို ဆိုလိုသည်။ နေလင်းပါရင်တော့ တစ်မျိုး။ နှစ်ယောက်ဆိုတော့ အားရှိ၍ တစ်ယောက်နဲ့တစ်ယောက် အားကိုးလို့ရသေးသည်။ ဒါပေမဲ့ ပြောမဲ့သာ ပြောရတာ နေလင်းဆိုတဲ့ကောင်ကလည်း သိပ်အဖြစ်ရှိလှတဲ့ကောင်တော့ မဟုတ်။ သူမသာကိုယ်အသုဘပင်။ သို့သော် ညိုသွေးထက်စာရင်တော့ သူက စာလေးဘာလေး လိုက်ပေးရဲတဲ့ အဆင့်ရှိနေ၍ အရှုံးချင်း တစ်မူးပိုသာသည်ဟု ဆိုနိုင်သည်။

ဤသို့ဖြင့် တစ်ပတ်လောက်နေတော့ ညိုသွေးတ



Civil ဘက်သွားချင်၍ နေလင်းကို စကားစသည်။ နေလင်းက လွတ်သွားတဲ့ အတန်းချိန်တွေအတွက် စာတွေကူးနေချိန်ဖြစ်သည်။ အတန်းချိန် တစ်ချိန်နဲ့တစ်ချိန် အကူးအပြောင်းဖြစ်သောကြောင့် အခန်းထဲမှာ လူရှင်းနေ၏။

ညိုသွေးက နေလင်းကိုကြည့်၍. . .

"မင်းငြိမ်ချက်သားကောင်းနေပါလား၊ ဘယ်လိုမြစ်သွားတာလဲ"

ဟု စကားစသည်။ နေလင်းက. . .

"ဘာကိုငြိမ်ချက်သားကောင်းရမှာလဲ၊ ဒီမှာ စာကူးနေတာ မမြင်ဘူးလား"

"အဲဒါကိုပြောတာ မဟုတ်ဘူးလေကွာ၊ မင်းတို့ကောင်မလေးဆီကို မသွားတော့ဘူးလားလို့ မေးတာ"

"တော်ပါပြီကွာ. . . သူ့ပုံစံကြည့်ရတာ ငါ့ကို လက်ခံချင်ပုံ မပေါ်ဘူးကွ"

နေလင်းက စာကူးနေရင်းမှ ပြန်ဖြေသည်။ ညိုသွေးက. . .

"မင်းက တစ်ခေါက်နှစ်ခေါက်လောက် လိုက်ကြိုးစားကြည့်ရုံနဲ့ ဒီလိုမျိုးဆုံးဖြတ်တာ မစောလွန်းဘူးလားကွ"

"တစ်ခေါက် နှစ်ခေါက် မကဘူးကွ၊ ငါကြိုးစားတာ သုံးလေး ခေါက်ရှိနေပြီ၊ ကြာတော့ လူက အားပျော့လာပြီ"

"ကြိုးစားမှုပေါ့ကွာ၊ ဟင်းရွက်ကန်စွန်းမှ မဟုတ်

www.burmeseclassic.com

တာ"

နေလင်းက ဘာမှပြန်မပြောဘဲ စာကိုသာမဲ၍ ကူးနေသည်။ ညိုသွေးက နေလင်းအမူအရာကိုကြည့်၍ စိတ်မရှည်တော့သည့် လေသံနှင့်...

"ဟေ့ကောင်... ငါပြောတာကြားရဲ့လား"

"ကြားသားပဲ"

"ဒါဆို ဘာလုပ်မှာလဲပြော"

"နေပါဦး... မင်းက ငါ့ကိုယ်စား စိတ်ပူနေရအောင် ဘာဖြစ်နေတာလဲ"

ညိုသွေးရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ နေလင်းများ သူ့ကိုရိပ်မိသွားပြီလားဟု စိတ်ပူသွားမိ၏။ အမှန်ဆို ညိုသွေးရင်ထဲမှာ ဒီလိုဖြစ်သွားစရာအကြောင်းအရင်း မရှိပေ။ နေလင်းသိသွားတော့ရော ဘာဖြစ်မှာနည်း။ နှစ်ယောက်ပေါင်း၍ လှပ်ရှားလျှင် အဖော်တောင်ရဦးမည်။ သို့သော် ညိုသွေးခမျာ ဘာကိုရှက်လို့ ရှက်နေမှန်း မသိပေ။ တစ်ခါတစ်ရံ အချစ်နဲ့ပတ်သက်ရင် လူတွေသည် ဝေါက်တောက်တောက်ဖြစ်သွားတတ်သလားတော့ မပြောတတ်ပေ။

"ငါက မင်းအတွက်ပြောတာ ငပေါရဲ့၊ မင်းကောင်မလေး သူများနောက်ပါသွားမှာ စိုးရိမ်လို့ပြောတာ"

နေလင်းက ဆတ်ခနဲမော့ကြည့်၏။ စိုးရိမ်သောအကြည့်များနှင့် ညိုသွေးကလည်း ဒါကိုကြည့်၍ ဂွင်ဝင်ပြီ



ဆိုပြီး...

"ဟုတ်တယ်... ငါဟိုနေ့က ကျောင်းလခသွားသွင်းတုန်း မင်းကောင်မလေးနောက်ကို ငနဲတစ်ကောင်လိုက်ဖောနေတာ တွေ့ရတယ်၊ မင်းဟာမလေးကလည်း ပြုံးလို့ရယ်လို့"

"ဟုတ်လို့လားကွာ သူပြုံးတာ ငါတစ်ခါမှ မတွေ့ဘူးသလိုပဲ"

"ဟုတ်ပါတယ်ဆို... အေးလေ မင်းမယုံရင်လည်းနေပေါ့၊ ငါကတကယ်ပြောတာ"

စကားကို ခဏရပ်လိုက်ပြီးနောက် နေလင်းမျက်နှာကို အကဲခတ်လိုက်သည်။ နေလင်းသည် စာကူးနေရင်းမှ တွေတွေကြီး ဖြစ်သွားကာ ကြောင်စီစီကြီးနှင့် အုတ်နံရံကြီးကို ငေးကြည့်နေ၏။ တော်တော်လေးကြာတော့မှ သက်မကြီးချပစ်လိုက်ကာ...

"အေးလေ... သူကျေနပ်တဲ့ကောင် ဆိုတော့ ပြုံးပြုံးလေး စကားပြန်ပြောမှာပေါ့ကွာ၊ ငါ့လို မျက်နှာမွဲကောင်မျိုးကိုတော့ သူ ဘယ်ဂရုစိုက်ပါ့မလဲ၊ ထားပါတော့ကွာ အဝေးကပဲ သူပျော်နေတာကြည့်ပြီး ငါ့စိတ်ငါ ဖြေသိမ့်လိုက်ပါတော့မယ်"

"ဟင်"

အထင်နဲ့အမြင် တခြားစီဖြစ်သွား၍ ညိုသွေးမှာ မျက်လုံးပြူးသွားရတော့၏။ သူထင်ထားတာက နေလင်းခမျာ သူဆိုက ဒီစကားမျိုး ကြားလိုက်ရရင် တအံ့တတ်

www.burmeseclassic.com



ကြွကြွဖြစ်သွားမည်ဟု ထင်ထားတာ အခုတော့ 'ပေးဆပ်သူတို့နှလုံးသား'နဲ့ လာတိုးနေ၏။

အမှန်တော့ နေလင်းကောင်မလေးမှာလည်း ဘယ်ငတိနဲ့မှ စကားပြန်ပြောတာမဟုတ်။ အခြေအနေအရ ထွင်လိုက်သော သူ့ရဲ့လုပ်ဇာတ်သာ။

"အဲဒီလိုလည်း မဟုတ်သေးဘူးလေ နေလင်းရာ၊ သူ့သူငယ်ချင်းထဲကလည်း ဖြစ်နိုင်ပါတယ်၊ အဲ...ငါပြောတာကကွာ ဒီလိုကွာ ဘာပဲဖြစ်ဖြစ် မင်းကို ကောင်မလေးနဲ့ ဖြစ်သွားစေချင်လို့ ငါက သတိပေးတဲ့သဘောပါ၊ မင်းထင်သလိုကြီး ဖြစ်သွားမယ်လည်း မထင်ပါဘူး"

ညိုသွေးဘက်က တစ်ထစ်လျှော့ချပေးလိုက်ရသည်။ ပြီးနောက် နေလင်းအမူအရာကို အကဲခတ်ကြည့်မိ၏။ နေလင်းက အရင်ကထက်စာရင်တော့ မျက်နှာမှာ သွေးရောင်နည်းနည်း ပြန်တက်လာသည်ဟု ဆိုနိုင်၏။ ဒါဆို အခြေအနေမဆိုး။

"သူ့ဘဝမှာ ဘယ်ကောင်လေးနဲ့မှ ပြုံးပြုံးရယ်ရယ် စကားမပြောဖူးဘူးကွ၊ မင်းပြောသလိုဆို အဲဒီကောင်ဘက်က အခြေအနေ အရမ်းကောင်း"

"မဟုတ်ပါဘူးဆိုကွာ သူတို့ကြည့်ရတာ ရည်းစားလုံးဝမဟုတ်နိုင်ဘူး"

"မင်းသေချာလို့လား"

"သေချာပါတယ်ဆိုကွာ၊ မင်းကောင်မလေးအကြောင်းလည်း မင်းသိတာပဲ"



နေလင်းက ခေါင်းကိုညိတ်သည်။ ညိုသွေးခမျာ သက်ပြင်းကို မသိမသာ ခိုးချလိုက်ရ၏။ သူ့မှာလည်း လိုအပ်ချက်တစ်ခု ရှိနေ၍သာ ဖြစ်၏။ နောက်မို့ဆိုလို့က တော့ 'မင်းဟာမင်း ကြိုက်ချင်ကြိုက် မကြိုက်ချင်နေကွာ' ဟု ထားပစ်ခဲ့လိုက်မှာ...။

နေလင်းက...

"ဟုတ်တာတော့ ဟုတ်တယ်ကွ၊ သူက ဘာလို့ ယောကျ်ားတွေကို ဒီလောက်မုန်းနေလဲမသိဘူး"

"မင်းပြောသလိုပဲ ငါလည်း အဲဒါပဲ သိချင်နေတာ"

"ကိုကြွယ်လေးကို စုံစမ်းခိုင်းရင် ကောင်းမယ်"

"မင်းကလည်းကွာ တစ်ခါလာလည်း ဒီလူကြီးပဲ အပူကပ်ချင်နေတာပဲ၊ ဒီလူကြီးကိုများ မင်းက ဂျာနယ် ပေါင်းချုပ်များ အောက်မေ့နေလား"

"ဘာပဲဖြစ်ဖြစ် သူက နှံ့နှံ့စပ်စပ်ရှိတယ်ကွ"

ညိုသွေးက ဘာမှမပြောဘဲ တစ်ချက်စဉ်းစားသလို လုပ်သည်။ ခဏနေတော့မှ...

"သူ့ထက် မင်းကောင်မလေးအကြောင်းကို သိနိုင်တဲ့လူရှိတယ်"

"ဘယ်သူလဲ"

"မေးမနေနဲ့ ငါပြောလည်း မင်းသိမှာမဟုတ်ဘူး။ မနက်ဖြန် လက်တွေ့ချိန်ပြီးရင် ငါနဲ့လိုက်ခဲ့"

နေလင်း ဘာမှမပြောဘဲ ခေါင်းသာညိတ်ပြလိုက်ပါတော့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



**သုံး** မတ်ပတ်လည်လောက်ရှိသည့် လေးထောင့် သံချောင်းကို ငါးမူးပတ်လည်လောက်ရအောင် သွေးခိုင်းသည်။ သွေးခိုင်းတာကလည်း ကျောက်စက်နဲ့မဟုတ်။ တံစည်းနဲ့ကိုယ်တိုင်သွေးရခြင်းဖြစ်၏။ ဒါမျိုး အပြင်က တွင်ခုံတစ်ခုမှာ သွားသွေးရင် ငါးမိနစ်သာ။ သို့သော် လက်တွေ့ခန်းထဲတွင်တော့ အချိန်ကုန်သည်အထိ လက်မောင်းပြုတ်အောင် ထိုင်သွေးနေရ၏။ ဒီလိုအခါမျိုးမှာ ရည်းစားရှိသော ကောင်တွေ သိပ်မစားသာလှ။ ကိုယ့်အတုံး ကိုယ်သွေးရုံသာမက ကိုယ်နဲ့ပတ်သက်တဲ့ ကောင်မလေးအတုံးပါ လိုက်ကူသွေးပေးနေရ၏။ သေရောပဲ။ ကောင်မလေးတွေကလည်း



သိတဲ့အတိုင်း တခြားအချိန်မှာသာ ကိုယ့်ရည်းစားနားတပ်ချင်မှကပ်မည်။ ဒီလို အချိန်မျိုးမှာ ဆိုလို့ကတော့ တိုကိုရေ၊ မောင်မောင်ရေနှင့် တောက်တဲ့က အမေတော်သွားရလောက်အောင် ကပ်နေ ပေလိမ့်မည်။ ခေါ်ခံရတဲ့ကောင်ကတော့ လက်မောင်း အာနိုးလောက်ဖြစ်ပြီပဲ။

အဲ. . . တချို့ကျတော့လည်း၏။ ဒီလိုလက်တွေ့ချိန်မျိုးမှာ ဒါမျိုးလုပ်နိုင်းတတ်တယ်ဆိုတာကို ကြိုတင်စုံစမ်းထား၍ သံချောင်းတွေကို လိုအပ်တဲ့အတိုင်းအတာအတိုင်း တွင်ခုံမှာ ကြိုလုပ်ထားကြ ခြင်းဖြစ်၏။ ပြီးမှ လက်တွေ့ခန်းထဲမှာ ကိုယ့်ကိုယ်တာရသည့် သံတုံးကို အရောင်ပြသွေးပြီး အဆင်သင့်ယူလာတဲ့ သံတုံးကို ပေးလိုက်ရုံသာ။ သို့သော် အမြဲတမ်း အဆင်ပြေသည်တော့ မဟုတ်ပေ။ ဆရာတွေက ထိုသံတုံးမျိုးကိုကြည့်၍ တွင်ခုံကလာတာလား၊ လက်နဲ့ကိုယ် တိုင်သွေးတာလားဆိုတာ သိပြီးသားဖြစ်၏။ ထို့ကြောင့် တစ်ခါတစ်ရံ ပညာပြတတ်သည်။ ငါးမူးလောက်ရှိသည့် အဝိုင်းပြားတွေကို တစ်မတ် နီးနီးကျသွားအောင် ကော်ပတ်စားခိုင်းခြင်းပင် အဲဒီလိုနေ့မျိုးဆိုရင်တော့ ဂိန်ရောပဲ။

ဒီနေ့ကတော့ ရိုးရိုးတန်းတန်း သံချောင်းသွေးခိုင်းတဲ့ သင်ခန်းစာကိုသာ လုပ်ခိုင်းပြီး ရှေ့တစ်ပတ်မှာ ဝရိန်ဆော်ခြင်း နည်းပညာကို စသင်မည်ဟု ဆရာကပြော၍ တန်းဖြုတ်ပေးလိုက်ပါ၏။ ပုံမှန်အချိန်ထက် စောဆင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်၍ ကျောင်းသားကျောင်းသူတွေ ပျော်ရွှင်စွာ လက်တွေ့ခန်းထဲမှ ထွက်လာကြသည်။ နောက်တစ်ချိန်က ထမင်းစားနားချိန်ဖြစ်၍ ကန်တင်းဘက်သို့ အုပ်စုလိုက် ချီတက်လာကြပါတော့သည်။

ညိုသွေးနဲ့ နေလင်းကတော့ တခြားသူများနည်းတူ ကန်တင်း ဘက်သို့ မသွားသေးဘဲ လူတစ်ယောက်ကို စောင့်နေလိုက်သည်။ ခဏကြာတော့ လက်တွေ့ခန်းထဲမှ ခပ်ဝဝနဲ့ ကျောင်းသားတစ်ယောက် ထွက်လာ၏။

ညိုသွေးက နေလင်းကို လက်ကုတ်လိုက်၍ ထိုကျောင်းသားကို မျက်စပစ်ပြလိုက်ကာ. . .

"အဲဒါ ငါပြောတဲ့ကောင်ပဲ၊ ကွန်ပါဗူးက ဒီကောင့် မထိဘဲ ငါ့လာထိတယ်ဆိုတာ ဒီကောင်ပေါ့"

နေလင်းက အသာခေါင်းညိတ်ပြ၏။ ခဏနေတော့ ခုနကျောင်းသား သူတို့နောက် ရောက်လာ၍ ညိုသွေး က. . .

"ကိုစိုးကျော် ဘယ်သွားမလို့လဲ"

ခုနကျောင်းသားက မော့ကြည့်၍ ညိုသွေးကိုတွေ့ တော့မှ မှတ်မိသွားဟန်ဖြင့်. . .

"ဟာ. . . ဟိုတစ်ခါတွေ့တဲ့ တစ်ယောက်မလား၊ ဘယ်သွားကြမလို့လဲ"

ညိုသွေးက ပြုံးပြလိုက်ရင်း 'ခင်ဗျားကိုစောင့်နေတာဗျ'ဟု ပြောလိုက်သည်။ စိုးကျော်က အံ့ဩသွားသော မျက်နှာနှင့်. . .





"ကျွန်တော့်ကို ဟုတ်လား၊ ဘာကိစ္စများရှိလို့လဲ"

"ဒီမှာပြောလို့ရှိရင် အဆင်မပြေဘူးဗျ၊ လမ်းမကြီး မှာ၊ ကိုစိုးကျော်အားရင် ကန်တင်းခဏလိုက်ခဲ့ပါလား"

စိုးကျော်က လက်ပတ်နာရီကို တစ်ချက်ကြည့် ၍. . .

"ရပါတယ်၊ ကျွန်တော်လည်း အဲဒီဘက်သွားမှာ ပါ"ဟု ပြော၍ ပါလာလေသည်။ လမ်းတွင် နေလင်းနဲ့ စိုးကျော်ကို ညိုသွေးက မိတ်ဆက်ပေးသည်။ ထို့နောက် အခုလာတာ ဒီကောင့်ကိစ္စဗျဟု ပြော၍ လာရင်းကိစ္စကို အစပျိုးထားလိုက်ပါတော့သည်။

ခဏကြာတော့ ကန်တင်းသို့ သူတို့ရောက်လာကြ သည်။ ထိုင်ပြီး အဆင်ပြေရာ မှာလိုက်ကြပြီးနောက် ညိုသွေးက စကားကို စလိုက်လေသည်။

"ဒီလို ကိုစိုးကျော်ရယ်"

"ဆိုဗျာ. . . ဘာကိစ္စလဲ"

"ဒီကောင့်ကိစ္စပါ၊ ပြောရရင်တော့ နည်းနည်း ရှည်မယ်၊ ဒါကြောင့် အတိုချုံ့ပြီးပဲ ဆိုတော့မယ်"

စိုးကျော်က ခေါင်းညိတ်ပြသည်။ ထို့နောက် လက်ဖက်ရည်ကို တစ်ငုံငုံလိုက်၏။ ညိုသွေးက ဆက် ၍. . .

"ဒီကောင် ယုဂီကို ကြိုက်နေလို့ဗျ"

"ဖူး"

"အမလေး. . . အား ပူလိုက်တာ၊ ဘယ်လိုဖြစ်တာ



www.burmeseclassic.com

www.burmeseclassic.com



လဲဗျ"

"ဟာ. . . ဆော်တီး ဆော်တီး၊ ရုတ်တရက်ဆိုတော့ အံ့သြသွားလို့ပါ"

စိုးကျော်က လက်ကာပြရင်းဆို၏။ အခြေအနေက ခဏခြင်းပင် ရှုပ်ထွေးသွားသည်။ နေလင်းမျက်နှာတစ်ခုလုံး လက်ဖက်ရည်တွေ ရွှဲကုန်၏၊ စိုးကျော်က နေလင်းမျက်ခွက်ကြီးကို လှည့်ကြည့်လိုက်ချိန်တွင် တည့်တည့်ကြီး မှုတ်ထုတ်လိုက်ခြင်းပင် ဖြစ်၏။

ခဏကြာတော့ အခြေအနေသည် နဂိုအတိုင်း ပြန်လည်တည်ငြိမ်သွားသည်။ နေလင်းက စန္ဒီးတာဝါတစ်ခုမှာ၍ တစ်ကိုယ်လုံးက လက်ဖက်ရည်တွေကို လိုက်သုတ်နေလိုက်သည်။ စိုးကျော်က နေလင်းလက်မောင်းလေးကို ကိုင်လိုက်၍. . .

"ကျွန်တော် ထပ်ပြီး အနူးအညွတ်တောင်းပန်ပါတယ်ဗျာနော်၊ ဒီက ကို. . . အဲ. . . ဟို. . . ဘယ်သူ"

"နေလင်းပါ"

"အဲ. . . ဒီက ကိုညိုသွေး ပြောလိုက်တဲ့စကားတို ရုတ်တရက် ကြားလိုက်ရတော့ အံ့သြတကြီးနဲ့ မထိန်းနိုင်ဘူးဖြစ်သွားတာ"

"ရပါတယ်"

နေလင်းက အောင့်သက်သက်နှင့် ပြောလိုက်ရလေသည်။ သို့သော် စိုးကျော်အမူအရာကြောင့် တောင်မလေးအကြောင်းက စိတ်ဝင်စားဖို့ ပိုကောင်းလာ၏။



စိုးကျော်က တောင်မလေးနာမည် ကြားလိုက်တာနှင့် ဘာလို့ဒီလောက်အထိ ဖြစ်သွားရလဲဆိုတာကို တွေးမိလိုက်၍ဖြစ်သည်။

ညိုသွေးက. . .

"ရပါတယ်ဗျာ. . . ကျွန်တော်တို့က ဘော်ဒါတွေပဲ၊ ဒါတွေ **Don't care** ပါ၊ **No problem** "

စိုးကျော်ကပြုံးလိုက်သည်။ ထို့နောက် နှစ်ယောက်လုံးကို ကြည့်၍. . .

"ခါနဲ့ နေပါဦး. . . ကိုနေလင်းနဲ့ ယုဂီက ဘယ်လိုတွေ့ကြတာလဲ"

"အဲဒီကိစ္စပြောမလို့ ကိုစိုးကျော်ကို ခေါ်လာတာပေါ့"

"ကဲ. . . ဆိုစမ်းပါဦးဗျာ"

"ဒီတစ်ခါတော့ လက်ဖက်ရည်မသောက်တော့ပါဘူးနော်"

နေလင်းရဲ့စကားကြောင့် အားလုံးရယ်လိုက်ကြ၏၊ အခုလို လေးရယ်လိုက်ကြတော့ တစ်ဦးနဲ့တစ်ဦး ပိုမိုရင်းနှီးသလိုလေး ဖြစ်သွားရလေသည်။ အရယ်ဆုံးတော့ ညိုသွေးက ဖြစ်ကြောင်းကုန်စင်ကို အတိုချုံးကာ ပြောပြလေသည်။ ညိုသွေး ရှင်းပြနေစဉ် အချိန်အတွင်း စိုးကျော်က ဘာတစ်ခွန်းမှ ဝင်မပြောဘဲ စိတ်ဝင်စားစွာ နားထောင်နေမိ၏။

ညိုထွေး စကားဆုံးသွားတော့မှ. . .

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူးဗျ၊ လုံးဝမဖြစ်နိုင်ဘူး"

ဟု ခပ်လေးလေးကြီး ပြောချလိုက်ပါတော့သည်။

"ဟင်"

နေလင်းက မျက်လုံးပြူးသွားသည်။ ညိုသွေးက မျက်မှောင်ကြုတ်သွား၍. . .

"ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်ရမှာလဲ. . ခင်ဗျားတို့ သူ့အကြောင်း ဘယ်လောက်သိလဲ"

"ဘယ်လောက်မှမသိဘူး"

"အဲဒါကြောင့်ပြောတာပေါ့ မဖြစ်နိုင်ဘူးလို့"

"ဒါကြောင့် ခင်ဗျားကို သူ့အကြောင်းသိအောင် အကူအညီတောင်းရတာလေ"

စိုးကျော်က ဆိုင်ပြင်ကို ခပ်တွေတွေကြီး ကြည့်နေသည်။ တော်တော်လေးကြာအောင် ကြည့်ပြီးမှ ခေါင်းတခါခါလုပ်၏။ ထို့နောက် သူတို့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ နှစ်ယောက်စလုံး လန့်သွားကြ၏။ ခဏကြာတော့မှ စိုးကျော်က ပုံမှန်လေသံလေးဖြင့်. . .

"သူက **Broken family** ဗျ၊ သူ့အဖေနဲ့အမေက သူငယ်ငယ်လေးကတည်းက ကွဲသွားကြတာ၊ သူ့အဖေ အိမ်ထောင်ရေး ဖောက်ပြားလို့ ကွဲသွားကြတယ်ပြောတာပဲ၊ ပြီးတော့ သူအသက်ကြီးလာတော့ သူ့အမေရဲ့ မိတ်ဆွေတစ်ယောက်က သူ့အမေကို စောင့်ရှောက်သလိုလိုနဲ့ ငွေတွေလိမ်သွားဘူးတယ်၊ အဲ အဆိုးဆုံးက သူ့အစ်မကိစ္စပဲ"



စိုးကျော်က ထိုနေရာမှာ စကားခဏရပ်လိုက်သည်။ ထို့နောက် ဆေးလိပ်တစ်လိပ်ကို ဟန်ပါပါနှင့် မီးညှိလိုက်၏။ ညိုသွေးနဲ့ နေလင်းက စိုးကျော်ဆက်ပြောမဲ့စကားကို စိတ်ဝင်စားနေ၍ ပါးစပ် အဟောင်းသားလေးတွေနှင့် ငေးနေမိ၏။

ခဏကြာတော့မှ စိုးကျော်က ဆေးလိပ်ငွေ့တွေကို မှုတ်ထုတ်လိုက်၍. . .

"သူ့အစ်မက တက္ကသိုလ်ရောက်တော့ လူလည်တစ်ယောက်နဲ့ ကြိုက်တယ်၊ အဲဒီကောင်က သူ့အစ်မကို တော့ရရုံကြံသွားပြီး ဗိုက်တစ်လုံးနဲ့ ထားခဲ့လိုက်တယ်ဗျာ၊ အဲဒီမှာတင် သူ့အစ်မကိုယ်ဝန် သွားဖျက်ချရာကနေ သေသွားပါလေရော"

"ဟင်"

နှစ်ယောက်စလုံးထံမှ အာမေဋိတ်သံ ထွက်လာကြ၏။ စိုးကျော်က ခေါင်းတညိတ်ညိတ်လုပ်၍. . .

"ဟုတ်တယ်ဗျ. . . အဲဒီမှာတင် သူ့တစ်သက်လုံး ယောကျ်ားတွေကို မုန်းသွားပါလေရော၊ သူ့ဆီ ချဉ်းကပ်တဲ့ကောင်တွေကိုလည်း ပါးချခံရတဲ့လူ ချခံရ၊ တွန်းလှဲခံရတဲ့လူခံရနဲ့ တစ်ခါတလေ ဖိနပ်နဲ့ပါ ကောက်ရိုက်ရင်ရိုက်တာ"

နေလင်းက ယောင်ပြီး သူ့ပါးသူ ပွတ်လိုက်သည်။ ညိုသွေး က တံတွေးကို ဂလုခနဲ မြိုချပစ်လိုက်၏။

"ဟိုတစ်ခါက ကွန်ပါဗူးပြဿနာကလည်း အဲဒါပဲ၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့လည်း ဘာမှမဆိုင်ဘူး၊ ကျွန်တော်နဲ့ ကျွန်တော့် ကောင်မလေးကြား ဝင်ပါတာ၊ အခုတော့ သူလုပ်တာနဲ့ ကျွန်တော့်ကောင်မလေးနဲ့ ကျွန်တော်ပြတ်ပြီ"

စိုးကျော်က ခံစားချက်အပြည့်နဲ့ စကားကို ဆက်ပြော၏။ ခံစားချက်က ပြည့်လွှန်းနေ၍ ငိုသံပါထွက်နေသည်။

"အဲဒီတုန်းက ခင်ဗျားနဲ့ ခင်ဗျားကောင်မလေးက ဘာဖြစ် တာလဲဗျ"

ညိုသွေးက မီးလောင်ရာလေပင့် ပေးလိုက်၏။ စိုးကျော်က ဆွေးရိပ်သန်းသော မျက်ဝန်းများနဲ့ Drawing ဆောင်အောက်က ခွေးသေးပန်းပင်တွေကို စိုက်ကြည့်လိုက်ရင်း. . .

"ရုပ်ရှင်ပေါ့ဗျာ၊ ရုပ်ရှင်၊ ကောင်မလေးက ကျွန်တော့်ကို ရုပ်ရှင်လိုက်ပြခိုင်းတယ်၊ အဲဒီတုန်းက ရာဇာနေဝင်းနဲ့ လွင်မိုးကားကို သူမကြည့်ရရင် လဲသေသွားလိမ့်မယ်ဆိုပြီး လိုက်ပြခိုင်းတယ်၊ ဒါပေမဲ့ ဖြစ်ချင်တော့ အဲဒီနေ့မှာပဲ မျှစ်ချဉ်နဲ့ သရက်သီးသုပ်စားပြီး ကျွန်တော် ချီးပန်းသွားတာ အိပ်ရာကတောင် မထနိုင်ဘူး အဲဒီမှာတင် ရာဇာနေဝင်းနဲ့ လွင်မိုးကို မကြည့်ရတဲ့အမှုနဲ့ ကျွန်တော်နဲ့သူ ပြဿနာတက်ပါလေရော"

ဇာတ်က နည်းနည်းတော့ရှုပ်သည်။ စိတ်မကောင်းစရာ လည်းပါ၏။ ညိုသွေးက စိတ်မကောင်းတဲ့အမူအရာနဲ့ ခေါင်းတညိတ်ညိတ်လုပ်၍. . .



"ဒါပေါ့ဗျာ. . . ကိုယ့်ရည်းစားတစ်ယောက်လုံး ချီးပန်းနေ တာတောင် နားလည်မပေးနိုင်တော့ ဘယ်ကောင်းပါ့မလဲ"

"ဒါပေါ့ဗျ. . . ဒီကြားထဲ အဲဒီယုဂီဆိုတဲ့ မိန်းမဝင်ရှုပ်မှ ကျွန်တော်တို့ဇာတ်က တစ်ခါတည်းပြီးတော့တယ်"

"ဩော်. . . ဒါဆို ကျွန်တော် ကွန်ပါဗူးနဲ့ ပေါက်ခံရတဲ့နေ့က အဲဒီကိစ္စဖြေရှင်းနေတာပေါ့ ဟုတ်လား"

စိုးကျော်က ခေါင်းညိတ်ပြ၏။

"ဒါဆို ခင်ဗျားက အလွမ်းမောင်မောင်၊ ပန်းမောင်မောင် ဖြစ်နေတဲ့အကြောင်း သေချာရှင်းမပြလိုက်ဘူးလား"

"ခင်ဗျားမြင်တဲ့အတိုင်း ရှင်းပြတာကို လက်မှမခံတာ"

"ဒါဆို သူ ချီးမပန်းဘူးလို့နေမှာပဲဗျ"

ထိုစကားကို နေလင်းက ဝင်ထောက်လိုက်၏။ စိုးကျော်က

"ဘာဆိုင်လို့လဲဗျ"

"ဆိုင်တာပေါ့ဗျ၊ တကယ်လို့သာ သူချီးပန်းဘူးရင် ကိုယ်ချင်းစာတတ်မှာပဲ"

"ဒါကတော့ ခင်ဗျားပဲ သူ့ကိုသွားမေးဗျာ၊ ကျွန်တော်ကတော့ မမေးမိဘူး"

"အမလေး. . . . မမေးရဲပါဘူးဗျာ"

ဟု နေလင်းက ကြောက်ရွံ့စွာ ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးက စကားကိုဖြတ်၍...

"နေစမ်းပါဦး...ခင်ဗျားကောင်မလေးနဲ့ သူနဲ့က"

"သူငယ်ချင်းတွေပါ"

"ဩော်...အေး ခင်ဗျား အဲဒီနေ့က ကျွန်တော့်ကိုပြောတယ်၊ မေ့သွားလို့"

ထိုအချိန်တွင် Drawing ဆောင်နောက်ကျောမှ ပြေးသံလွှားသံများနှင့် ဆူညံသံများထွက်လာ၍ သူတို့စကား ပြတ်သွားကြ၏။ သူတို့ထိုင်နေတဲ့ကန်တင်းက Drawing ဆောင်နဲ့နီးတော့ ထိုအသံများကို အတိုင်းသားကြားနေရသည်။

"ပြေးဟေ့...ပြေးဟေ့"ဆိုသော အသံများ။

'ဟေ့ကောင်...ငါက စပိတ်တစ်နဲ့ အော်တိုနော်၊ မမေ့နဲ့ဦး'ဆိုသော ပြေးရင်းလွှားရင်း ဆိုသွားသည့်အသံများလည်း ကြားနေရ၏။ တစ်ချက်တစ်ချက် အနောက်ဘက်ဝရန်တာမှ မြေပြင်ရှိချုံပုတ်များပေါ်သို့ ခုန်ချနေသည့် အသံများကို တဖုတ်ဖုတ်နှင့် ကြားလာရသည်။

ခဏကြာတော့ ကန်တင်းထဲသို့ ကြွယ်လေးတစ်ယောက် မောကြီးပန်းကြီး ပြေးဝင်လာ၏၊ သေငယ်ဇောနှင့် မျောပြီး အလောတကြီး ပြေးဝင်လာပုံပေါက်သည်။ ဖိနပ်က ခြေထောက်မှာမရှိတော့။ ဘယ်နေရာကျွတ်ကျခဲ့လို့ ကျခဲ့မှန်းလည်း သူ့ဘာသာသူ သိပုံမရ။

"ကျောင်းအုပ်ဆရာမကြီး Drawing ဆောင်ပေါ်





တက်ပြီး ဖဲဝိုင်းတက်ဖမ်းတာ၊ ဖဲဝိုင်းတက်ဖမ်းတာ"

ကျောင်းသားနှစ်ယောက်လည်း ကြွယ်လေးလိုပဲ တန်ဝင်းထဲ ပြေးဝင်လာသည်။ ထို့နောက် သူတို့ပါးစပ်များမှလည်း ထိုကဲ့သို့ သွေးရူးသွေးတန်းပြောရင်း ကန်တင်းအနောက်ဘက်သို့ ပြေးဝင်သွားတော့၏။ ကြွယ်လေးလည်း သူတို့ကိုမြင်သော်လည်း နှုတ်မဆက်နိုင်အားဘဲ ထိုကျောင်းသားများနည်းတူ အနောက်ဘက်သို့ လိုက်ဝင်သွားပါတော့သည်။

ခဏနေတော့ ကန်တင်းတွေရှေ့သို့ မာစဒါဂျစ်အစိမ်းရောင် ကားတစ်စီးဆိုက်ရောက်လာသည်။ ဆရာမကြီးစီးသော ကားဖြစ်သည်။ ကားရှေ့ခန်းတွင် ဆရာမကြီးပါလာ၏၊ ထို့နောက် ကန်တင်းတွေထဲသို့ သူမ၏စွန်မျက်လုံးများနှင့် စူးစူးစိုက်စိုက်ကြည့်ကာ လိုအင်မကျသော မျက်နှာထားနှင့် ပြန်ထွက်သွားပါတော့သည်။

ကားနောက်ခန်းတွင်မူ ကြွယ်လေးတို့လို အပြေးမတော်သော ကျောင်းသားသုံးယောက်လောက် မျောက်အိုလေးတွေလို ထိုင်ကာပါသွားတာ တွေ့လိုက်ရတော့၏။

သူတို့ကိုကြည့်၍ ညိုသွေးရင်ထဲမှာ သက်ပြင်းမှုလိုက်မိပါ၏။ တော်သေးသည်ဟု ဆိုရမည်။ သူက ဖဲမရိုက်တတ်၍။

×××××



www.burmeseclassic.com

## အခန်း (၃)



စာသင်နှစ်ဝက်ကျော်သည် တဖြည်းဖြည်းနှင့် ကုန်ဆုံးလာသည်။ ဖင်လှည့်ခေါင်းလှည့်နှင့် ပထမနှစ်ဝက်စာမေးပွဲကြီး နီးလာ၏။ ထို့ကြောင့် နှလုံးသားရေးရာများ ဘေးချိတ်၍ စာကို ဖိဖိစီးစီးလုပ်လာကြရ၏။ အရင်က လက်တွေ့ခန်းမဝင်သူများ လက်တွေ့ခန်းမှာ တရှုန်းရှုန်း ဖြစ်လာကြသည်။ လက်တွေ့ချိန်များမှ သော အမှတ် (၂၀)ကို မက်မောလာကြသည်။ အရင်က အတန်းမှန်မှန် မတက်သူများ အတန်းမှန်လာကြသည်။ ကျူတိုရီရယ် မှန်မှန်ဖြေလာကြ၏။ ကြွယ်လေးတောင် ညဘက်တွေ အရက်မသောက်နိုင်တော့ဘဲ အတန်းသစ်ထားတဲ့အချိန်တွေအတွက် စာတွေကျူးနေရ၏။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကြီးနီးလာတော့ ထုံးစံအတိုင်း ဘုရားမှာ လူစည်လာသည်။ ယတြာချေခြင်း၊ ဆုတောင်းခြင်း၊ ကိုယ်ကျက်ထားတဲ့အပုဒ်တွေ ပါရှိစေခြင်း စသည်တို့အတွက် သူ့ထက်ငါ အပြိုင်အဆိုင် နီးစပ်ရာဘုရားများသို့ ပြေးကြ၏။ သူ့တို့ကျောင်းနားမှာတော့ ကျောက်တန်းရေလယ်ဘုရားရှိနေ၍ ထိုဘုရားသို့ သွားကြတာများသည်။ တချို့တွေက ဘုရားတစ်ဆူတည်းနှင့် မလုံလောက်၍ ရန်ကုန်ထဲက တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တစ်ထောင်၊ ကမ္ဘာအေး စသည့်ဘုရားများပါ သွားရောက်ကြလေသည်။

နောက်တစ်ချက်က စာမေးပွဲကြီးနီးလျှင် ဘာကြောင့်မှန်းမသိ ဗေဒင်ဆရာများ ဝင်ငွေကောင်းလာခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပါဒကြီးကျေးရွာမှ ဗေဒင်ဆရာများ ဗေဒင်တွက်သူများနှင့် ဝင်လာမစဲ တသဲသဲဖြစ်လာကြ၏။ ယတြာများအနေနှင့် ညောင်ထောက်ခြင်း၊ ကံပေါ်မှအောင် ရေတွင်းရေကန်အပျက်များ ဝိုင်းကူဖော်ပေးခြင်းများ လုပ်လာကြသည်။ ကျောင်းအနောက်ဘက်က ညောင်ပင်ကြီးဆို ညောင်ထောက်သူများ ဝိုင်းဝိုင်းလည်နေ၍ ဝါးလုံးများ ရွာမလောက်ဖြစ်ကုန်သည်။ ထို့ကြောင့် ထိုညောင်ပင်ကြီးနားရှိ ဝါးတောလေးမှာ ညောင်ထောက်သူများကြောင့် နေ့ချင်းညချင်း ပြောင်သလင်းခါသွားရလေ၏။ အရင်က သရဲခြောက်သည်ဆို၍ ထိုညောင်ပင်ကြီးအနား ဘယ်သူမှမသွားရဲ၊ အခုတော့ ဆရာမကြီးတောင် တားယူရသည့်အဆင့်အထိ ဖြစ်လာ၏။



ညို့သွေးနဲ့ နေလင်းကတော့ ဘယ်မှမသွားပါ။ သူတို့က ဗေဒင် ယတြာများလည်း အယုံအကြည်မရှိသလို ဘုရားလည်း သွားရကောင်းမှန်းမသိ။ ဘုရားကိုတော့ ညစဉ်ရှိခိုး၍ ဘုရားပေးတဲ့ ဆုနဲ့တော့ ပြည့်စုံနေပြီဟု မှတ်ယူမိ၏။ နောက်ပြီး သူတို့က အတန်းလည်း မလစ်သလို စာလည်း မှန်မှန်လုပ်ကြသူများဖြစ်၍ စာမေးပွဲအတွက် သိပ်အခက်အခဲမရှိပေ။

ရှိနေတာက ကြွယ်လေးဖြစ်သည်။ သူက အတန်းလစ်တာ များ၏။ များသောအားဖြင့် မနက်ပိုင်းအချိန်တွေ ထောက်ဖြစ်တာများသည်။ ညဘက် မိန်းကလေးအဆောင်ရှေ့ ဂစ်တာတီးလိုက်၊ အရက်သောက်လိုက်နှင့်မို့ မနက်ဆို စောစောမထနိုင်။ ထို့ကြောင့် မနက်ပိုင်းအချိန်တွေ လွတ်နေရခြင်းဖြစ်သည်။ ထို့ကြောင့် ယခုလို စာမေးပွဲနီးတော့ စာတွေ နင်းကန်ကူးနေရလေ၏။

ဒီလိုအချိန်မျိုးတွေမှာ မိန်းကလေးအဆောင်များတွင်လည်း လူစည်နေကြ၏။ ယခင်က ညှိတွေ့ချိန်ကို လေးနာရီခွဲမှ ခြောက်နာရီအထိ ပေးထားရာ စာမေးပွဲရက်များတွင် ကိုးနာရီအထိ တိုးပေးထားသည်။ ထို့ကြောင့် မိန်းကလေးအဆောင်များတွင် ညဘက် ကျောင်းသားများနှင့် တရုန်းရုန်းဖြစ်နေလေ၏။ စာကူးသူများ၊ စာမေးသူများ၊ စာအုပ်ငှားသူများနှင့် စည်ကားနေသလို ဘာကိစ္စမှ မရှိဘဲ ရောင်တော်ပြန်နဲ့ ရောလွှတ်ကာ လာပေးသူများ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိသည်။ ဘာပဲဖြစ်ဖြစ် လူစည်ကားနေတာတော့ အမှန်ပင် ဖြစ်လေသည်။

ထို့ကြောင့် စာမေးပွဲကာလများတွင် ကျောင်းတော်ကြီး၏ ညချမ်းများသည် ခါတိုင်းရက်တွေနှင့်မတူဘဲ မီးချောင်းတထိန်ထိန်နှင့် လှုပ်လှုပ်ရွရွဖြစ်နေလေတော့သည်။

တစ်ခုကျန်သေးသည်။ ထိုရက်များတွင် EPC က မီးမှန်မှန် လာပေးခြင်းပင်ဖြစ်၏။ နေ့ဘက်မဟုတ် ညဘက်များတွင် ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် Thank you EPC . . . . ။

(မှတ်ချက်။ ။ တစ်ခါတစ်ရံတော့ တစ်နာရီမျိုး နှစ်နာရီမျိုးတော့ ပြတ်တတ်ပါသည်။)

xxxxx





အဆောင်မှူးသည် မီးစက်ကြီးဝယ်ချလာသည်။ အဆောင်ပိုင်ရှင်က ရန်ကုန်မှ ဝယ်ပေးလိုက်ခြင်းဖြစ်၏။ EPC က ယခုရက်ပိုင်းများတွင် မီးမှန်မှန်လာပေးနေသော်လည်း သိပ်စိတ်မချရ၍ အဆောင်ပိုင်ရှင်က ဝယ်ပေးလိုက်သည်ဟု ဆို၏။ ဘာပဲဖြစ်ဖြစ် ဒါကြီးရှိတော့ မူခရာမလိုတော့။ မီးပျက်သွားလျှင် ကောက်နှိုးလိုက်ရုံသာ။

ကြွယ်လေး၊ နေလင်းနှင့် ညီသွေးတို့က အဆောင်က တခြားကျောင်းသားများနှင့်ပိုင်း၍ အဆောင်မှူးသယ်လာတဲ့ မီးစက်ကြီးကို ဆင်ပေးနေသည်။ မီးစက်ကြီးဆင်ပြီးသွားတော့ သူတို့သုံးယောက် ကျောင်းထိုင်သို့



www.burmeseclassic.com

www.burmeseclassic.com



တက်လာကြ၏။ ကျောင်းထိပ်မှာ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် လူရှင်းကာနေ၏။ စာမေးပွဲမဖြေခင် ဆယ်ရက်အလိုကတည်းက စာကျက်ရက်အဖြစ် ကျောင်းပိတ်ပေးထားသောကြောင့် ဖြစ်သည်။

သူတို့က ကျောင်းထိပ်က လက်ဖက်ရည်ဆိုင်မှား ဝင်ထိုင်လိုက်ကြသည်။ ထို့နောက် လက်ဖက်ရည်သုံးခွက်မှာ၍ ဆေးပေါ့လိပ်တစ်ရာဖိုး ဝယ်လိုက်သည်။

ကြွယ်လေးက ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်၍ ဆေးပေါ့လိပ်ထိပ်ကိုမှုတ်ကာ မီးစွဲအောင်လုပ်လိုက်သည်။ ထို့နောက် ခေါင်းဦးပြာကို တစ်ချက်တောက်ခြွေလိုက်ပြီးနောက်. . .

"မင်းတို့က စာမေးပွဲပြီးရင် အဆောင်မှာ ဆက်နေမှာလား ပြန်မှာလား"

ညိုသွေးက ဆေးပေါ့လိပ်ဖင်စီကို စားပွဲခုံနှင့်ရိုက်နေရင်းမှ. . .

"ကျွန်တော်ကတော့ ဘာလုပ်ရမှန်းမသိသေးဘူး။ အဖေရှိတဲ့ လှိုင်ကော်ကိုပဲ လိုက်သွားရင်ကောင်းမလားပဲ"

"လိုက်သွားပေါ့ကွ. . . မင်း လှိုင်ကော်ကို မရောက်ဖူးသေး ဘူးမလား"

ညိုသွေးက ခေါင်းခါပြသည်။ ကြွယ်လေးက. . .

"လှိုင်ကော်မှာ တောင်ကွဲစေတီဆိုတာ ရှိတယ်၊ တန်ခိုးကြီး တယ်ပြောတယ်"

"ခင်ဗျားရောက်ဘူးလို့လား"



"မရောက်ဘူးပါဘူး၊ ကြားဘူးတာပါ၊ ဒါနဲ့ နေလင်းတရော"

"ကျွန်တော်က မော်လမြိုင်ပြန်မှာ"

"ဩော်"

"သူများတွေသာ လိုက်မေးနေတယ်၊ ခင်ဗျားကရော"

နေလင်းက ကြွယ်လေးကိုမေးခွန်း ပြန်ထုတ်လိုက်ခြင်း ဖြစ်၏။ ကြွယ်လေးက ရုတ်တရက် ဘာမှပြန်မဖြေသေးဘဲ တော်တော်လေးကြာတော့မှ. . .

"မသိသေးပါဘူးကွာ"ဟု ဟိုမရောက်ဒီမရောက်ဖြေလိုက် သည်။

"ဒါဆို ကျွန်တော်နဲ့ မော်လမြိုင်လိုက်မလား"

ကြွယ်လေးက ဘာမှမပြောဘဲ အသာငြိမ်နေ၏။ ညိုသွေး က သူတို့နှစ်ယောက်ကိုကြည့်၍ ခဏကြာတော့ ကြွယ်လေးအား. . .

"အေးလေ. . . ခင်ဗျားမပြန်ဘူးဆိုလည်း နေလင်းနဲ့ လိုက်သွားပါလား"

"တော်ပါပြီကွာ. . . မလိုက်တော့ပါဘူး၊ ငါ့ဘာသာငါပဲ ညောင်လေးပင် ပြန်ပါတော့မယ်"

"ခင်ဗျားက ပြန်မှာရော ကျိန်းသေလို့လား"

"မပြန်လို့ ငါက ဘယ်သွားရမှာလဲကွ"

'သိဘူးလေဗျာ'ဟု ညိုသွေးက ပြောလိုက်လေတော့သည်။

××××

www.burmeseclassic.com

စာမေးပွဲကြီးဖြေပြီ။ ပထမနှစ်ဝက် စာမေးပွဲ ဟု ဆိုသော်လည်း သူက အတန်းတင်စာမေးပွဲကြီးလောက် အရေးပါအရာ ရောက်၍ ဘယ်သူမှ ပေါ့ပေါ့ဆဆမနေရ။ ထိုစာမေးပွဲကြီးတွင်ရသော ရမှတ်နှင့် အတန်းတင် စာမေး ပွဲတွင် ရသောရမှတ်ကိုပေါင်းကာ ပထမနှစ် အောင်စာရင်း ထုတ်ပေးမည် ဖြစ်သောကြောင့် ထိုစာမေးပွဲကြီးသည် အရေးပါသော စာမေးပွဲကြီး ဖြစ်လေသည်။

ပထမနှစ်ရက်က မိုင်နာဘာသာရပ်များဖြစ်သော ကြောင့် ကျောင်းသားတိုင်းလိုလို အေးအေးဆေးဆေး ဖြေနိုင်ကြသည်။ နောက်ရက်များက မေဂျာဘာသာရပ်များ ဖြစ်သောကြောင့် နည်းနည်းဂရုစိုက်ဖို့ လိုလာသည်။



သုံးရက်မြောက်နေ့တွင် ဖြေမည့်ဘာသာရပ်အတွက် ညီညွှေးနဲ့နေလင်းက စတင်ပြင်ဆင်နေကြသည်။ ထိုအချိန်တွင် သူတို့အခန်းရှေ့သို့ ကျောပိုးအိတ်တစ်လုံး လွယ်၍ ရောက်လာသော ကြွယ်လေးကို တွေ့လိုက်ရလေ သည်။ အချိန်ကလည်း ည (၈) နာရီကျော်ပြီဖြစ်၍ နေလင်းက ကြွယ်လေးအား ကြည့်လိုက်ကာ

"ကိုကြွယ်လေး ဒီအချိန်ကြီး ဘယ်သွားမလို့လဲဗျ"

"ကိစ္စလေးရှိလို့ ကျောင်းထဲ ခဏသွားမလို့ပါ"

"အဲဒါကြောင့်ပြောတာလေ ကျောင်းအနောက်က ဆရာမတွေအိမ် သွားပြီးစာမေးမလို့လားလို့"

(ထိုအချိန်က ကျောင်းအနောက်မှာ ဆရာ၊ ဆရာမ များအတွက် နေအိမ်များရှိပါသည်။ ယခု ရှိမရှိ မသိ တော့ပါ။ ဤကား စကားချပ်)

"မဟုတ်ပါဘူးကွာ"

"ထင်ပါတယ်၊ ခင်ဗျားရုပ်က စာမေးလည်းရမဲ့ရုပ် မဟုတ်ပါဘူး"

"မင်းတို့ကလည်း ငါ့ဆို ဖွဲမယ်ဆိုတာချည်းပဲ"

ကြွယ်လေးက ထိုသို့ညည်းညူရင်း ကျောပိုးအိတ် တို ခုံတစ်လုံးပေါ်တင်၍ ခုတင်ပေါ် ဝင်ထိုင်လိုက်သည်။ ကျောပိုးအိတ်ကို ခုံပေါ်တင်လိုက်စဉ် ကြားလိုက်ရ၏ ဝိုးဂိုးဂွပ်ဂွပ် အသံများကြောင့် နှစ်ယောက်စလုံး စိတ်ဝင် စားသွားကြ၏။ ကြွယ်လေးကလည်း ဒါကို သဘောပေါက် လိုက်၍ နှစ်ယောက်စလုံးကို မချိုမချဉ်မျက်နှာလေးနှင့် ကြည့်ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ဒီအထဲမှာ ဘာတွေပါတယ်ဆိုတာ သိပ်သိချင်ကြ တယ်မလား"

"အင်း"

"အင်း"

နှစ်ကောင်စလုံးက ခေါင်းညိတ်ပြသည်။ ကြွယ်လေးက သူ့ကျောပိုးအိတ်သူ ရတနာသေတ္တာဖွင့်သလို အသာအယာ ဖွင့်လိုက်၍...

"ဒီမှာကြည့်"

"ဟင်"

"ဟာ"

"ဘာတွေလဲ"

ကျောပိုးအိတ်ထဲက ပါလာတဲ့ပစ္စည်းများကို ကြည့်၍ နှစ်ယောက်လုံး အံ့ဩသွားကြလေသည်။ ကြွယ်လေးက အိတ်ထဲက ပစ္စည်းတွေကို တစ်ခုချင်းထုတ်၍ ကြမ်းပြင်ပေါ်ပုံပြ၏။

အိတ်ထဲမှာက ရေပေါ်၊ ကော်ပတ်၊ စောက်၊ ကော်ရက်ရှင်ပန်၊ ယူနီဘောပင်၊ လွှအသေး၊ တံစည်းစသည်တို့ပါလာ၏။ ထို့အပြင် စောင်ပါးပါးလေးတစ်ထည်ပါ ထည့်လာသေးသည်။ နှစ်ယောက်စလုံး ထိုပစ္စည်းများကိုကြည့်၍ မျက်လုံးပြူးသွားကြ၏။ နေလင်းက ကြွယ်လေးအား မျက်လုံးပြူး မျက်ဆံပြူးနဲ့ ကြည့်လိုက်ကာ...

"ကို...ကို ကိုကြွယ်လေး ခင်ဗျားဆရာမကြီးရုံးခန်းကို ဖောက်ဝင်ပြီး မေး...မေးခွန်းခိုးမလို့တော့ မဟုတ်ပါဘူးနော်"

"ခွီးပဲ မေးခွန်းတစ်ခုသာ အဲဒီလောက်လွယ်လွယ်နဲ့ ခိုးလို့ရရင် မင်းတို့ငါတို့ ဒီမှာတောင် မြင်ရမှာမဟုတ်ဘူး"

"ဘာလဲ...ခုနပြောသလို ဝင်လုပ်လို့ ထောင်ထဲရောက်သွားမှာလား"

"သေနာကောင်လေးတွေ မင်းတို့ကို အကောင်းနဲ့ ထည်း သင်ပြမလို့ လာခဲ့ရသေးတယ်၊ ငါ့ကို အကောင်းကို မပြောဘူး"

"ခင်ဗျားကရော ဘယ်နှခါအကောင်းလုပ်ဘူးလို့လဲဗျ"

"ကဲပါ ထားပါတော့၊ မင်းတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး သိချင် လား မသိချင်ဘူးလားပြော"

နေလင်းနဲ့ ညိုသွေးက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။ ပြီးနောက် ကြွယ်လေးကိုကြည့်၍ ခေါင်းညိတ်ပြလိုက်၏။ ကြွယ်လေးက စကားပြောမလို့ တန်ပြင်ရင်း လည်ချောင်းတစ်ချက် ရှင်းလိုက်ကာ...

"အဟမ်း...အဟမ်း ဒီလိုကွ၊ ခေတ်အဆက်ဆက် စာပေအရေးအသား ပြောင်းလဲမှုဆိုတာရှိတယ်၊ ထိုးအရင်ခေတ်ကဆို ကျောက်စာပေ၊ အဲ ကျောက်စာပြီးတော့ ပေစာ၊ ပေစာပြီးတော့ ပုရပိုက်စာ၊ အဲဒါတွေအကုန်လုံးလည်း လွန်မြောက်ပြီးရော ဟော ငါတို့အခုရောက်နေတဲ့ စာရွက်ပေါ်ရေးတဲ့ စာပေါ့ကွာ"







www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး. . . ခင်ဗျား အဲဒီကိစ္စတွေနဲ့ ဒါတွေနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ၊ ငါအခုသွားမဲ့ဟာက ကမ္ဘာပေါ်မှာ လုံးဝမပေါ်ပေါက်သေးတဲ့ စာပေအရေးအသားတစ်ခုကို သွားလုပ်မလို့ကွ"

"ဘာလဲ"

"ခုံစာ"

"ဘာ"

"ခုံစာလေ"

"ဘာခုံစာလဲ"

"ရှင်းပြမယ်လေ၊ မင်းတို့လို ဖရက်ရှာလေးတွေအတွက် ငါတို့က မျိုးဆက်သစ်တစ်ခုအနေနဲ့ လက်ဆင့်ကမ်းခဲ့ဖို့ တာဝန်ရှိတယ်၊ ကဲ နားထောင်"

အားလုံး ငြိမ်သက်သွားကြသည်။ ကြွယ်လေးက သေသေချာချာ ရှင်းကာပြ၏။ သူရှင်းပြပြီးတော့လည်း ဘာမှမဟုတ်၊ သူတို့စာမေးပွဲကျင်းပမဲ့အခန်းကို ညဘက်ဘယ်သူမှမသိအောင် ခိုးဝင်ပြီး ဖြေဆိုရမဲ့ခုံမှာ စာသွားရေးခြင်းသာဖြစ်၏။ သို့သော် ဆရာ၊ ဆရာမတွေဆိုတာ ကျောင်းသားတွေထက်တော်လို့တတ်လို့ ဆရာ၊ ဆရာမလုပ်လာကြတာဖြစ်သည်။ နောက်တစ်ရက် စာမေးပွဲမဖြေမီ မတူညီသောမေဂျာအချင်းချင်း ခုံချင်းလွဲထားလိုက်ရုံနှင့် ထိုကိစ္စပွဲပြတ်သွား၏။ ကြွယ်လေးတို့လိုလူမျိုးတွေ မအောင်မြင်တော့ချေ။

xxxxxx



စာမေးပွဲတွေပြီးတော့ ကျောင်းတွေပိတ်ပြီး တချို့က အဆောင်မှာဆက်နေခဲ့ကြသည်။ တချို့ကတော့ မိမိရပ်ရွာသို့ ပြန်ကြ၏။ ကျောင်းတွေပိတ်ပြီဆိုတော့ သံယောဇဉ် အမျှင်တန်းလေးတွေ သွယ်မိကြသူများ ကျောင်းပိတ်ရက် အိမ်မပြန်ချင်ဘူး ဖြစ်နေကြသည်။ တစ်မြို့တစ်ရွာတည်းနေကြသူများဆို ကိစ္စမရှိ။ တစ်ရပ်တစ်ရွာဆီ ဝေးနေသူများအဖို့ တစ်ရွာသားကို ရည်းစားထားမိ၍ ပဝါပါးနှင့် ကြက်သားထုပ်မိကြရလေသည်။

ညိုသွေးနဲ့ နေလင်းကတော့ ဘာသံယောဇဉ် အမျှင်တန်းမျှ မရှိသေး၍ တစ်ရက်လောက် အဆောင်မှာနေပြီး ရင် ပြန်ကြဖို့ စီစဉ်ကြ၏။ နေလင်းက မော်လမြိုင်ပြန်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ညိုသွေးက သူ့အဖေရှိရာ လှိုင်ကော်သို့ လိုက်သွားမည်ဖြစ်သည်။ ကြွယ်လေးကတော့ စာမေးပွဲ ပြီးပြီးချင်း ညနေကတည်းက အထုပ်ဆွဲ၍ ညောင်လေးပင်သို့ ပြန်ချသွား၏။ ထို့ကြောင့် ညိုသွေးနဲ့နေလင်းသာ အဆောင်မှာ ကျန်ရစ်ခဲ့ လေသည်။

ညဘက်ရောက်တော့ သူတို့နှစ်ယောက် ကျောင်းရှေ့က လက်ဖက်ရည်ဆိုင်ကို ထွက်လာကြသည်။ ထို့နောက် တစ်ယောက်နဲ့တစ်ယောက် ကျောင်းပိတ်ရက်အတွင်း ဖုန်းဆက်ကြဖို့ ဖုန်းနံပါတ်တွေ ပေးကြ၏။ ထို့အပြင် ကျောင်းတွေပြန်ဖွင့်ရင် အဆောင်ကို ပြန်လာမည့်ရက်ကို သတ်မှတ်ရန် အခုကတည်းက ကြိုပြောထားကြလေသည်။

ထိုသို့စကားပြောနေရင်းမှ ညိုသွေးက. . .

"ပြန်ရမယ်ဆိုတော့လည်း ကျောင်းကြီးကို သတိရသလိုပဲကွာ"

ဟု စကားစလိုက်လေသည်။ နေလင်းက လရောင်အောက်မှာ လွမ်းမောဖွယ်ရာ ဖြစ်နေသော ကျောင်းဝင်းကြီးကို လှမ်းကြည့်၍. . .

"အေးကွာ. . , ကျောင်းစတက်တုန်းကတော့ ကြောက်သလိုလို ရှံ့သလိုလိုနဲ့ အခုတော့ ခွဲခွာရမှာ လွမ်းသလိုလို ဆွေးသလိုလို ဖြစ်နေပြီကွ"

"မင်းလွမ်းတာ ကျောင်းတစ်ခုတည်းကိုလား"

ညိုသွေး ဘာကိုဆိုလိုမှန်း နေလင်းကသိသည်။



ထို့ကြောင့် သက်ပြင်းတစ်ချက်ချလိုက်ကာ. . .

"ငါလွမ်းနေလည်း သူက သိမယ်မထင်ပါဘူးကွာ"

"မင်းကရော တကယ်လွမ်းလို့လား"

"မလွမ်းဘဲ နေပါ့မလားကွ၊ လွမ်းတာပေါ့၊ ဟောဒီ ကျောင်းကြီးကိုရော သူ့ကိုရော ပြီးတော့ အဆောင်ကိုရော အားလုံးကိုလွမ်းတာပေါ့"

"ဩော်. . . အေးအေး ငါ့တော့မလွမ်းဘူးပေါ့"

နေလင်းက ဟက်ခနဲရယ်ချလိုက်သည်။ ထို့နောက် ညိုသွေး ပခုံးကို လှမ်းဖက်လိုက်၍. . .

"မင်းကိုတော့ ပြောနေစရာမလိုတော့ဘူးပေါ့ သူငယ်ချင်းရာ၊ မင်းက ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါ"

ညိုသွေး ကျေနပ်သွားသည်။ ထို့နောက် သူ့အိတ်ထဲကပါလာတဲ့ စီးကရက်တစ်လိပ်အား လှမ်းပေးလိုက်၏။ နေလင်းက ဆေးလိပ်ကိုယူ၍ မီးညှိလိုက်ကာ မီးခိုးတွေ မှုတ်ထုတ်လိုက်ရင်း. . .

"တကယ်တော့ ငါတို့တွေအရွယ်က မိဘထက် အပေါင်းအသင်းကို ပိုခင်တဲ့အရွယ်ကွ"

"အလာကြီးပါလား ဆိုစမ်းပါဦး"

"ဟုတ်တယ်လေ. . . မင်းစဉ်းစားကြည့်၊ မင်းရော ဒီခြောက်လအတွင်း အိမ်ကိုသတိရလို့လား"

ညိုသွေးက ရယ်နေသည်။ ဘာမှတော့မပြော။ နေလင်းက စကားကိုဆက်၏။

"အဲဒါပြောတာပေါ့၊ ငါလည်း အိမ်ကို တစ်ခါနှစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ပဲ သတိရတယ်၊ ကျန်တဲ့အချိန်ဆို ကျောင်းမှာပဲပျော်နေတာပဲ"

"ဒါတောင် ပိုက်ဆံပြုတ်တဲ့အချိန်ပဲ သတိရတာမလား"

ညိုသွေးက စကားထောက်ပေးလိုက်တော့ နေလင်းက အားရပါးရရယ်ချလိုက်လေတော့သည်။ ထို့နောက် သူတို့ လက်ဖက်ရည်ဆိုင်မှ ထထွက်ခဲ့လိုက်တော့၏။ လမ်းရောက်တော့ နေလင်းက စကားတစ်ခွန်းကို စိတ်လိုလက်ရ ပြောသည်။

"ဒီတစ်ခါ ကျောင်းပြန်ဖွင့်ရင်တော့ ယုဂီကို အရဲစွန့်ပြီး နောက်တစ်ခါလောက် လိုက်ကြိုးစားကြည့်ဦးမယ်ကွာ"

နေလင်းစကားကြောင့် ညိုသွေးက အားတက်သွားကာ

"ဒါမှယောကျ်ားကွ၊ ဒီလိုလုပ်စမ်းပါ"

"ငါ့ကိုပဲ မြှောက်ပေးမနေနဲ့ဦး၊ မင်းလည်း ဖြစ်ဖြစ်မြောက်မြောက် တစ်ယောက်လောက်ရှာဦး"

"ဘာဆိုင်လို့လဲ"

ဟု ညိုသွေးက ပြန်ပြောလိုက်ပါတော့သည်။ ထို့နောက် မဟာဆန်ဆန်နှင့် သမင်လည်ပြန်မျက်လုံးလေး ရင်ထဲသို့ တိုးဝင်လာပါတော့သည်။

××××



ကျောင်းပိတ်ရက်တွင် ဖုန်းဆက်ကြရန် ပြောထားကြသော်လည်း တကယ့်တကယ်တန်းကျ ဖုန်းလိုင်းတွေ မကောင်း၍ တစ်ခါသာ ဆက်ဖြစ်သည်။ ဒါတလည်း ဟိုဘက်ဒီဘက် စကားပြောလို့ သိပ်မကောင်း။ နယ်ဝေး ဖုန်းတွေရဲ့ ထုံးစံအတိုင်း မုန်တိုင်းတိုက်သံလိုလို ရထား ခုတ်သံလိုလိုတွေသာ ကြားက ကြားနေရ၍ တသာရေးဖြစ် ကြ၏။

ညိုသွေးက လှိုင်ကော်မှာ သူအလွန်ပျော်သည့် အကြောင်း ကြွယ်လေးပြောတဲ့ တောင်ကွဲစေတီဆိုတာကို လည်း သွားရောက်ဖူးမြော်ဖြစ်ကြောင်း ထည့်ရေးလာ၏။ တောင်ကွဲစေတီဘုရားမှာ အလွန်သပ္ပာယ်၍ တောင်ပေါ် တကြည့်လျှင် ရှုခင်းအလွန်လှကြောင်းများသည်း

www.burmeseclassic.com

www.burmeseclassic.com



ထည့်ရေး ထားသည်။

နေလင်းကလည်း အားကျမခံ သူ့မော်လမြိုင်အကြောင်းကို ထည့်ရေးလာ၏။ ကျိုက္ကမီရေလည်ဘုရားကိုလည်း သွားရောက်ခဲ့ကြောင်း၊ ဆွေမျိုးတွေနှင့် ကျိုက်ထီးရိုးဘုရားကိုလည်း သွားရောက်ခဲ့ကြောင်းရေး၏။ ထို့အပြင် မော်လမြိုင်သူလေးတွေ ဘယ်လောက်ချောကြောင်း လှကြောင်းများပါ အားကျအောင် ထည့်ရေးလိုက်သေးသည်။ ညိုသွေးကလည်း ကယားမလေးတွေက စကားဝဲတဲဝဲတဲလေးတွေနှင့် ချစ်စရာကောင်းကြောင်းပြန်ရေးသည်။

နောက်ဆုံးတော့ ကိုယ့်မြို့ကိုယ့်ရွာအကြောင်းတစ်ယောက်တပြန် ကြွားကြရင်း စာသုံးစောင်လောက်ရေးဖြစ်ကြ၏။ နောက်ဆုံး ရေးသောစာထဲတွင် အဆောင်ကိုသတိရကြောင်း၊ ညိုသွေးက ရေးလာသည်။ နေလင်းကလည်း အနေကြာတော့ ပျင်းလာပြီဖြစ်ကြောင်းနှင့်ကျောင်းတော်ကြီးနှင့် ယုဂီကိုပါ သတိရကြောင်းရေး၍ သူပြန်မည့်ရက်ကိုပါ တစ်ပါတည်းထည့်ရေးပေးလိုက်တော့၏။

ထို့နောက် သူတို့နှစ်ယောက်လုံး နေလင်းပြောတဲ့ရက်ကို အတူပြန်ကြရန် သတ်မှတ်ပြီး ကျောင်းဖွင့်ရက်များကိုသာ ရေတွက်၍ စောင့်နေလိုက်ကြပါတော့၏။

တကယ်တော့ ညိုသွေးလည်း ကောင်မလေးကိုလွမ်းလှုပြီ။

xxxxx



အဆောင်ကို နေလင်း အရင်ရောက်သည်။ ညိုသွေးကတော့ မရောက်သေး။ နေလင်းက ရောက်ရောက်ချင်း အထုပ်တွေချ၍ အခန်းသန့်ရှင်းရေး လုပ်ပြီးနောက် ပစ္စည်းတွေကို နေရာချ၏။ ထို့နောက် အိပ်ရာယိပ်ကို ဖြန့်ခင်းပြီးနောက် ခြင်ထောင်ထောင်နေစဉ်ကြွယ်လေးက သူ့အခန်းထဲဝင်လာပါတော့သည်။

နေလင်းက ကြွယ်လေးကိုတွေ့တော့ ဝမ်းသာအားရနှင့်. .

“ဟာ. . . ခင်ဗျား ဘယ်နေ့ကတည်းက ရောက်နေကာလဲ၊ ကြည့်စမ်း ရောက်နေတာတောင် ကျွန်တော့်အခန်းထဲမလာဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟား. . . ဟား မင်းရောက်လာတာ ငါတွေ့သားပဲ၊ အထုပ်တွေအပိုးတွေနဲ့ဆိုတော့ ဝိုင်းကူလုပ်ပေးရမှာစိုးလို့ ဝင်မလာတာ"

"သေနာကြီး ခင်ဗျားမှတ်ထား၊ ကျုပ်ပါလာတဲ့ဟင်းတွေ ခင်ဗျားကို မကျွေးဘူး"

"အလကားစတာပါကွာ၊ ငါအခုမှ ကျောင်းထိပ်က ပြန်လာတာ၊ ရောက်ရောက်ချင်း မင်းပြန်ရောက်နေပြီကြားလို့ ဝင်လာတာ၊ ဒါနဲ့ ဟိုကောင်ရော"

ကြွယ်လေးက ညိုသွေးကို မေးလိုက်ခြင်းဖြစ်၏။ နေလင်းက. . .

"အခုထိတော့ မရောက်သေးဘူး၊ ဒါပေမဲ့ သူ ဒီနေ့လာမယ်လို့ ကျွန်တော်နဲ့ချိန်းထားတာ ညနေလောက်တော့ ရောက်မယ်ထင်တယ်"

"မင်းတို့က တစ်ယောက်နဲ့တစ်ယောက် ဘယ်လိုချိန်းကြလဲ"

"စာရေးပြီး ချိန်းကြတာပေါ့ဗျ"

"ဟင်. . . ငါ့ဆီတော့ စာမရေးကြဘူး"

"ရေးရအောင် ခင်ဗျားက လိပ်စာပေးသွားလို့လား စာမေး ပွဲပြီးတော့ အိမ်တန်းပြန်သွားပြီးတော့"

ကြွယ်လေးက ရယ်ကျဲကျဲ လုပ်လိုက်သည်။ ပြီးနောက်

"အေးပါကွာ. . . ငါ့အမှားပဲထားပါတော့၊ ငါလည်း အရေး ကြီးလို့ တန်းပြန်သွားတာပါ"

[redacted]



"ခင်ဗျားကိစ္စက ဘယ်လောက်အရေးကြီးနေလို့လဲဗျ၊ ကျုပ်တို့ကိုတော့ နှုတ်ကလေးဘာလေး ဆက်သွားသင့်တာပေါ့"

"ဆော်တီးပါကွာ. . . ဘယ်လောက်အရေးကြီးလဲဆိုတာ နောက်တော့ပြောပြပါ့မယ်"

"ထားပါတော့"

နေလင်းက ပြောလိုက်၍ ခြင်ထောင်စကို လှမ်းတင်လိုက်သည်။ ထိုအချိန်တွင် အဆောင်ဝင်းထဲသို့ Taxi တစ်စီး ထိုးဆိုက်လာ၏။ ခဏကြာတော့ ညိုသွေးအသံကြားလိုက်ရသည်။ ထို့နောက် နှစ်ယောက်စလုံး ညိုသွေးရှိရာသို့ လှမ်းသွားလိုက်ပါတော့၏။

ပါလာတဲ့အထုပ်တွေကို ဆွဲရင်း နေရာဝိုင်းချပေးကြသည်။ အိပ်ရာခင်းပေးကြသည်။ ခြင်ထောင်ထောင်ပေးကြ၏။ အားလုံး ပြီးသွားတော့ ညိုသွေးက. . .

"ကဲ. . . လုပ်အားခအနေနဲ့ အားလုံးကို လက်ဖက်ရည်တိုက်မယ်"

"သူတောင်းစား၊ မင်းက ငါတို့ကို အလုပ်သမားတွေမျာ: ထင်နေလား"

"ဒါဆို လိုက်မသောက်ဘူးပေါ့"

"စမူဆာပါကျွေးလို့ ပြောမလို့"

နေလင်းစကားကြောင့် အားလုံးရယ်လိုက်ကြရင်း လက်ဖက်ရည်ဆိုင်သို့ သူတို့ထွက်လာခဲ့လိုက်ပါတော့သည်။

xxxxx

[redacted]

www.burmeseclassic.com

"ငါ က လေယာဉ်နဲ့လာတာဆိုတော့ မြန်တယ်ဆိုပေမဲ့ ဒီနေ့မှ လေယာဉ်က ဘာဖြစ်လို့လဲမသိဘူး တစ်နာရီနောက်ကျပြီးမှထွက်လို့ ဒီကိုနောက်ကျသွားတာကွ"

ညိုသွေးက ပြောပြီးနောက် လက်ဖက်ရည်ကို တစ်ချက်မှုတ်သောက်လိုက်သည်။ နေလင်းကလည်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရင်း. . .

"ငါလည်း မင်းနဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ၊ မင်းမရောက်ခင် တစ်နာရီလောက်အလိုကမှ ရောက်တာ"

"သြော်. . . ဒါနဲ့ ကိုကြွယ်လေး ခင်ဗျားက ဘာဖြစ်လို့ နောက်ဆုံးနေ့က အစောကြီးပြန်သွားတာလဲ"

ကြွယ်လေးက ပြုံးသည်။ သူ့အပြုံးက ခါတိုင်း



အပြုံးနှင့်မတူဘဲ ပဟေဠိဆန်သော အပြုံးဖြစ်၏။ နောက်တော့ ညိုသွေးနဲ့နေလင်းကို ကြည့်၍. . .

"ငါ ကောင်မလေးတစ်ယောက်နဲ့ အတူပြန်သွားတာကွ"

"ဘယ်လို"

"ဘာ"

နှစ်ကောင်စလုံးဆီမှ အံ့ဩသံများ ထွက်လာကြ၏။ ကြွယ်လေးက ပါးစပ်ရှေ့မှာ လက်ညှိုးလေးထောင်ပြရင်း. . .

"ရှူး. . . တိုးတိုးပြောကြပါကွာ၊ မင်းတို့ကလည်း အလန့်တကြား၊ ငါနဲ့ကောင်မလေးတစ်ယောက် အတူတူပြန်သွားတာပဲ နေ့ခင်းကြောင်တောင် ကျားတွေ့တာကြနေတာပဲ"

"ဟုတ်တယ်လေ. . . ခင်ဗျားက ဘယ်တုန်းကများ ကောင်မ လေးအကြောင်း စိတ်ဝင်စားဘူးလို့လဲ"

"ဟုတ်သားပဲ၊ ခင်ဗျားဘဝမှာ အရက်ရှိရင် ပြည့်စုံနေပြီဆို"

ကြွယ်လေးက ရယ်လိုက်၏။ အရယ်ဆုံးတော့. . .

"မင်းတို့က ငါ့များ အရက်သမားကြနေတာပဲ"

"မဟုတ်လို့လား"

"ဟုတ်တော့ ဟုတ်တာပေါ့ကွ၊ ဒါပေမဲ့ မင်းတို့ပြောသလို အရက်သမားစစ်စစ်ကြီးတော့ မဟုတ်ပါဘူးကွာ"

www.burmeseclassic.com



"အဲဒါတွေထားပါတော့. . . ဒါနဲ့ အဲဒီကောင်မလေးက ခင်ဗျားရည်းစားလား"

ကြွယ်လေးက အင်းမလုပ်အဲမလုပ် ငြိမ်ကာနေ၏။ ခဏကြာတော့မှ. . .

"အတိအလင်းကြီးတော့ မဟုတ်သေးဘူးကွ၊ ဒါပေမဲ့ အခြေအနေကတော့ အတော်လေး အဆင်ပြေနေပြီ"

"ကဲ. . . ဒါဆို ပြောစမ်းပါဦး အစအဆုံး၊ ဒါပေမဲ့ နားထောင်ခ ဒီဝိုင်းကို ခင်ဗျားရှင်းရမှာနော်"

"အေးပေါ့ကွာ. . . မင်းတို့ညစ်ထားပေါ့၊ ငါကလည်း သိပ်ပြောချင်နေတဲ့ကောင်ဆိုတော့ လက်ဖက်ရည်တိုက်ပြီးတော့ကို ပြောရတော့မှာပေါ့"

ထို့နောက် ကြွယ်လေးက လက်ဖက်ရည်တစ်ငုံသောက်လိုက်ရင်း သူ့ဇာတ်လမ်းကို စပြောပါတော့သည်။

"ငါနဲ့ ငါ့ကောင်မလေးက တစ်မြို့ထဲသားတွေကွ၊ သူက ငါ့ထက် သုံးနှစ်လောက်ငယ်တယ်၊ သူ့ကိုငါ ကြိုက်နေတာကတော့ သူ (၈)တန်းကတည်းကကွ"

"ခင်ဗျားကတော့ လုပ်တော့မယ်"

ညိုသွေးက စကားဖြတ်ပြောသည်။ ကြွယ်လေးက သူ့စကား သူဆက်၏။

"ငါဆယ်တန်းအောင်ပြီ GTI လာတက်တော့ သူက ကိုးတန်းပဲရှိသေးတယ်၊ ဒါနဲ့ ငါလည်း ပထမနှစ်ပြီးလို့ မြို့အပြန်မှာ သူ့ကို ဖွင့်ပြောလိုက်တယ်ကွာ"



"ဒါနဲ့ ခင်ဗျားနဲ့ ကောင်မလေး ကြိုက်ကြရောပေါ့"

"မင်းက လဒူပဲကွာ၊ ကြိုက်နေကြပြီဆိုမှတော့ ငါတို့ အခု ရည်းစားတွေဖြစ်နေပြီပေါ့ကွ"

"ဟုတ်သားပဲ"ဟု ညိုသွေးက ပြောလိုက်သည်။ ကြွယ်လေးက စကားဆက်၏။

"သူနဲ့ငါနဲ့ကို သူ့အိမ်က သဘောမတူဘူးကွ"

"ဘာဖြစ်လို့လဲ"

"သူတို့သမီးကို ငယ်သေးတယ်ဆိုပြီးတော့ပေါ့"

"ဒါလည်းဟုတ်တာပဲ"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဒါလည်း သူတို့အပြောပဲရှိတာ တကယ်တော့ သူတို့က ငါတို့မြို့က သစ်စက်ပိုင်ရှင်သားနဲ့ သဘောတူနေတာ၊ ဟိုကောင်ကလည်း ငါနဲ့ အသက်အတူတူပဲ၊ အခု စက်ာပူမှာဆိုလား ကျောင်းသွားတက်နေတယ်"

"အင်း. . . ဆိုပါဦး"

ကြွယ်လေးက လည်ချောင်းတစ်ချက် ရှင်းလိုက်၏။ ပြီးတော့ ဆက်ပြောသည်။

"အဲဒါနဲ့ ငါလည်း စိတ်ညစ်ပြီး ဒီမှာပဲ ကျောင်းဆော်ကြီး လုပ်နေလိုက်တာ တစ်နှစ်တစ်တန်း မှန်မှန်ကျတယ်၊ အရက်လည်း အဲဒီစိတ်နဲ့ပဲ သောက်ပစ်လိုက်တာ အရက်သမားကြီးကို ဖြစ်ရောပဲ"

"ခင်ဗျားဟာခင်ဗျား ကြိုက်လို့လုပ်တာ သူများလွှဲမချပါနဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာကတော့ မှန်ပါတယ်ကွ၊ ဒါပေမဲ့ စိတ်ညစ်တာလည်းပါပါတယ်"

"ထားပါတော့၊ အဲဒါနဲ့ ဆက်ပါဦး"

"အဲဒီလိုနဲ့ ငါလည်း တစ်နှစ်တစ်တန်း ပုံမှန်ကျ လာလိုက်တာ ငါအခု ဖိုင်နယ်လည်းရောက်ရော ကောင်မ လေးက ဒီကျောင်းကို မင်းတို့နဲ့အတူ ဖတ်စ်ရီးယားကို ရောက်လာပါလေရော"

"ဟင်. . . ဒါဆို ခင်ဗျားစာမေးပွဲကျတာက ကံကောင်းသွားတာပေါ့"

"ဒါပေါ့ကွ၊ ငါလည်း သူရောက်လာမယ်မှန်း မသိ ဘူး၊ ဒါပေမဲ့ ကံကြမ္မာက ငါ့ကို ဒီတစ်ခါတော့ မျက်နှာ သာပေးလိုက်တယ် ထင်တယ်၊ သူက ဒီကျောင်းကိုမှ ဆိုက် ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတယ်"

"လူမိုက်ကံကောင်းဆိုတာ ဒါမျိုးထင်တယ်"

နေလင်းက ရေရွတ်လိုက်သည်။ ကြွယ်လေးက ဘာမှပြန်မပြောဘဲ စကားကိုဆက်၏။

"အဲဒီမှာ ငါလည်း သူ့ကို လွတ်လွတ်လပ်လပ် ကြိုးစားခွင့်ရသွားတယ်ဆိုပါတော့ကွာ၊ ငါ နောက်ဆုံး နေ့က ပြန်သွားတယ်ဆိုတာလည်း သူနဲ့အတူ ပြန်သွားတာ ကွ၊ သူကလည်း ငါ့ကို သူရောက်လာတဲ့အထိ ဒီကျောင်း ကြီးမှာ ဇွဲကောင်းကောင်းနဲ့ စောင့်နေတယ်ထင်ပြီး သနား သွားတယ်ထင်တယ်၊ မြို့မှာတုန်းကထက်ပိုပြီး အခွင့် အရေး ပေးလာတယ်"



နေလင်းနဲ့ ညိုသွေးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင် ကြသည်။

"ဇာတ်လမ်းကတော့ အဲဒါပါပဲကွာ၊ မြို့ပြန်ရောက် တော့လည်း ငါတို့နှစ်ခါလောက်တွေ့ကြတယ်၊ ဒီကိုပြန်လာ တော့လည်း အတူတူကွ"

"ဒါဆို ခင်ဗျား အခြေအနေ တော်တော်ကောင်း တယ်ပေါ့"

"အင်း"

ကြွယ်လေးက အာလုပ်သံကြီးနှင့် ပြော၏။ ညိုသွေးက

"ဒါဆို ဒီည ခင်ဗျား အရက်တိုက်ရမယ်"

"ဘာဆိုင်လို့လဲ"

"မတိုက်ချင်လည်း ရတယ်လေ၊ ကျုပ်တို့အလှည့် ကျရင်လည်း ခင်ဗျားကို အရက်. . ."

"ဟာ. . . တိုးတိုး၊ တိုးတိုးပြောပါကွာ၊ ကြားသွား ပါဦးမယ်"

"ဘယ်သူကြားကြားပေါ့ဗျ၊ ကြားသားမိုးကြိုး၊ ခင်ဗျား တာ အရက်ကိစ္စနဲ့ပတ်သက်ပြီး သူများကြားမှာ ရှက်နေသေး တယ်"

"သူများကြားမှာရှက်လို့ မဟုတ်ပါဘူးကွာ၊ သူ ကြားသွားမှာစိုးလို့ပါ"

"ဘယ်သူလဲ"

"ငါ့ကောင်မလေးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..သူက ဘယ်မှာနေတာလဲ"

"ဒီအဆောင်မှာ"

"ဟင်"

သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင် ဘေးနားက အဆောင်ကို ကြွယ်လေးက လက်ညှိုးထိုးပြ၏။ ထိုမိန်းက လေးဆောင်ကလည်း သူတို့ညတိုင်း ဂစ်တာတီးနေကျ အဆောင်ဖြစ်သည်။

အခုမှ ညိုသွေး သဘောပေါက်လိုက်သည်။ ပထမ ဆုံးအကြိမ် ကြွယ်လေးနဲ့ အဆောင်ရှေ့ ဂစ်တာလာတီး တုန်းက ကြွယ်လေး သီချင်းဆိုအပြီး ခန်းဆီးလိုက်ကာ လေး လှုပ်ခတ်သွားသည့်ကိစ္စ...။

ဩော်...သူတို့က ဒီလိုကိုး။

ညိုသွေးရင်ထဲမှာ မှတ်ချက်ချရင်း ပြုံးလိုက်မိပါ တော့၏။

နေလင်းကလည်း ကြွယ်လေးကိုကြည့်၍...

"ဒါ့ကြောင့် ခင်ဗျားကြီး အားအားရှိ ဒီအဆောင် ရှေ့ လာချင်နေတာကိုးဗျ"

ဟု ပြောလိုက်တော့၏။

ကြွယ်လေးကတော့ မှိုရတဲ့မျက်နှာလေးနဲ့ ပြုံးပြုံး ကြီး။

xxx



အချစ်သည် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့်လည်း သက်ဆိုင်လိမ့်မည်ဟု ထင်သည်။ ယခု ကြွယ်လေးကိုပဲ ကြည့်၊ သူက ကောင်မလေးကို မရနိုင်တော့ဘူးဆိုပြီး စိတ်ပျက်လက်ပျက်ဖြစ်နေခဲ့သော်လည်း ဇွဲကောင်း ကောင်းနှင့် သစ္စာရှိရှိ စောင့်နေခဲ့သောကြောင့် ဖေဗာတွေ ပေးလာသည်။ ထို့ကြောင့် ကျောင်းတက်ပြီး နှစ်ပတ် လောက်ကြာတော့ ကြွယ်လေးနဲ့ သူ့ကောင်မလေး ချစ်သူ တွေဖြစ်သွားကြတော့လေတော့၏။

ထိုနေ့ညက ကြွယ်လေးက အောင်ပွဲခံသည့်အနေ နှင့် ဒကာခံသည်။ ထုံးစံအတိုင်း အရက်တိုက်ခြင်းပင်ဖြစ် သည်။ အဲဒီတစ်ခါတော့ ခါတိုင်းလို အရက်ခပ်ညှိညှိ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ဝီစကီဗျ။ ဝီစကီတောင် **Red Label. . .**။ ထိုအရက်ကို ညိုသွေးရော နေလင်းပါ ကြုံကြုံပါအောင် သောက်ကြရင်း ကွယ်လေးကို ကောင်းချီးသြဘာပေးကြ၏။ ကွယ်လေးအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း အကြိမ်ကြိမ် လက်ဆွဲနှုတ်ဆက်ကြသည်။ ကြာတော့ ကွယ်လေးခမျာ လက်မောင်းတွေတောင် အောင့်လာ၏။ ထို့ကြောင့် မနေနိုင်တော့သည့်နောက်ဆုံး. . .

"တော်ကြပါတော့ကွာ၊ ကြာရင် ငါ့လက်မောင်း တစ်စစီ လိုက်ကောက်ရလိမ့်မယ်"

ဟု တားယူရ၏။

ဘာပဲဖြစ်ဖြစ် သူတို့ပျော်ကြသည်။ ကွယ်လေးအပျော်က ကျန်တဲ့ကောင်တွေကိုပါကူးစက်ပြီး နေလင်းနဲ့ ညိုသွေးပါ ပျော်ကြလေသည်။

ထို့နောက် ကွယ်လေးက. . .

"ငါ့အတွက် မင်းတို့နှစ်ယောက် ပျော်ပေးကြတာ ကျေးဇူး တင်ပါတယ်ကွာ၊ အဲဒီလိုပဲ မင်းတို့အတွက်လည်း ငါ ပျော်ချင်တယ်ကွာ"

ဟု စကားစလိုက်လေ၏။

ညိုသွေးနဲ့ နေလင်းက တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်သည်။ ထို့နောက် ညိုသွေးက. . .

"နေလင်း မင်းကို ပြောနေတာ၊ မင်း ကွယ်လေးတို့ အားမကျဘူးလား"

"အားကျတာပေါ့ကွ"

"အားကျရင် မင်းဇာတ်လမ်း ပြန်စတော့လေ"

"အေးပါကွာ၊ ငါလည်း ဘယ်နေ့ပြန်စရမလဲ စဉ်းစားနေတာပါ"

"စဉ်းစားမနေနဲ့ နေလင်း၊ ဒါမျိုးက နောက်ကျလို့ ကောင်းတာမဟုတ်ဘူး"

ထိုစကားကို ကွယ်လေးက ဝင်ပြောလိုက်၏။ သူက ကျန်တဲ့ နှစ်ကောင်ထက်စာရင် ဒီအချိန်မှာ စီနီယာဖြစ်သွားလေပြီ။ ထို့ကြောင့် သူ့စကားကို တလေးတစားနားထောင်ရ၏။ နေလင်းက

"အင်းပါ ကိုကွယ်လေးရာ၊ ကျွန်တော်လည်း မြန်မြန်လုပ်မှာပါ"

"ဒါဆို မနက်ဖြန်လုပ်ကွာ၊ ငါတို့ အဖော်လိုက်ခဲ့မယ်"

ကွယ်လေးက ထိုသို့ပြော်ပြီး ညိုသွေးကို လှမ်းကြည့်လိုက်၏။ ညိုသွေးက ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်လိုက်၏။ ညိုသွေးကလည်း အလိုတူအလိုပါ **Civil** ဘက်သို့ မခေါ်ခင်ကတည်းက သွားချင်နေသူပင်။

ထို့ကြောင့် ချော်လဲရောထိုင်လုပ်ကာ. . .

"ဟုတ်တယ်၊ ငါတို့ အဖော်လိုက်ပေးမယ်၊ မနက်ဖြန် မင်း ဘယ်အချိန်သွားချင်လဲ"

နေလင်းကလည်း အဖော်ပါတယ်ဆိုတော့ အားသက်သွားသည်။ ထို့ကြောင့် တစ်ချက်စဉ်းစားလိုက်ပြီး

"မနက်ဖြန် ကျူတိုရီရယ်ပြီးရင် သွားရအောင်

www.burmeseclassic.com

www.burmeseclassic.com



ကွာ”

“ကိုကြွယ်လေး တတိယအချိန် အားလား”

“အေးဆေးပါ”

ထို့နောက် သူတို့ အချိန်သတ်မှတ်သည့်ကိစ္စ အဆင်ပြေသွား၏။

“ဒါနဲ့ ကိုကြွယ်လေး ကောင်မလေးက ဘယ်မေဂျာကလဲ”

ညီသွေးက ရုတ်တရက် ထမေးလိုက်ခြင်းဖြစ်၏။ ကြွယ်လေးက ရယ်ဖြဲဖြဲနှင့်

“ဟီး. . ဟီး. . Civil ကကွ”

“ဒါကြောင့် ခင်ဗျားလည်း သွားချင်နေတာကိုး”

နေလင်းစကားဆုံးတော့ အားလုံးရယ်လိုက်ကြရင်း လက်ဝါးချင်း ရိုက်လိုက်ကြပါတော့၏။

×××





မိုးသည် ပြင်းပြင်းပျပျရွာနေသည်။ Civil တစ်မေဂျာလုံး အခန်းထဲတွင် ကုပ်ကုပ်ကလေးထိုင်၍ ဆရာမစာသင်တာကို နားထောင်နေကြ၏။ မိုးကလည်း အေးနေသောကြောင့် ကျောင်းသူတော်တော်များများ အနွေးထည်လေးတွေ ဝတ်ထားကြသည်။ ပတ်ဝန်းကျင်သည် ငြိမ်းချမ်းတိတ်ဆိတ်၍ အေးအေးချမ်းချမ်း ဖြစ်နေကြပါသည်။ သို့သော် မငြိမ်းချမ်းနိုင်သူ လူတစ်စုတော့ရှိ၏။ ထိုသူတို့မှာ. . .။

ကြွယ်လေးက ကော်ရေဒါတံစက်မြိတ်မှ ကျနေသည့် ရေစက်များကိုကြည့်၍

“မိုးကလည်း ဒီနေ့ကျမှ ရွာနေတယ်ကွာ၊ ခါတိုင်း

www.burmeseclassic.com

www.burmeseclassic.com



နေ့တွေတော့ မရှာဘဲနဲ့"

"ဟုတ်ပါ့ဗျာ၊ အချိန်အခါမဟုတ်ကြီး မုန်တိုင်းရှိလို့ထင်တယ်"

ညိုသွေးက ထိုစကားကိုပြော၍ အခန်းထဲသို့ တစ်ချက်ဝှေ့ကြည့်လိုက်သည်။ သူ့ရဲ့ကောင်မလေးက အခန်းထောင့်တစ်နေရာတွင် ကုပ်ကုပ်ကလေးထိုင်၍ ဆရာမစာသင်တာကို နားထောင်နေလေသည်။ ညိုသွေးက ဆိုက်ဆိုက်မြိုက်မြိုက် သူ့ကောင်မလေးကို ဒီအခန်းထဲမှာ တွေ့လိုက်ရ၍ ပျော်ကာနေသည်။ နေလင်းကလည်း ယုဂီကိုငေးကာ ကြည့်နေသည်။ ခဏနေတော့ နေလင်းက

"ကိုကြွယ်လေး ကျွန်တော်တို့ ဒီမှာ ဒီလိုအကြာကြီး ရပ်နေလို့ ဖြစ်ပါ့မလား၊ တော်ကြာ ဆရာမ သတိထားမိသွားရင် ဒုက္ခ"

"ရပါတယ်ကွာ၊ ဒါက တက္ကသိုလ်ပါ၊ ဒီလိုပဲ လာကြောင်နေတဲ့ကောင်တွေ တစ်ပုံကြီးပါ၊ မင်းမယုံရင် ဟိုမှာကြည့်"

နေလင်းက ကြွယ်လေး မေးငေါ့ပြရာသို့ လှမ်းကြည့်လိုက်၏။ ကျောင်းသားနှစ်ယောက်လောက် ကော်ရေဒါထောင့် တစ်နေရာတွင် ယောင်ပေယောင်ပေလုပ်နေတာတွေ့လိုက်ရလေသည်။ ဘာပဲဖြစ်ဖြစ် အားတော့ နည်းနည်းရှိကာသွားသည်။

ညိုသွေးကောင်မလေးက အခန်းအပြင်သို့ မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။ ဘာရယ်မဟုတ် သူ့ဘာ



သာသူ လှမ်းကြည့်လိုက်ခြင်းဖြစ်၏။ ထိုတဒင်္ဂလေးအတွင်းမှာပင် ညိုသွေးက ကြည့်နေသောကြောင့် မျက်လုံးချင်း ဘစ်ချက်သွားဆုံ၏။ ကောင်မလေးက ညိုသွေးကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ထို့နောက် သူမ အမူအရာတစ်ချက် ပြောင်းကာသွား၏။ သူမစိတ်ထဲမှာ ညိုသွေးကို မှတ်မိသွား၍ဖြစ်သည်။ သို့သော် ဘာကိစ္စနဲ့ ဒီကိုလာသလဲဆိုတာကိုတော့ သူမတွေးတတ်ချေ။

"ဟေ့ကောင် ကြည့်နေပြီကွ ကြည့်နေပြီ၊ ငါ့ကို ကြည့်နေပြီ"

"ဘယ်သူလဲ"

"ငါ့ကောင်မလေးပေါ့ကွ၊ ဟိုမှာ ယုဂီ ငါ့ကို လှမ်းကြည့်နေတယ် တွေ့လား"

နေလင်းပြရာသို့ နှစ်ယောက်စလုံး လှမ်းကြည့်ဖြစ်သည်။ ယုဂီက နေလင်းကို စိမ်းစိမ်းကြီး စိုက်ကြည့်နေတာတွေ့လိုက်ရတော့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားကြ၏။

"ကောင်းသောကြည့်ခြင်းတော့ မဟုတ်ဘူးနော်၊ သတိတော့ထား"

ကြွယ်လေးက သတိပေးလိုက်ခြင်းဖြစ်သည်။ တုတ်တော့လည်း ဟုတ်သည်။ ယုဂီအကြည့်က တော်တော်လေး ဆိုးဝါးကာနေသည်။ နေလင်းအတွက်တော့ ရင်ပေးမိသည်။ နေလင်းကတော့ ဘယ်လိုအကြည့်မျိုးပဲရရ သူနဲ့အကြည့်ချင်း ဆုံလိုက်မိ၍ ရင်ခုန်ကာ နေပါသည်။

"အတန်းပြီးရင် စာလိုက်ပေးမယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



နေလင်းဆီက ပြတ်သားသောစကား၊ ကြွယ်လေးနဲ့ ညီသွေးက သက်ပြင်းကို ပြိုင်တူချ၍

"အခြေအနေလေးတော့ ကြည့်ပေါ့ကွာ"

ဟု သတိပေးစကား ဆိုလိုက်မိပါသည်။ နေလင်းက တော့ မရတော့။ ဥရောပတစ်တိုက်လုံးကို သိမ်းပိုက်ထား သော နပိုလီယံလို ရဲရင့်ခြင်းမျိုးနှင့် တစ်ချက်ပြုံးလိုက်၍

"ရဘူးကွ၊ ငါက လုပ်ပြီဆို အရှင်းပဲ"

"ချကွ၊ ဒီအချိန်မှတော့ ပေါက်တဲ့နဖူး မထူးပါ ဘူး"

တားမရသည့်နောက်ဆုံး နှစ်ယောက်စလုံးတ မြှောက်ပေးလိုက်ပါတော့၏။

×××



မိုး စဲသွားပြီ၊ အတန်းလည်း ပြီးသွားပြီဖြစ်၍ ကျောင်းသားကျောင်းသူများ အခန်းပြင် သို့ အလျှိုလျှို ထွက်လာကြ၏။ ကြွယ်လေးက သူ့ကောင်မ လေးကို သွားနှုတ်ဆက်သည်။ ကြွယ်လေး ကောင်မလေးတ မျက်နှာဝိုင်းဝိုင်းလေးနှင့် ကလေးမျက်နှာလေးလို ချစ်စရာ လေးဖြစ်၏။ အမှန်ပြောရရင် ကြွယ်လေးနဲ့ တန်တောင် မတန်။ ဒါကြောင့် ကြွယ်လေးကလည်း မက္ခာပ်တိုင် တတ်ပြ နေတာ ဖြစ်မည်။

ကြွယ်လေးနဲ့ သူ့ကောင်မလေး အခန်းဝမှာ စကား တွေပြောနေကြသည်။ ခဏကြာတော့ ကြွယ်လေးသာ သူ့ကောင်မလေးကိုခေါ်၍ သူတို့အနားသို့ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိတ်ဆက်ပေးသည်။ မိတ်ဆက်ပေးပြီးနောက်

"ဆောရီးကွာ နေလင်းရာ၊ ငါ သူနဲ့ ကိစ္စလေး တစ်ခုရှိလို့ မြို့ထဲလိုက်သွားပေးရဦးမယ်၊ အဲဒီတော့ မင်းတို့နှစ်ယောက်တည်း ဟိုဟာ"

"ဟာ. . . ရပါတယ် ကိုကြွယ်လေးရဲ့၊ သွားပါ သွားပါ၊ ကျွန်တော်တို့နှစ်ယောက်တည်း ဖြစ်ပါတယ်၊ စိတ်ချသာသွား"

နေလင်းက အလိုက်သိစွာ ဆိုလိုက်သည်။ ကြွယ်လေးက အားနာသောအမူအရာနှင့် ပြုံးပြ၏။ ကြွယ်လေး ကောင်မလေးက ဘာမှမသိ၍ ဘာလဲဟင်ဟု ဝင်မေးလိုက်သည်။ ကြွယ်လေးက သူ့ကောင်မလေးလက်ကိုဆွဲ၍

"ဘာမှမဟုတ်ပါဘူးကွာ၊ သူတို့နဲ့ ကိုကြွယ်ကန်တင်းထိုင်ဖို့ ပြောထားလို့ပါ"

ကြွယ်လေး ကောင်မလေးက 'ဪ'ဟု တစ်ချက်ရေရွတ်၍ ကြွယ်လေးခေါ်ရာနောက်သို့ ပါသွားတော့သည်။ နောက်ဆုံးတော့လည်း သူတို့နှစ်ယောက်ပဲ ကျန်ရစ်ခဲ့တော့၏။ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ရည်ရွယ်ချက်ကိုတော့ အောင်မြင်အောင်လုပ်ရလိမ့်မည်ဟု နေလင်းစိတ်ထဲမှာ တွေးထားလိုက်၏။ နေတတ်ရေအတက်မှာမွေးတဲ့ စနေသား ငါကွဟုလည်း ရင်ထဲမှာ လိုရမယ်ရ ကြိမ်းဝါးလိုက်ပါသေး၏။

ထိုအချိန်တွင် ယုဂီသည် နေလင်းရှေ့မှဖြတ်ထွက်သွားသည်။ နေလင်းကိုလည်း လှည့်မကြည့်၊ ဘယ်သူ့ကိုမှလည်း မကြည့်ဘဲ ဘာမထိခြေလှမ်းများနှင့် လှမ်းထွက်သွားခြင်းဖြစ်၏။ ညိုသွေးက နေလင်းကို တစ်ချက်လှမ်းကြွန်းလိုက်၍



"ဟော့ကောင် ဟိုမှာ သွားပြီကွ၊ လိုက်တော့လေ"

"အေးပါ၊ ဒါနဲ့ မင်းကရော"

"ငါက မင်းနဲ့ ခပ်လှမ်းလှမ်းမှာ ပါမယ်"

"သေချာတယ်နော်"

"**Promise**"

"**OK**"

နေလင်း ဆွေ့ခနဲ ထွက်သွားသည်။ ညိုသွေးလည်း နေလင်းနောက် လိုက်မလိုလုပ်ပြီးမှ အခန်းထဲမှ ထွက်လာသည့် မဟာဆန်သူလေးကို တွေ့လိုက်ရ၍ ခြေလှမ်းတုံ့ခနဲ ရပ်လိုက်မိ၏။ မဟာဆန်သူလေးက သူမ မျက်ဝန်းတွေကို လေးဆယ့်ငါးဒီဂရီလောက် ခပ်စောင်းစောင်းလေး အောက်သို့ချထားကာ ခြေလှမ်းမှန်မှန်လေးနှင့် လှမ်းထွက်သွားပါသည်။ ညိုသွေးခမျာ သံလိုက်တုံးနှင့် ဆွဲယူခြင်းခံရသော သံမှုန်လေးတစ်မှုန်လို ရုန်းကန်ရန် အင်အားမရှိတော့။ ထို့ကြောင့် နေလင်းနောက် လိုက်သွားရကောင်းနိုး၊ ကောင်မလေးနောက်ပဲ လိုက်သွားရကောင်းနိုးဖြစ်နေစဉ် နောက်ဆုံးတော့. . .။

နေလင်းသည် သူ့ခေါင်းထဲမရှိတော့၊ ဒီကောင် ဘယ်ရောက်လို့ ရောက်သွားမှန်းလည်းမသိတော့။ သူ့ခေါင်းထဲရှိနေတာက တစ်ခုတည်း။ သူ့ရှေ့မှာ မျှဉ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြေးတည်း လှမ်းလျှောက်နေသည့် မဟာဆန်သူလေးသာ။

×××

[redacted]



ယုဂီသည် D ဆောင်များရှေ့ကနေ၍ ငွေစာရင်း ဌာနဘက်သို့ ချိုးချသွားသည်။ နေလင်းကလည်း သူမနောက် ခပ်လှမ်းလှမ်းမှ လိုက်လာ၏။ နေလင်းစိတ်ထဲတွင် သူ့အနောက် ခပ်လှမ်းလှမ်းမှာ ညိုသွေးပါလာသည်ဟု ထင်နေသည်။ ထို့ကြောင့် ရင်ထဲမှာ အင်အားတွေပြည့်ကာနေ၏။ ယုဂီက ငွေစာရင်းဌာန အဆောင်ထဲသို့ ဝင်သွား၍ ကော်ရေဒါအတိုင်းလျှောက်သွား၏။ ငွေစာရင်းဌာနကို ကျော်သွားတော့ ကျောင်းသားရေးရာနှင့် ရုံးခန်းများရှိရာဘက်သို့ အဆောင်အလယ် ခေါင်ကွက်လပ်မှ ကူးသွားလေသည်။

ဒီအချိန်မှာ လှုပ်ရှားဖို့အကောင်းဆုံးဟု နေလင်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်သည်။ ထိုနေရာတွင်လူလည်းရှင်းနေ၍ သူ့လုပ်ရှားမှုအတွက် အနှောင့်အယှက်လည်းမဖြစ်နိုင်ဟု သူ တွက်ထားလိုက်၏။ ထို့ကြောင့် နေလင်းက ယုဂီနားသို့ တိုးကပ်သွားလိုက်လေတော့သည်။

"ယုဂီ"

ယုဂီ လှည့်မကြည့်ပါ။ မျက်နှာအမူအရာလည်း ထူးထူးခြားခြား ပြောင်းလဲမသွား။ သူမပုံစံက နေလင်း ပါလာတာကို အစောကြီးကတည်းက သိပုံရသည်။ ပြီးတော့ ဒီလိုနေရာမှာ ဒီလိုဖြစ်လာမယ်ဆိုတာလည်း သိထားပုံရ၏။ ထို့ကြောင့် ခြေလှမ်း နည်းနည်းမြန်လိုက်တာကလွဲလို့ ဘာမှထူးထူးခြားခြား မဖြစ်သွား။

နေလင်းကတော့ လှည့်မကြည့်၍ နောက်တစ်ခွန်း ထပ်ခေါ် လေသည်။

"ယုဂီ ကျွန်တော့်ကို ဘာလို့ ပြန်မထူးတာလဲဟင်၊ ကျွန်တော်က ယုဂီရဲ့ ရန်သူတစ်ယောက် မဟုတ်ပါဘူးဗျာ"

ယုဂီ ခြေလှမ်းကို နည်းနည်းထပ်မြန်လိုက်သည်။ နေလင်းက ထပ်ကြပ်မကွာ လိုက်၏။ ခဏကြာတော့ နေလင်းက အသင့်ယူလာတဲ့ ရည်းစားစာကို ထုတ်လိုက်ကာ

"ကျွန်တော့်ကို စကားပြန်မပြောချင်နေပါဗျာ၊ ဒါလေးတော့ ယူသွားပေးပါနော်"

ယုဂီ ဆက်လျှောက်နေဆဲ။ နေလင်းကလည်း



ဘေးက စာအိတ်လေးကိုင်ပြီး လိုက်နေဆဲ။ ကြာတော့ နေလင်း စိတ်မရှည်နိုင်တော့၍

"ဒီမှာယုဂီ၊ ကျွန်တော်က ယုဂီ ကြုံတွေ့ခဲ့ရတဲ့ ယောကျ်ားစားတွေထဲက မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ယုဂီကို တကယ်မြတ်မြတ်နိုးနိုးချစ်တဲ့ ယောကျ်ား တစ်ယောက်ပါ"

ဒီတစ်ခါတော့ ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ ခြေလှမ်းကို တုံ့ခနဲရပ်ပစ်လိုက်ပြီး

"နင် ခုန ဘယ်လိုပြောလိုက်တယ်"

နေလင်းက ရုတ်တရက်ပြောင်းလဲသွားသော ယုဂီ ရုံစံကို ကြည့်၍

"ကျွန်..ကျွန်..ကျွန်တော်က ယု..ယုဂီ ကြုံတွေ့ခဲ့ရတဲ့ ယောကျ်ားတွေထဲက မဟုတ်ပါဘူးလို့ ပြောလိုက်တာပါ"

"နင်က ငါ ဘယ်လိုယောကျ်ားမျိုးတွေနဲ့ ကြုံတွေ့ခဲ့တယ်ဆိုတာ သိတယ်ပေါ့"

နေလင်းက သူ့စကားလွန်သွားပြီဆိုတာ သိလိုက်သည်။ သူတစ်ပါးအတွင်းရေးကို စုံစမ်းထားတယ်ဆိုတာ ကောင်းသောကိစ္စမဟုတ်။ သို့သော် အစမှာတော့ လွန်သွားလေပြီ။ ထို့ကြောင့် ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်နေစဉ်

"ပြောလေ...ငါမေးနေတယ် ဖြေလေ၊ ငါ ဘယ်လိုယောကျ်ားမျိုးတွေနဲ့ ဆုံတွေ့ခဲ့လဲဆိုတာ နင်သိလို့

www.burmeseclassic.com

www.burmeseclassic.com



လား"

နေလင်း ခေါင်းငိုက်စိုက်ကျသွားသည်။ ထို့နောက်

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"ဒါဆို နင်က ငါ့အကြောင်းတွေ သိနေတယ်ပေါ့ ဟုတ်လား"

နေလင်းက ခေါင်းကို ဖြေးညင်းစွာညိတ်ပြလိုက်၏။ ထို့နောက် ညင်သာတိုးဖွဲ့သော လေသံလေးနှင့်...

"ကျွန်...ကျွန်တော်က ခင်ဗျားထင်သလို အဲဒီ ယောက်ျားအမျိုးအစားတွေထဲမှာ မပါပါဘူးဗျာ၊ ကျွန်.. ကျွန်တော် သစ္စာလည်း မဖောက်ပါဘူး၊ လိမ်လည် လှည့်ဖြားဖို့လည်း ယုဂီကို ချည်းကပ်တာ မဟုတ်ပါဘူးဗျာ ပြီး..ပြီးတော့ ယု..ယုဂီကို ကျောရရုံလည်း မကြံ.. မကြံပါဘူးဗျာ"

နေလင်းက ထိုသို့ပြောပြီး ခေါင်းမော့လိုက်ချိန် တွင်...

"ဖြောင်း"

နေလင်း ပါးတစ်ဖက်သည် တစ်ဖက်သို့ ချာခနဲ လည်ထွက်သွားလေသည်။ ရိုက်လိုက်တဲ့ အားကလည်း ဒေါသပါ ပါနေသောကြောင့် တော်တော်ပြင်း၍ ငါး တစ်ခြမ်းလုံး ရဲတက်လာသည်။ နေလင်းသည် နာလို့လား ဘာဖြစ်လို့လဲတော့ မသိပေ။ မျက်ဝန်းထဲမှာ မျက်ရည်တွေ စို့တက်ကာလာ၏။ ထို့နောက် မျက်ရည်များကြားမှ ယု ကိုကြည့်ကာ





"နင်...နင်မကျေနပ်သေးရင် နောက်တစ်ချက် ထပ်ရိုက်လိုက်ပါဦး ယုဂီရယ်"

"အေး ရိုက်တယ်ဟာ...ရော့"

"ဖြောင်း"

အသံက 'ဖျောင်း'ခနဲ ဝါးလုံးတစ်လုံးကို အားကုန် ခြေထောက်နဲ့ နင်းချိုးလိုက်သံမျိုး။ အဆောင်အလယ် ခေါင် မြေကွက်လပ်မှာဖြစ်၍ လေးဘက်လေးလံ အဆောင် နံရံများကြောင့် အသံကလည်း ဟိန်းထွက်ကာသွား၏။

လမ်းသွားလမ်းလာ ကျောင်းသား၊ ကျောင်းသူ တချို့ ရပ်တန့်သွားကြသည်။ ဆရာမများ နားနေခန်းမှ ထွက်လာသော ဆရာမကြီးလည်း သူတို့နှစ်ယောက်ကို ကြည့်၍ ကြောင်တောင်တောင်ကြီး ဖြစ်သွားရ၏။ သူ့ခမျာ ဒီလိုပါးရိုက်ပုံမျိုး ဗီဒီယိုထဲမှာသာတွေ့ဖူးပြီး အပြင်မှာ တစ်ခါမှ မမြင်ဖူးသည့်ပုံစံမျိုး။

ယုဂီက ဆရာမကြီးကိုတွေ့တော့ ခပ်သွက်သွက် လှမ်းသွားလိုက်၏။ ထို့နောက် ဆရာမကြီးနှင့် စကား စမြည်ပြောသည်။ ယုဂီ ထွက်သွားတော့ ဆရာမကြီးက ခေါင်းတညိတ်ညိတ်လုပ်ကာ နေလင်းအား လက်ယပ်ခေါ် လိုက်ပါတော့သည်။

နေလင်းတစ်ယောက် မီးခဲများပေါ် လမ်းလျှောက် နေရသလို ခြေလှမ်းမျိုးနှင့် ဆရာမကြီးဆီသို့။

သူ့နောက်ကို လှည့်ကြည့်လိုက်တော့လည်း ဘယ်သူမှမတွေ့။

×××



www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးက နေလင်းနှင့် လမ်းခွဲထွက်လာပြီးနောက် ကောင်မလေးနောက်လိုက်လာရာ Drawing ဆောင်တွေရှိရာ ရှေ့သို့ ရောက်လာလေသည်။ ထို့နောက် ကောင်မလေးအခြေအနေကိုကြည့်၍ ဘာလုပ်လို့လုပ်ရမလဲ စဉ်းစားနေ၏။ ကောင်မလေးက Drawing ဆောင်တွေ အပေါ်မတက်ဘဲ ဆင်ဝင်အောက်မှ ဖြတ်၍ ရှေ့တည့်တည့် ဆက်သွား၏။ အဲဒီအရှေ့မှာ အိမ်သာ။

ညိုသွေး ခြေလှမ်းတုံ့ခနဲ ရပ်ကာသွားသည်။ ထို့နောက် ယောင်တောင်ယောင်တောင်နှင့် အဆောင်တွေ အပေါ်တက်သည့် လှေကားခြေရင်းတွင်ရပ်ကာ ကျန်ခဲ့၏။



ထို့နောက် ဒီနေရာမှာပဲ ကောင်မလေး ပြန်ထွက်အလာကို ဆက်စောင့်ရင်ကောင်းမလား၊ ဒါမှမဟုတ် လှည့်ပြန်သွားရင်ကောင်းမလား စဉ်းစားလိုက်၏။ ထွက်လာပြီးမှတော့ ဆက်စောင့်တော့မည်ဟုတွေးကာ ထိုနေရာတွင် ရပ်၍ စောင့်နေလိုက်ပါတော့သည်။

ကောင်မလေးထွက်လာရင် သူ ဘာလုပ်မလဲ စဉ်းစားလိုက်တော့ အမှန်တကယ်အားဖြင့် ဘာလုပ်ရမှန်း မသိသေးပေ။ ကောင်မလေးကိုတွေ့လို့သာ မနေနိုင်မထိုင်နိုင်နှင့် လိုက်လာရတာ၊ ရည်ရွယ်ချက်က ဘာမှမရှိ။ သို့သော် တစ်ခုခုတော့ လုပ်မှရမည်ဟု သူ့စိတ်ထဲ တွေးထားလိုက်၏။ ဟိုကောင်နေလင်းတစ်ယောက်ရော အဆင်မှပြေရဲ့လားဟု ရင်ထဲမှာ သတိရလိုက်မိသေးသည်။

ကောင်မလေးက အိမ်သာက ထွက်လာသည်။ ဘယ်သူ့မှမကြည့်ဘဲ ခေါင်းငုံ့ကာ လျှောက်လာနေရင်းမှ ညိုသွေးရှေ့ကိုရောက်တော့ ဆတ်ခနဲ လှည့်ကြည့်လိုက်၍...

"ရှင် ကျွန်မနောက်ကို ဘာဖြစ်လို့ လိုက်နေတာလဲ"

"ဗျာ"

ရုတ်တရက်ဆိုတော့ ညိုသွေး ကြောင်သွား၏။ ဘာပြန် ပြောလို့ ပြောရမှန်းမသိ။

ကောင်မလေးက ဒေါသသံမပါသောစကားမျိုးနှင့် ခပ်အေးအေးလေး ဆက်၍...

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မ မေးနေတာ ရှင်းရှင်းလေးပါ၊ ရှင် ကျွန်မ နောက်ကို ဘာဖြစ်လို့ လိုက်လာတာလဲလို့”

“ကျွန်. . ကျွန်တော် လိုက်လာတာ ဒီက ဘယ်လို သိ. . သိ”

“ရှင် ကျွန်မတို့ အဆောင်ရှေ့ကတည်းက ကျွန်မ နောက်လိုက်လာတာ သိနေပါတယ်”

ညိုသွေး သက်ပြင်းကို ချလိုက်သည်။ သူ မလိမ်ချင်တော့ပါ။ လိမ်ပြောဖို့လည်း အင်အားမရှိ။ မိန်းကလေးတော်တော်များများသည် သူတို့အပေါ် ချဉ်းကပ်လာသည့် ယောကျ်ားလေးတွေအထဲကို သူ့ဘာသာသူ အလိုအလျောက် ပေါက်ကြသည်ဆိုတာကို နားလည်သွား၏။ အခုလည်း ကောင်မလေးသည် သူ့နောက်က လိုက်လာသည်ဆိုတာကို ဘယ်သူမှမပြောဘဲနှင့် သိသွားလေပြီ။ ထို့ကြောင့်. . .

“ဟုတ်ပါတယ်. . . ဒီက အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်”

“ရပါတယ်၊ အနှောင့်အယှက်တော့ ဖြစ်တာအမှန်ပါပဲ၊ ဒါကြောင့် ရှင့်ကိုအသိပေးတဲ့အနေနဲ့ ကျွန်မက လာပြောတာပါ”

သူမပြောတဲ့စကားက ပညာသားပါသည်။ သတိပေးတယ် လည်းမပြော၊ အသိပေးတယ်ဟုဆို၏။ သူမ မကြိုက်သည့် ကိစ္စကို လာရောက်အသိပေးလိုက်တဲ့ သဘော။



ညိုသွေးခမျာ ဘာပြန်ပြောလို့ပြောရမှန်းလည်း မသိ။ ခေါင်းကိုကုတ်ရင်းသာ ကြောင်တောင်တောင်ကြီး ကြည့်နေမိ၏။

ကောင်မလေးက. . .

“ကျွန်မကို ခွင့်ပြုပါဦး”ဟုပြော၍ ညိုသွေးရှေ့က ထွက်ကာသွားသည်။ ညိုသွေးလည်း ကြောင်တောင်တောင် ဖြစ်နေရာမှ အသိဝင်လာပြီး. . .

“နေပါဦးဗျာ”

ကောင်မလေးက လှည့်ကာကြည့်သည်၊ ဘာများလဲဆိုတဲ့ အမူအရာနဲ့ဖြစ်၏။ ညိုသွေးက. . .

“ခင်ဗျားနာမည်လေး သိချင်လို့ပါဗျာ”

“ဘာလုပ်ဖို့လဲ”

“ကျွန်တော်လည်း မပြောတတ်ဘူးဗျာ၊ ဒါပေမဲ့ ဟိုဟာပါ ခင်ဗျားနာမည်ကို ဟိုဟာ ကျွန်တော်မပြောတတ်ဘူးဗျာ၊ အရမ်း သိချင်နေလို့ပါ”

ကောင်မလေးက တုံ့ဆိုင်းဆိုင်းလေး တစ်ချက်ဖြစ်သွားပြီးမှ

“ရပါတယ်. . . ကိစ္စမရှိပါဘူး၊ ကျွန်မနာမည် သမုဒ္ဒယနွေပါ”

ထို့နောက် ကောင်မလေး ထွက်ခွာသွားပါသည်။ ညိုသွေး တစ်ယောက်သာ ထိုနာမည်လေးကို ရွတ်ရင်း ကျန်ရစ်ခဲ့ပါတော့၏။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



“ဒါ ကတော့ လုံးဝ မတရားဘူးကွာ၊ သူ မကျေနပ်ရင် ပါးစပ်နဲ့ပြောပေါ့ကွ၊ ဒီလိုကိုယ်ထိလက်ရောက် စော်ကားတာတော့ ဘယ်ကောင်းမလဲ. . . တောက်”

ကြွယ်လေးက တောက်တစ်ချက် ပြင်းစွာခေါက်လိုက်၍ မကျေမနပ်ဆို၏၊ နေလင်းက ဘာမှမပြော။ သူ၏ ရဲနေသော ပါးနှစ်ဖက်ကို ကြပ်ပူထိုးကာနေသည်။ ညိုသွေးကတော့ ခေါင်းကိုကုတ်၍ သက်ပြင်းကိုချလိုက်၏။

ထို့နောက်. . .။

“ငါ အဲဒီအချိန်တုန်းက မလိုက်ခဲ့တာ တောင်းပန်





ပါတယ် သူငယ်ချင်းရာ၊ ငါသာပါလာရင် မင်း ဒီလိုဖြစ်မှာမဟုတ်ဘူး”

“ရပါတယ်ကွာ၊ မင်းပါလာလည်း သူ ငါ့ကိုရိုက်မှာပါပဲ၊ မင်းနဲ့တော့ မဆိုင်ပါဘူး”

နေလင်းက ထိုသို့ပြောပြီး သူ့မျက်နှာကို မှန်ထောင်ကြည့်လိုက်၏။ ထို့နောက် မျက်နှာတစ်ချက် ရှုံ့မဲ့လိုက်ကာ

‘ရက်စက်လိုက်တာကွာ’ ဟု ဆိုလိုက်လေသည်။ ကြွယ်လေးက နေလင်းကိုကြည့်၍ စိတ်မကောင်းတဲ့မျက်နှာနဲ့ သက်ပြင်းချလိုက်သည်။ ထို့နောက် ညိုသွေးကို လှမ်းကြည့်လိုက်ကာ. . .

“နေစမ်းပါဦး၊ မင်းက နေလင်းနောက်ကိုလိုက်မသွားဘဲ ဘယ်သွားနေတာလဲ”

ညိုသွေးက တုံ့ဆိုင်းဆိုင်းဖြစ်ကာသွားသည်။ ခဏကြာတော့မှ အကြောင်းစုံကို ရှင်းကာပြ၏။ သူ ကောင်မလေးတစ်ယောက်နောက်ကို လိုက်သွားကြောင်း၊ ထိုကောင်မလေးနဲ့လည်း ယခင်က နှစ်ခါလောက်တွေ့ဖူးကြောင်းနှင့် ညိုသွေး စကားဆုံးသွားတော့ ကြွယ်လေးနဲ့ နေလင်းက. . .

“မင်းက ငါတို့ကို လျှိုထားတာပဲကွ၊ လက်စသတ်တော့ မင်းက ကြိတ်ပုန်းခုတ်နေတာကိုး”

“မင်းတို့ အပြစ်ပြောလည်း ခံရတော့မှာပဲကွာ၊ အဲဒီတုန်းက ငါ ဖွင့်မပြောမိတဲ့အတွက် တောင်းပန်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ရပါတယ်ကွာ၊ ထားလိုက်ပါတော့၊ ကောင်မလေးနဲ့ မင်းနဲ့ အခြေအနေကရော ဘယ်လိုလဲ"

"ဒီလိုပါပဲ၊ ခုန မင်းတို့ကို ငါပြောတဲ့အတိုင်းပဲ သူက ငါ့ကို မလိုက်နဲ့လို့ပြောတယ်"

"မင်းအခြေအနေက နေလင်းလောက်တော့ မဆိုးသေးဘူးကွ"

ကြွယ်လေးက ထိုသို့မှတ်ချက်ချသည်။ ကြွယ်လေးစကားဆုံးတော့ ညိုသွေးက တစ်ခုသတိရသွားဟန်နှင့်...

"ဒါနဲ့ မင်းကို ဆရာမကြီးက ဘာဖြစ်လို့ခေါ်ပြောလဲ"

"လိုက်မနှောင့်ယှက်နဲ့တော့လို့ ပြောတယ်၊ နောက်တစ်ခေါက်လိုက်နှောင့်ယှက်ရင် မလွယ်ဘူးတဲ့"

"မင်း ပါးရိုက်ခံလိုက်ရတာကိုရော ရှင်းမပြလိုက်ဘူးလား"

"ငါလည်း ပူထူနေတာနဲ့ ဘာစကားမှကို မပြောလိုက်မိဘူး၊ ဆရာမကြီးပြောတာပဲ နားထောင်ပြီး ပြန်ခဲ့ရတယ်"

ကြွယ်လေးနဲ့ ညိုသွေးက ငြိမ်သွားကြသည်။ နေလင်းရဲ့ ရင်ထဲကခံစားချက်ကို နားလည်မိ၍ ငြိမ်သွားကြခြင်းဖြစ်၏။ ခဏနေတော့ ကြွယ်လေးက...

"မင်း ဘာဆက်လုပ်မယ် စဉ်းစားလဲ"





နေလင်းက အဝေးတစ်နေရာကို ကြည့်၍

"ဘာဆက်လုပ်လို့ ရတော့မှာလဲဗျာ၊ သူ့ဘက်ကဒီလောက် ပစ်ပစ်ခါခါကြီးဖြစ်နေမှတော့ ကျွန်တော့်ဘက်က လက်လျှော့လိုက်ရတော့မှာပေါ့ ကိုကြွယ်လေးရယ်"

အားလုံး ငြိမ်သက်သွားကြသည်။ လေတိုးသံသာ သူတို့ကြားမှာ တိုးတိုးသာသာ...။

×××



www.burmeseclassic.com

www.burmeseclassic.com



ညို့သွေးက ကတိတည်သည်။ နောက်ကလိုက်တာ မကြိုက်ဘူးဟု ပြောထား၍ ရှေ့က ကြိုစောင့်နေ၏။ ပေါ်ပေါ်ထင်ထင်တော့ မဟုတ်၊ ခိုးကြောင်ခိုးဝှက်။ သူက ကောင်မလေးလာမယ့်လမ်းကို ကြိုတင်ခြေရာကောက်ထား၍ တစ်နေရာရာမှ စောင့်ကြည့်နေခြင်း ဖြစ်သည်။ ဒီလိုလေးစောင့်ကြည့်နေရတာကို သူ့စိတ်ထဲမှာ စိတ်ချမ်းသာနေရ၏။ ကောင်မလေးကလည်း တစ်နေ့တခြား ပိုပိုလှလာသည်ဟု သူထင်မိသည်။ အမှန်တော့ ကောင်မလေးက ဒုံရင်းဒုံရင်း အတိုင်းပင်ဖြစ်သည်။ သူ့စိတ်ထဲမှာ တစ်နေ့တခြား ပိုပိုချစ်လာသောကြောင့်ပင် ဖြစ်လေသည်။



ဒီနေ့လည်း ထုံးစံအတိုင်းပင် သမုဒ္ဒယနွေနောက်သို့ ညို့သွေး လိုက်လာသည်။ သမုဒ္ဒယနွေက လက်တွေ့ချိန်အပြီးတွင် အခန်းထဲမှ ထွက်လာခြင်းဖြစ်သည်။ ညို့သွေးက ဒါကိုသိနေ၍ Drawing ဆောင်အပေါ်ထပ်မှ အောက်ကိုဆင်းလိုက်သည်။ ထို့နောက် သူမသွားမည့်လမ်းကို ဖြတ်လမ်းမှ ကြိုစောင့်နေလိုက်၏။ သူစောင့်နေသည့်နေရာက Civil မေဂျာ သွားရာလမ်းကြောင်းပေါ်ရှိ သစ်ပင်ရိပ်တစ်နေရာက။

သူမ ထုံးစံအတိုင်း ဖြည်းညင်းစွာ လမ်းလျှောက်လာသည်။ သူမ လမ်းလျှောက်ပုံက မြန်လည်းမမြန် နှေးလည်းမနှေး။ အနေတော်လောက်ပင်ဖြစ်၏။ ပြီးတော့ သူမ၏ မျက်လုံး။ သူမမျက်လုံးက လမ်းလျှောက်ရင်းအားဘီဝဲယာကို သိပ်မကြည့်တတ်။ ရှေ့ဘက် ငါးပေလောက်အကွာကိုသာ ခပ်ငွေငွေလေးစောင်း၍ ကြည့်တတ်လေသည်။ ဒီလိုလေး မျက်လွှာချပြီး လျှောက်တာတိုတောင် ဟိုတစ်ခါ သူလိုက်လာတုန်းက ဘယ်လိုသိသွားသလဲဟု ညို့သွေး တွေးနေမိ၏။ သူတွေးနေစဉ်မှာပင် ကောင်မလေးက သူ့ရှေ့တည့်တည့်မှ ဖြတ်သန်းသွားလေတော့သည်။ သူလည်း ဒီနေ့အဖို့ တာဝန်ပြီးဆုံးသွားပြီဖြစ်၍ လှည့်ပြန်မလို့လုပ်လိုက်စဉ်. . .

"ဟင်"

ညို့သွေး မြင်လိုက်ရတဲ့ အဖြစ်အပျက်ကြောင့် အတ်ချက်တွေဝေကာသွား၏။ တခြားတော့မဟုတ်၊ သူမ

www.burmeseclassic.com

www.burmeseclassic.com



လွယ်လာသော ကျောပိုးအိတ်လေးထဲမှ စာအုပ်တစ်အုပ် ကျသွားခြင်းကြောင့် ဖြစ်သည်။ စာအုပ်က မှတ်စုစာအုပ်။ ကောင်မလေးက သတိထားမိပုံမရ။ ပြီးတော့ ကျောပိုးအိတ်ဇစ်ကလည်း ပွင့်နေတာတွေ့ရလေသည်။ ညိုထွေး ခဏတော့ စောင့်ကြည့်နေသေးသည်။ နောက်ဆုံး ကောင်မလေးက ဒီအတိုင်းသာ ဆက်သွားနေသောကြောင့် အမြန် လှမ်းသွားလိုက်၍ စာအုပ်ကိုကောက်ကိုက်လိုက်၏။ စာအုပ်က ကျောင်းမှတ်စုစာအုပ်တစ်အုပ်။

ညိုထွေးက ဘာလုပ်ရမလဲ စဉ်းစားသည်။ လိုက်ပေးရင် ကောင်းမလား၊ ဒါမှမဟုတ် သိမ်းထားလိုက်ရင် ကောင်းမလား။

သိမ်းထားလိုက်ရင်လည်း သူ့အတွက် ဘာမှ အကျိုးမရှိသလို ကောင်မလေးအတွက်လည်း အကျိုးယုတ်သွားနိုင်၏။ ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ. . .

"သမုဒ္ဒယနွေ"

ညိုသွေး ခေါ်သံကြား၍ လှည့်ကြည့်သည်။ ညိုသွေးကို တွေ့သွားတော့ တစ်ချက်အံ့ဩကာသွား၏။ ထို့နောက် မျက်နှာတစ်ချက်တည်သွားပြီး. . .

"ဘာကိစ္စရှိလို့လဲ"

ညိုသွေးက ဘာမှမပြောဘဲ စာအုပ်ကို လှမ်းပေးလိုက်သည်။ သူမက စာအုပ်ကိုကြည့်ပြီး တစ်ချက်အံ့ဩသွားရာက



"ဒါ ရှင့်ဆီ ဘယ်လိုရောက်နေတာလဲ"

"ခင်ဗျားလွယ်အိတ်ထဲက ထွက်ကျ ကျန်ခဲ့တာပါ။ ကျွန်တော်က လှမ်းတွေ့လိုက်လို့ အဲဒါ"

သူမက စာအုပ်ကို လှမ်းယူလိုက်သည်။ ထို့နောက်

"ကျေးဇူးတင်ပါတယ်၊ ဒါသာပျောက်သွားရင်တော့ ကျွန်မတော့ ဒုက္ခပဲ"

"ဟုတ်ကဲ့ ရပါတယ်"

"ဒါနဲ့ ရှင်က ကျွန်မနောက်က လိုက်လာတာလား"

"တမင်တကာတော့ မဟုတ်ပါဘူး၊ ကျွန်တော်လည်း C အဆောင်တွေဘက် သွားစရာရှိလို့ လမ်းကြုံသွားတာပါ"

သူမက ပြုံးလိုက်သည်။ ဘာမှတော့မပြော။ ထို့နောက် ညိုသွေးရှေ့ကနေ ဖြည်းဖြည်းချင်း လှမ်းထွက်သွားပါတော့၏။ ညိုသွေးပျော်ကာ ကျန်ခဲ့သည်။ ဒီလောက်ဆို အခြေအနေမဆိုး။

xxx

www.burmeseclassic.com

www.burmeseclassic.com



လမ်း မှာတွေ့ရင် ကောင်မလေးကို ပြုံးပြသည်။ သမုဒ္ဒယနွေကလည်း နောက်ပိုင်းကျတော့ ရယ်ပြ၊ ပြုံးပြဖြစ်လာ၏။ ညိုသွေးကလည်း လမ်းမကြိုကြိုအောင်လုပ်ကာ အမြဲတမ်းပြုံးပြလေသည်။ ကြာတော့ နွားပွဲစားကတောင် အဖေတော်ရလောက်အောင် ဖြစ်လာ၏။ ဒီနေ့လည်း ညိုသွေးတစ်ယောက် ကြွယ်လေးနဲ့ Civil အဆောင်တွေဘက်သို့ လိုက်လာသည်။ ကြွယ်လေးက သူ့ကောင်မလေးဆီကို သွားခြင်းဖြစ်၏။ နေလင်းကတော့ အတန်းတက်ရင်း ကျန်ခဲ့လေသည်။

Civil ခန်းတွေရှေ့ရောက်တော့ ကြွယ်လေးက သူ့ကောင်မ လေးကို လက်လှမ်းပြလိုက်သည်။ ခဏနေတော့ အတန်းပြီးသွား၍ ကြွယ်လေးကောင်မလေး ထွက်





လာ၏။ ကြွယ်လေးက ညိုသွေးနားကပ်၍. . .

"ညိုသွေး"

"ဘာလဲ"

"မင်းမှာ ပိုက်ဆံပါလား"

"ဘာလုပ်ဖို့လဲ"

"ပါရင် ငါ့ကို ခဏချေးစမ်းပါ၊ အဆောင်ရောက်ရင် ပြန်ပေးမယ်"

"သိပ်တော့မပါဘူးဗျ၊ သုံးထောင်လောက်ပဲပါတယ်"

"ပါတာ အကုန်ပေးကွာ၊ ကောင်မလေးနဲ့ ဝါရုပ်ရှင်သွားကြည့်မလို့"

"ဒါဆိုလည်း ခင်ဗျားက အစောကြီးကတည်းက တည့်လာပါလားဗျ"

"ငါလည်း ဒီရောက်တော့မှ သတိရလို့ပေါ့ကွာ၊ ပေးစမ်းပါ"

ညိုထွေးလည်း ထုတ်ပေးလိုက်၏။ သူက လိုရင် နေလင်းဆီက ယူသုံးလို့ရသည်။ ထို့ကြောင့် ရှိတာအကုန် ထုတ်ပေးလိုက်လေတော့သည်။ ကြွယ်လေးလည်း ပိုက်ဆံကိုယူပြီး သူ့ကောင်မလေးနှင့် ထွက်သွားလေတော့၏။ ညိုသွေးက Civil မေဂျာရှေ့မှာ ယောင်တောင်ပေါင်တောင်နှင့် ကျန်ခဲ့လေတော့သည်။

"ဒီကို အလည်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးက သူ့ကို လှမ်းခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ သမုဒ္ဒယနွေ့ကို တွေ့လိုက်ရ၏။ ညိုသွေး အံ့သြသွားသည်။ ထို့ကြောင့် ရုတ်တရက်ဆိုတော့ ကြောင်အအနှင့်

"ဟုတ်. . ဟုတ်ပါတယ်၊ အသိတစ်ယောက်နဲ့ လိုက်လာတာပါ"

သမုဒ္ဒယနွေ့က ပြုံးလိုက်သည်။ ထို့နောက်. . .

"ကျွန်မ တွေ့ပါတယ်"

ဟုပြော၍ ခြေလှမ်းမှန်မှန်နှင့် ဆက်လျှောက်သွား၏။ ညိုသွေးလည်း သူမဘေးက ယောင်တောင်ပေါင်တောင်နဲ့ လိုက် လာခဲ့လေသည်။ သူမ ဘာမှမပြောပါ။ ထို့နောက် ညိုသွေးက နောက် တစ်ဆင့်တက်၍ . . .

" သမုဒ္ဒယ အားလို့ရှိရင် ကျွန်တော်နဲ့ ကန်တင်း လိုက်ထိုင်ပါ လားဟင်"

သမုဒ္ဒယနွေ့က ဖျတ်ခနဲမော့ကြည့်လိုက်သည်။ ညိုသွေးက ကမန်းကာတန်းလက်ကာပြလိုက်၍

"ဟို. . . ဟိုဟာ တစ်မျိုးတော့ မထင်ပါနဲ့နော်၊ ကျွန်တော်က ဟိုဟာ. . ဟို"

"ရပါတယ်၊ ကျွန်မလည်း ကန်တင်းသွားမလို့ပါ"

ညိုသွေး ခန္ဓာကိုယ်သည် လေထဲသို့ မြောက်တက်သွားတယ်ဟု ထင်လိုက်ရလေသည်။ သူမဆီက အခုလို လွယ်လွယ်ကူကူ အခွင့်အရေး ရလိုက်မည်ဟု ထင်မထား။

"ကျွန်မက ဒီက စာအုပ်လိုက်ပေးတဲ့နေ့ကတည်းက နောက်ကြုံရင် တစ်ခုခုကျွေးမယ်လို့ စီစဉ်ထားတာပါ။





အတွဲ့အလှည့်သဘောမျိုး မဟုတ်ပေမယ့် ကျေးဇူးတစ်ခုကို ပြန်ဆပ်လိုက်တဲ့ သဘောပေါ့"

"ဒါဆို အဲဒီနေ့က အကြွေးရှိလို့ ကန်တင်းလိုက်လာတဲ့ သဘောပေါ့နော်"

ကောင်မလေးက ပွင့်ပွင့်လင်းလင်းပဲ ခေါင်းညိတ်တာပြသည်။

ဘာပဲဖြစ်ဖြစ် စောဒကတက်မနေတော့။ ကောင်မလေး လိုက်လာတဲ့အတွက် သူ့အတွက်ကတော့ မဟာအခွင့်အရေးပင်။

ထို့နောက် သူတို့ ကန်တင်းထိုင်ဖြစ်ကြသည်။ တစ်ယောက်အကြောင်းတစ်ယောက် မေးဖြစ်ပြောဖြစ်ကြ၏။ ညိုသွေးကလည်း သူ့အကြောင်းကို ပြောပြလေသည်။ သူက နယ်မှလာသူဖြစ်ကြောင်း၊ အခုလောလောဆယ် သူ့အဖေက လှိုင်ကော်မှာ တာဝန်ထမ်းဆောင်နေကြောင်း စသည်ဖြင့်။

ကောင်မလေးကတော့ သူက ရန်ကုန်ကပင်ဖြစ်ကြောင်း လောက်သာပြောပြီး တခြားစကား အနည်းငယ်ပြောကာ သူတို့ လမ်းခွဲခဲ့ကြပါတော့သည်။ စားတာသောက်တာကိုတော့ ကောင်မလေး ရှင်းသွား၍ တော်သေးသည်ဟု ညိုသွေးက တွေးလိုက်မိ၏။ သူသာရှင်းရရင်တော့ ပိုက်ဆံတစ်ပြားမှမပါတော့၍ အရှက်ကွဲပေတော့မည်။

ဘာပဲဖြစ်ဖြစ် ညိုသွေးဘဝက တဖြည်းဖြည်း အောင်မြင်လာသည်ဟု ဆိုရပေလိမ့်မည်။

×××

www.burmeseclassic.com



"လုပ်ကြပေါ့ကွာ၊ မင်းတို့ခေတ်ပဲ လုပ်ကြပေါ့" ဟု နေလင်းက အော်သည်။ ညိုသွေးက ရယ်ကျဲကျဲ လုပ်နေလိုက်၏။ ထို့နောက် နေလင်းက

"မင်းကတော့ အခု ပြောအားရှိသွားပြီပေါ့ ဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူးကွာ၊ သူနဲ့ ငါက ဘာမှမဖြစ်သေးပါဘူး"

"ဒါပေမဲ့ ရက်ပိုင်းလေးအတွင်း အဲဒီလောက် အဆင့်ထိ တိုးတက်လာတယ်ဆိုတာ အဆင်ပြေတယ်လို့ ဆိုရမှာပဲကွ"

ညိုသွေးက ရှက်ပြုံးကြီးပြုံးလိုက်၍. . .

[redacted]



"အဲဒါတော့ ဟုတ်တယ်ကွ"

"မင်းကတော့ ဟုတ်နေပေါ့ကွာ၊ ငါ့ဘဝကတော့ သွားပြီ"

"မင်းလည်း ကံကြမ္မာအလှည့်အပြောင်း ကောင်းလာရင် အဆင်ပြေလာမှာပါကွာ"

ညိုသွေးက အားပေးနှစ်သိမ့်သည့် အနေနှင့် နေလင်းပခုံးကို ဆွဲညှစ်ပစ်လိုက်သည်။ နေလင်းက သက်ပြင်းကိုချလိုက်၏။ ထို့နောက်

"ဘာပဲဖြစ်ဖြစ် ငါ့သူငယ်ချင်း အဆင်ပြေရင် ငါလည်း ကျေနပ်ပါတယ်ကွာ"

"ကျေးဇူးပါပဲကွာ"

ဟု ညိုသွေးက ပြန်ပြောလိုက်လေတော့သည်။

×××

[redacted]

www.burmeseclassic.com

ရက်တွေ လတွေ တဖြည်းဖြည်းပြောင်းလဲလာလေသည်။ ရာသီတွေလည်း ပြောင်းလို့ ရက်တွေလည်း ဟောင်းပြီ။ ကျောင်းဝင်းကြီးအတွင်းရှိ ကံ့ကော်ပင်တွေလည်း ပွင့်ကြပြီ။ သီဟိုဠ်ရွက်ကြွေတို့လည်း မြေမှာခကုန်ကြပြီ။ ကျောင်းသား ကျောင်းသူတို့လည်း မပြောင်းလဲသောလမ်း များကိုလျှောက်ရင်း ပြောင်းလဲသွားသော နေ့ရက်တို့အတွက် နှလုံးသားအသစ်များနှင့် ကျော်လွန်ခဲ့ကြပြီဖြစ်လေသည်။

အခုဆို တဖြည်းဖြည်းနှင့် အတန်းတင်စာမေးပွဲကြီးလည်း နီးကပ်လာပြီဖြစ်သည်။ ညိုသွေးတစ်ယောက်တော့ သမုဒ္ဒယဆီကို ပုံမှန်သွားရင်း ကျောင်းစာကိုလည်း





မှန်မှန်လုပ်လာရ၏။ အခုဆို သမုဒ္ဒယနဲ့ သူသည် တော်တော်လေးရင်းနှီးနေပြီဖြစ်သည်။ တစ်ယောက်နှလုံးသားကိုတစ်ယောက် ဖောက်မြင်နေကြသည်။ တစ်ယောက်ရင်ခုန်သံကိုတစ်ယောက် ရင်းနှီးနေကြ၏။ သို့သော် သူတို့နှစ်ယောက်သည် အတိအလင်းတော့ မဖြစ်သေး။ ညိုသွေးဘက်က ဖွင့်မပြောသေးသောကြောင့်ဖြစ်သည်။ တစ်နေ့နေ့တော့ ညိုသွေး ဖွင့်ပြောဖို့ စိတ်ကူးထားသည်။ သို့သော် ယခုလိုခင်မင်မှုကို အခွင့်ကောင်းယူသည်ဟု သမုဒ္ဒယဘက်မှလည်း တွေးသွားမည်စိုး၍ သောကြောင့် အချိန်ကာလတစ်ခုအထိ စောင့်နေရခြင်းဖြစ်၏။

ဒီနေ့လည်း ညိုသွေးနဲ့ နေလင်း ကန်တင်းထိုင်နေရင်း ထိုအကြောင်းကို ပြောဖြစ်ကြ၏။ နေလင်းက

"ညိုသွေး မင်း ကောင်မလေးကို ဖွင့်ပြောသင့်ပြီထင်တယ်"

ညိုသွေးက. . .

"ပြောမှာပါ၊ အခြေအနေတစ်ခုအထိ ခဏစောင့်နေတာ"

"မင်းတို့က ဒီလောက်အဆင်ပြေနေတာပဲကွာ၊ ဘာစောင့်နေစရာအကြောင်းရှိလဲ"

"ဒီလိုပဲပေါ့ကွာ၊ အခု သူက ငါ့ကို သူငယ်ချင်းတစ်ယောက်အဖြစ် လက်ခံထားတာကွ၊ အဲဒါကို အရောင်ဆိုးသလို ဖြစ်သွားမှာဆိုးလို့"

"မင်းမဆိုးခင် သူများက ဆိုးသွားမှ ကျန်ခဲ့စဖြစ်

www.burmeseclassic.com



မယ်နော်"

ညိုသွေး ငိုင်သွားသည်။ ဘာဆက်ပြောလို့ ပြောရမှန်းမသိ။ ရင်ထဲမှာ စိုးရိမ်စိတ်တစ်ခုက ဘယ်ကမှန်းမသိ တက်လာတာပဲ သိ၏။

နေလင်းက ဘာမှဆက်မပြောတော့ပါ။ အတန်းသွားဦးမယ် ပြော၍ ကန်တင်းမှ ထထွက်ခဲ့တော့၏။ ညိုသွေးတစ်ယောက်သာ ငေါင်၍ ကျန်ရစ်ခဲ့၏။ နေလင်းက လက်တွေ့ချိန်ဖြစ်၍ လက်တွေ့ခန်းတွေဘက်သို့ ထွက်လာခဲ့လိုက်သည်။ လမ်းကွေ့တစ်ခု အရောက်တွင် ငုတ်တုပ်လေးထိုင်နေသည့် ကောင်မလေးတစ်ယောက်ကို သွားတွေ့၍ နေလင်း ခြေလှမ်းတုံ့ခနဲရပ်သွား၏။ နေလင်းက ထိုကောင်မလေးကို သေချာကြည့်လိုက်ပြီး မျက်လုံးပြူးသွားလေသည်။

"ဟင် . . . ယုဂီ"

နေလင်း ကြောက်အားလန့်အားနှင့် ချာခနဲ လှည့်ထွက်ဖို့ လုပ်၏။ သို့သော် ယုဂီထံမှ ညည်းသံလိုလို အသံထွက်လာ၍ လှည့်မထွက်နိုင်တော့ပေ။

"အား . . . ကျွတ် ကျွတ်"

ယုဂီက ခြေထောက်ကလေးကိုနှိပ်ရင်း ညည်းနေသည်။ နေလင်းက သူမအနား ဖြည်းညင်းစွာကပ်သွား၍ . . .

"ယုဂီ"

ယုဂီ မော့ကြည့်သည်။



"ဘာ ကူညီပေးရမလဲဟင်"

နေလင်းကိုတွေ့တော့ ယုဂီ မျက်လုံးကလေး ဝိုင်းသွား၏။ ထို့နောက်

"ရှင် . . . ရှင် ဘယ်က ရောက်လာတာလဲဟင်"

"ကျွန် . . ကျွန်တော်က လက်တွေ့ခန်းသွားမလို့ပါ။ ယုဂီကို လိုက်နှောင့်ယှက်တာ မဟုတ်ဘူးနော်၊ အခု . . . အခုတောင် ယုဂီ ကိုတွေ့တော့ လှည့်ထွက်မလို့ လုပ်ပြီးမှ တို့ဟာ"

"အား . . . ကျွတ် . . . ကျွတ်"

ယုဂီထံမှ ညည်းသံ ထွက်ပေါ်လာ၏။ နေလင်းတမှာပြာ သလဲနှင့် . . .

"ယုဂီ ဘာဖြစ်သွားတာလဲဟင်"

"သွားရင်းနဲ့ ခလုတ်တိုက်ပြီး ချော်လဲသွားလို့"

"ဟုတ်လား၊ ဒါဆို ဒုက္ခပါပဲ ခြေထောက်ရောထောက်နိုင်ရဲ့လား"

ယုဂီက ခေါင်းခါပြသည်။ နေလင်းက အစိုးရိမ်လွန်ပြီး ပြေးတွဲမလို့ လုပ်လိုက်သေး၏။ ပြီးတော့မှ ယုဂီအကြောင်းကို သတိရသွား၍ ကိုယ်ရှိန်သတ်လိုက်လေသည်။ ထို့နောက် ဘေးဝဲယာကို ဝေ့ကြည့်လိုက်သည်။ ဘယ်သူမှ မတွေ့ရ။ ထိုအချိန်တွင် ယုဂီက နေလင်းကို မော့ကြည့်လိုက်သည်။ နေလင်းနှင့် အကြည့်ချင်း သွားဆုံ၏။ နေလင်းက ချက်ချင်းမျက်လွှာချလိုက်ပြီး . . .

"ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲဟင်၊ တဲ့ . . ."

www.burmeseclassic.com

www.burmeseclassic.com



တွဲပေးလို့ရ မလား"

ယုဂီက တစ်ချက်ကုန်းထလိုက်သည်။ ခြေထောက်က တစ်ချက်ယိုင်သွား၍ ပခုံးကိုလှမ်းကိုင်လိုက်ရ၏။ နေလင်းလည်း သူမကို အလိုက်သင့် ဖေးမလိုက်လေသည်။ ယုဂီ ချက်ချင်း အသိပြန်ဝင်လာပြီး နေလင်းဆီက ခွာသည်။ သို့သော် မရပါ။

နေလင်းက အသာတွဲ၍ သူမကို အခန်းလွတ်တစ်ခုဆီသို့ ခေါ်သွားလိုက်ပါတော့သည်။ သူမ မရုန်းကန်နိုင်ပါ။ ရုန်းကန်ရန်လည်း အင်အားမရှိတော့ဘူးထင်ပါသည်။ ခြေထောက်ကလည်း တော်တော်လေးနာနေသည်ကိုး။

×××





"အဲဒါနဲ့ မင်းတို့ ဘာဆက်ဖြစ်သွားလဲ"

"ငါက လက်တွေ့ခန်းဘေးက အခန်းကို တွဲဖို့လိုက်၊ ပြီးတော့ ဆရာမကို သွားခေါ်ပေးလိုက်တာပေါ့ကွ"

"ဒါပဲလား"

"ဆရာမရောက်လာတော့ သူ့ကို ဆေးခန်းခေါ်သွားပြီး ဆေးစည်းပေးတယ်လေ"

"ဟင်... မင်းကို ကျေးဇူးတင်စကားလေးတောင် ပြောမသွားဘူးလား"

"ပြောဖို့အချိန် မရပါဘူးကွာ၊ ဆရာမက သူတို့တာနဲ့ တစ်ခါတည်း ခေါ်သွားတာကွ"

"မင်းဘာဝကလဲကွာ အဖျားကျမှ ရှုံးသွားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ"

"မတတ်နိုင်ဘူးဟေ့ကောင်၊ အဲဒီလိုမှမလုပ်ရင် ငါက လိုက်သွားလို့မှမရတာ"

ညိုသွေးက ဘာမှ ဆက်မမေးတော့ပါ၊ မေးစေ့ကို လက်နဲ့ပွတ်ပြီး စဉ်းစားခန်း ဝင်ပေးနေ၏။ ခဏကြာတော့မှ လက်ဖျောက် တစ်ချက်တီး၍. . .

"အဲဒါ ခွင်ပဲကွ၊ နောက်နေ့တွေ မင်း လမ်းမှာ တွေ့ရင် သူ့ကို အခြေအနေမေးလို့ရတယ်"

"ဖြစ်ပါ့မလားကွာ"

"မင်းက ဘာကြောက်နေတာလဲ"

"ဒီတစ်ခါ ထပ်အဆော်ခံရရင် ငါ ကျောင်းထွက်ရမှာနော်"

"ဟေ့ကောင် မင်းမြဲမြဲမှတ်ထားကွ၊ မိန်းကလေးတွေက မိခင်စိတ်ရှိကြတယ်၊ အဲဒီလောက်အထိ ဘယ်သူမှမရက်စက်ဘူး"

"မင်းကို ဘယ်သူပြောလဲ"

"မင်း စာအုပ်တွေထဲမှာ မဖတ်ဖူးဘူးလား"

နေလင်းက ဘာမှဆက်မပြောတော့ပါ။ ညိုသွေးပြောသလိုပဲ နောက်တော့တွေ့ရင် မေးကြည့်ရဦးမယ်ဟု တွေးထားလိုက်ပါ၏။

xxx





ဒီရက်ပိုင်းသင်တဲ့ သင်ခန်းစာတွေက လွတ်လို့မရ။ ထို့ကြောင့် ကျောင်းသားတိုင်းလိုလို အတန်းမလစ်ရဲဘဲဖြစ်နေကြသည်။ စာမေးပွဲဖြေဖို့ရက်ကလည်း နီးလာပြီဖြစ်၍ ကျောင်းပိတ်တော့မည်။ ထို့ကြောင့် စာမေးပွဲအတွက် အရေးကြီးတဲ့သင်ခန်းစာတွေကို ဒီရက်ပိုင်းအတွင်း ဆရာ၊ ဆရာမတွေက ပို့ချကြ၏။

ညိုသွေးနဲ့ နေလင်းလည်း အတန်းမလစ်ရဲ။ သူတို့က ထမင်းစားချိန်ကျမှသာ သက်ဆိုင်သူများဆီသို့ အပြေးအလွှား သွားကြရ၏။ နေလင်းအတွက်တော့ မဆိုလို။ ညိုသွေးအတွက်ကို ဆိုလိုခြင်းဖြစ်၏။ နေလင်းကတော့ အဖော်လိုက်ရုံသာ လိုက်သွားလို့ရသေးသည်။ အဘယ်ကြောင့်ဆိုသော် ယုဂီက ခြေထောက်အနာ မပျောက်သေး



www.burmeseclassic.com

www.burmeseclassic.com



၍ ကျောင်းမလာနိုင်သောကြောင့် ဖြစ်လေ၏။

ဒီနေ့တော့ ယုဂီ ကျောင်းလာသည်ဟု ကြွယ်သေး တောင်မလေးထံမှ သတင်းရထားသည်။ ထို့ကြောင့် နေလင်းက တက်တက်ကြွကြွနှင့် ညိုသွေးနဲ့အတူ လိုက်လာ၏။ သူတို့က ကန်တင်းဘက်ကိုသာ တန်းပြီးထွက်လာခဲ့ကြသည်။ ကန်တင်းတွေဘက်ရောက်တော့ ကောင်မလေးတွေ ထိုင်တတ်သည့်ဆိုင်ကို ရှာသည်။ သိပ်မရှာရပါ။ ထိပ်ဆုံးကန်တင်းတွင်ပင် သမုဒ္ဒယကို တွေ့လိုက်ရ၏။ ညိုထွေးက သမုဒ္ဒယဆီသို့ လှမ်းသွားလိုက်သည်။ နေလင်းကတော့ ယုဂီကိုရှာ ဦးမည်ဟုဆို၍ တခြားကန်တင်းတွေဘက်သို့ ထွက်သွားလိုက်လေတော့သည်။

သမုဒ္ဒယက တစ်ယောက်တည်းထိုင်နေခြင်းဖြစ်သည်။ ထို့ကြောင့် ညိုသွေးက ထိုဝိုင်းမှာပင် ခပ်တည်တည်နှင့် ဝင်ထိုင်၍

"ဒီလို တစ်ယောက်တည်းစားနေလို့ ဘယ်ရမလဲ ငါ့ကိုလည်း ဝယ်ကျွေးဦးလေ"

"ဘာလို့ ဝယ်ကျွေးရမှာလဲ၊ ကိုယ့်ဘာသာကိုယ် ဝယ်စားပါလား"

ညိုသွေးက ရယ်လိုက်သည်။ ထို့နောက်

"အဲဒီလို ကပ်စေးမနည်းရဘူး၊ အပျိုကြီးဖြစ်တတ်တယ်"

သမုဒ္ဒယက ရယ်သည်။ ထို့နောက်

"ဖြစ်ပစေပေါ့၊ ငါက အပျိုကြီး ဖြစ်ချင်နေတာ"

ညိုသွေးက သမုဒ္ဒယကို သေချာစိုက်ကြည့်လိုက်သည်။ ထို့နောက်



"နင် အပျိုကြီးဖြစ်လို့ မဖြစ်ဘူးဟ"

"ငါတစ်ယောက်တည်း ဘယ်လိုလုပ်ရမလဲ"

"သေလိုက်ပါလား"

"ဟုတ်တယ် သမုဒ္ဒယ၊ နင်အပျိုကြီးဖြစ်သွားရင် ငါ သေလိမ့် မယ်"

"နင်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟ"

သမုဒ္ဒယ ဘာမှဆက်မပြောပါ၊ ငြိမ်နေမိသည်။ ညိုသွေးကလည်း အရှိန်ရတုန်းလေး ဆက်ပြောဦးမှပဲတု တွေးလိုက်၍

"သမုဒ္ဒယ"

"ဘာလဲ"

"နင်ကိုငါ ဟိုဟာ. . . ဟာ"

"တော်ပြီ မပြောနဲ့တော့ ငါ သွားတော့မယ်"

"နေပါဦး သမုဒ္ဒယရယ်"

"သွားတော့မယ်ဟာ"

သမုဒ္ဒယက ထထွက်ဖို့လုပ်သည်။ ညိုသွေးက သမုဒ္ဒယ လက်ကလေးကို ညင်သာစွာလှမ်းဆွဲလိုက်၍

"ငါ နင့်ကို ချစ်လို့ပါ သမုဒ္ဒယရယ်"

သမုဒ္ဒယက သူ့မလက်ကလေးကို ရုန်းကန်၍ ကန်တင်းထဲမှ ညင်သာစွာ ပြေးထွက်သွားလေတော့၏။ ညိုသွေး ကန်တင်းထဲမှာ ကျန်ခဲ့သည်။ သို့သော် သူ့နှလုံးသားကတော့ သမုဒ္ဒယနောက်သို့ တန်းလန်းကြီး ပါသွားလေတော့၏။

xxx

www.burmeseclassic.com

www.burmeseclassic.com



**နေ** လင်းတစ်ယောက် ကုပ်ချောင်းချောင်းနှ[illegible] ကန်တင်းပေါင်းစုံလိုက်ကြည့်သည်။ ယု[illegible] နဲ့တူတဲ့ အရိပ်အရောင်ကိုမတွေ့ရ၍ စိတ်ပျက်လက်ပျ[illegible] နှင့် Drawing ဆောင်ဘက် ထွက်လာလိုက်သည်။ Draw-ing ဆောင် ရောက်တော့ ပေါ်တီကိုအောက် လှေကားတွ[illegible] ယုဂီကို ထိုင်နေတာတွေ့လိုက်ရ၏။ နေလင်းက ယုဂီန[illegible] မရဲတရဲ ကပ်သွား၍...

"ယုဂီ သက်သာသွားပြီလားဟင်"

သူမက ဆတ်ခနဲမော့ကြည့်သည်။ နေလင်းက[illegible] တွေ့သွားတော့ မျက်နှာတစ်ချက်ပျော့သွားကာ

"ဪ... အင်း သက်သာသွားပါပြီ"



"ဒီရက်ပိုင်းအတွင်း စာတွေ တော်တော်လွတ်သွားမှာပဲ"

"ဟုတ်တယ်၊ အခုတောင် စာအုပ်ကို မနည်းလိုက်ငှားနေရတယ်၊ စာမေးပွဲကလည်း ကပ်နေပြီဆိုတော့ သိပ်မငှားချင်ကြဘူး"

နေလင်းက ပြုံးလိုက်သည်။ ထို့နောက် ဘာဆက်ပြောရမလဲ စဉ်းစား၏။ လောလောဆယ်ပြောချင်တဲ့ စကားတွေ များနေသော်လည်း ဘာစပြောရမှန်းမသိ၍ ယောင်ပေယောင်ပေဖြစ်နေလေသည်။

ထို့ကြောင့် လှည့်ထွက်ရမလိုလို၊ ဒီအတိုင်းပဲရပ်နေရမလိုလိုလုပ်နေပြီးမှ အရဲစွန့်လိုက်ကာ

"ယုဂီ"

ယုဂီ မော့ကြည့်သည်။

"ဟို...ဟိုဟာ...ယုဂီရဲ့ ဖုန်းနံပါတ်လေးရမလားဟင်"

ယုဂီက ခပ်ကြာကြာလေး စိုက်ကြည့်လိုက်သည်။ နေလင်းခမျာ နေစရာမရှိတော့။ ခဏကြာတော့ ယုဂီက

"ရှင် ကျွန်မကို အခုထိ စိတ်မနာနိုင်သေးဘူးလားဟင်"

နေလင်း ငြိမ်နေလိုက်လေသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းဖြစ်သည်ဆိုတဲ့ စကားပုံကို ယုဂီကြားဖူးပေလိမ့်မည်။ ယုဂီက စကားကိုဆက်၏။

"ရှင် ကျွန်မကို ကူညီခဲ့တာအတွက် ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



အရမ်းတင်ပါ တယ်၊ ပြီးတော့"

ယုဂီက ထိုနေရာတွင် စကားတိုရပ်ထားလိုက်၏။ နေလင်းက ယုဂီဆီက ဆက်လာမယ့်စကားကို နားထောင်နေလိုက်၏။

ယုဂီက. . .

"ပြီးတော့ ဟိုတစ်ခါ ရှင့်ကိုပြုမူခဲ့တာအတွက် တောင်းပန်ပါတယ်"

"ရပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျား အကြောင်းတွေကို စုံစမ်းမိတာကိုး"

ယုဂီက သက်ပြင်းကိုချသည်။ ထို့နောက်

"ထားလိုက်ပါတော့၊ အဲဒီတုန်းက ရှင့်ကို ဆရာမကြီးက ကျောင်းထုတ်လိုက်ပြီထင်တာ"

နေလင်းက ယဲ့ယဲ့လေးပြုံးလိုက်သည်၊ ထို့နောက် ဘာမှဆက်မပြောတော့ဘဲ နှုတ်ဆက်ကာ လှည့်ပြန်မလို့လုပ်လိုက်တော့၏။

"ဒီမှာ"

နေလင်း အသာလှည့်ကြည့်လိုက်သည်။ ယုဂီက

"စာမေးပွဲနောက်ဆုံးနေ့ကျရင် ဒီနေရာကိုလာခဲ့ပေါ့"

နေလင်းက ပထမတော့ ကြောင်သွား၏။ နောက်တော့ ပျော်ရွှင်စွာပြုံးလိုက်ကာ

"တကယ်. . . အဲဒီနေ့ကျရင် ကျွန်တော့်ကိုခင်ဗျား ဖုန်း. . . ဖုန်းနံပါတ် ပေးမှာပေါ့"





ယုဂီက အသာခေါင်းညိတ်ပြလိုက်ကာ

"အဲဒီနေ့ကျ ရှင့်နာမည်လဲ ပြောပြရမယ်နော်"

လေပြေတစ်ချက်ဝှေ့ကာ တိုက်ခတ်သွားလေတော့သည်။

xxx



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကြီး ဖြေပြီ။ အတန်းတင်စာမေးပွဲကြီး ဖြစ်သည့်အလျောက် ဖိအားကလည်းပိုလာ၏။ စာမေးပွဲရက်အတွင်းတွင် မိန်းကလေးဆောင်များမှ ကျောင်းသူလေးတွေ တက်ကြ၏။ ယခင် ပထမနှစ်ဝက်တုန်းက ဘာမှ မဖြစ်ခဲ့သော်လည်း ယခုအတန်းတင်စာမေးပွဲကြီးတွင် တစ်ရက်ကို လေးငါးယောက်လောက်တက်ကြသည်။ စာတွေကြည့်ပါများလို့ ပင်ပန်းသွားတာကတစ်ကြောင်း၊ စိတ်ဖိအားများများလာသောကြောင့်တစ်ကြောင်း ဖြစ်မည်ထင်ပါသည်။

ယောကျ်ားလေးဆောင်များတွင်တော့ ဒါမျိုးမဖြစ်။ သို့သော် ရူးကြောင်ကြောင်ဖြစ်သွားပြီး အဝတ်မပါဘဲ

BURMESE CLASSIC .com



အဆောင်ပတ်ပြေးသူများရှိလာ၏။ သို့သော် ဘာပဲဖြစ်ဖြစ် အတန်းတင်စာမေးပွဲကြီးကိုတော့ သူ အထိုက်အလျောက် စိတ်ပူကြတာတော့ အမှန်ပင်ဖြစ်သည်။

ညိုသွေးနဲ့ နေလင်းတို့နှစ်ယောက်ကတော့ စာမေးပွဲ မြန်မြန်ဖြေပြီးပါစေ ဆုတောင်းနေကြသည်။ သူတို့ကဖြစ်နိုင်ရင် တစ်ရက်ကို နှစ်ဘာသာလောက် ဖြေချင်နေကြသည်။ သူတို့ကလည်း စာမေးပွဲမြန်မြန်ပြီးမှ လိုချင်တာတွေရမည်ဖြစ်နေသည်ကိုး။

သမုဒ္ဒယက နောက်ဆုံးနေ့တွင် အဖြေပေးမည်ဟု ညိုသွေးကို ကျောင်းမပိတ်ခင် ပြောလိုက်သည်။ နေလင်းတလည်း တယ်လီဖုန်းနံပါတ်။

ဤသို့နှင့် တစ်ရက်တစ်ရက် အချိန်တွေကို ကျော်ဖြတ်ရင်းနှင့် စာမေးပွဲနောက်ဆုံးနေ့သို့ ရောက်ရှိလာပါတော့သည်။

×××

www.burmeseclassic.com

www.burmeseclassic.com



နေလင်းက စာမေးပွဲပြီးသည်နှင့် **Drawing** ဆောင်အောက်သို့ ခွေးပြေးဝက်ပြေး ပြေးသည်။ ဟိုရောက်တော့ အသက်တောင် မှန်မှန်မရှူနိုင်၍ ခါးကြီးကုန်းပြီး ရှူနေရ၏။ သူရောက်တော့ ယုဂီ မရောက်သေး။ ခဏကြာတော့မှ ယုဂီက ကတိတည်စွာရောက်လာသည်။ ပြီးနောက် ကားပေါ်မှဆင်း၍ နေလင်းထံသို့ လျှောက်လာပါတော့၏။

နေလင်းရှေ့ရောက်တော့

"ဖြေနိုင်လား"

"အင်း"

"ဘာလို့ အစောကြီးရောက်နေတာလဲ"



"စာမေးပွဲပြီးတာနဲ့ ပြေးလာတာ"

သူမက ပြုံးပါသည်။ သူမဆီက အပြုံးကို အခုမှပဲ သေချာစွာမြင်ဖူး၍ နေလင်း ငေးကြည့်နေမိသည်။ ခဏနေတော့ သူမဆီက လက်ဝါးလောက်စာရွက်ခေါက်လေး ရောက်လာသည်။ ဖွင့်မကြည့်ပါဘဲနှင့် တယ်လီဖုန်းနံပါတ်မှန်း နေလင်း သိလိုက်ပါသည်။

"ကျေးဇူးပဲ"

သူမက ပြုံးလိုက်၏။ ပြီးနောက်

"ရှင့်နာမည်ပြောဖို့ မမေ့ဘူးလို့ ထင်တယ်နော်"

နေလင်းက တစ်ချက်ရယ်လိုက်ရင်း. . .

"ကျွန်တော့်နာမည် နေလင်းပါ"

"ကောင်းပြီ ဒါဆို ကျွန်မသွားပြီ၊ တာ့. . တာ"

နေလင်း လက်ပြကာ ကျန်ခဲ့သည်။ သူမ ကားလေး မျက်ဝန်းထဲမှ ပျောက်သွားသည်အထိ ရပ်ကြည့်နေမိ၏။ ထို့နောက်

"ရဟူး"

နေလင်း ပျော်ရွှင်စွာ ထခုန်လိုက်ပါတော့၏။

×××



www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးခမျာ ချိန်းထားတဲ့နေရာမှာ ရပ်စောင့်နေရတာ ခြေထောက်တွေတောင် သွေးတောင့်လာသည်။ အချိန်ကလည်း တော်တော်လင့်လာပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူတွေတောင် မရှိတော့။ သူ့ကိုများ အပျော်ကြီ သွားပြီလားဟု ညိုသွေး တွေးလိုက်မိသေး၏။ သို့သော် သမုဒ္ဒယလို မိန်းကလေးက ဒါမျိုးလုပ်မှာ မဟုတ်ဟု ကိုယ့်ဘာသာကိုယ် ဖြေသိမ့်တွေးလိုက်ကာ ဆက်၍ ရပ်စောင့်နေလိုက်ပါတော့သည်။

"ဟိတ်. . . ကျောင်းထဲမှာ တစ်ယောက်မှမရှိတော့ဘူး၊ မပြန်သေးဘူးလား"

ဒီအသံလေးကို သူ သေသွားတောင် မှတ်မိနေမည့်အသံ။ သူ ချာခနဲလှည့်ကြည့်လိုက်သည်။ အဖြူရောင်ဂါဝန်ရှည်လေးနှင့် ရှူးလောက်အောင်လှနေသော သူ့ရဲ့နတ်သမီးလေး။

"သမုဒ္ဒယ"

သူ့နှုတ်ဖျားမှ တိုးဖွဖွရေရွတ်လိုက်၏။ သမုဒ္ဒယ သူ့ဆီ လှမ်းလျှောက်လာသည်။ ထို့နောက် ပြုတ်ပြုတ်သားသားပင်။

"ညိုသွေးကို တို့ ချစ်တယ်"

တစ်ခွန်းတည်း ကဗျာမဆန်၊ စာမဆန်ပါ။ သူမလို မဟာဆန်ဆန်လေးဆီက ပြတ်ပြတ်သားသား တစ်ခွန်းတည်းသော အဖြေစကား။

ညိုသွေး ငေါင်ကာ ကြည့်နေမိသည်။ သူမက သူ့ငေါင်ကြည့်နေစဉ် ထိုနေရာမှ ချာခနဲလှည့်ထွက်သွားတော့၏။ ပြီးနောက် ခပ်လှမ်းလှမ်းမှာရပ်ထားသော ကားပေါ်တက်၍ မောင်းထွက်သွားပါတော့သည်။

ထိုတော့မှ ညိုသွေး အသိဝင်လာ၍. . .

"သမုဒ္ဒယ"

"သမုဒ္ဒယ"

"သမုဒ္ဒယ"

မမှီတော့။ ညိုသွေး နောက်မှပြေးလိုက်သည်။ ဘယ်ခေတ်အခါကမှ ကားတစ်စီးအရှိန်ကို မီအောင်ပြေးလိုက်နိုင်သော လူဆိုတာ မရှိခဲ့ပါ။

ထို့ကြောင့် ညိုသွေးလည်း. . .

"သမုဒ္ဒယရယ် ပျော်လိုက်တာကွာ"

သူ့အသံကို သူသာပြန်ကြားနေရပါသည်။ ပြီးနောက် ခပ်လှမ်းလှမ်းကန်တင်းမှ ဖွင့်လာသော သီချင်းသံလေးကို ကြား လိုက်ရတော့၏။ ဆောင်းဦးလှိုင် သီဆိုထားသည့် 'လွမ်းရယ်မပြေ'။

××× မဆုံနိုင်ပြီလား ဘဝတွေက ××× နှလုံးသားနုနု အပျံသင်ခါစအရွယ် ××× ပုံပြင်ဟောင်းလေးတစ်ပုဒ်ရင်မှာရှိခဲ့တယ် ××× လွယ်အိတ်တစ်လုံး ပခုံးထက်မှာ ××× အပျော်ဆုံးကျောင်းတက်ချိန် ငါတို့ကျောင်းသားဘဝ ×××

××× အဖြူစင်ခဲ့ဆုံး သစ္စာတရားနဲ့ ××× အစောဆုံး အချစ်ရဲ့ အကြွင်းနာအိပ်မက်တွေ ××× နောင်ပြန်မ





www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မယ့် အကြွင်နာလမ်းကလေးတွေ ××× အတူ လျှောက်ခဲ့ကြတယ် လက်ဖဝါးနုနုကို ××× ငါလေ တွဲထားရင်းနဲ့ ×××

××× ဒီအချိန် ကျောင်းတော်ကြီးရဲ့အလယ်မှာ ××× စိန်ပန်းတွေလည်း ပွင့်နေပြီကွာ ××× အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ ××× အလွမ်းရယ်မပြေဘူး ကျောင်းသားဘဝ ×××

××× မဆုံးနိုင်ပြီလား ဘဝတွေက ××× ××× ××× အပျော်ဆုံး ကျောင်းတက်တက်ချိန် ငါတို့ကျောင်းသားဘဝ ×××

××× ဒီအချိန် ကျောင်းတော်ကြီးရဲ့အလယ်မှာ ××× စိန်ပန်းတွေလည်း ပွင့်နေပြီကွာ ××× အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ ××× အလွမ်းရယ်မပြေဘူး ကျောင်းသားဘဝ ×××

××× ××× တစ်ခါက ငါချစ်သူ မဆိုင်သလိုသာ ဒီလောကလမ်းများထဲမှာ ××× အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ အလွမ်းရယ်မပြေဘူး ကျောင်းသားဘဝ ××× ဒီအချိန် ကျောင်းတော်ကြီးရဲ့အလယ်မှာ အချိန်စက်ဝိုင်းများက ကုစားမစွမ်းနိုင်ပါ ××× ဒီအချိန် ကျောင်းတော်ကြီးရဲ့အလယ်ထဲမှာ××× အလွမ်းရယ်မပြေဘူး ကျောင်းသားဘဝ ××× ငါတို့ ကျောင်းသားဘဝ ××× ××× ×××

ညိုသွေးက ကောင်းကင်ကိုမော့၍ ပေါ့ပါးစွာ





ရယ်မောလိုက်၏။

ပြီးတော့ စိတ်ထဲမှာလည်း. . .။

ဩော်. . .

ဘာပဲဖြစ်ဖြစ် ခေတ်အဆက်ဆက်တက္ကသိုလ်များတွင်လည်း ဒီလိုဇာတ်လမ်းရိုးရိုးလေးတွေ ရှိခဲ့ကြပါသည်။ နောင်တွင်လည်း ရှိလာဦးမည်ဖြစ်ပါတော့၏။

(မှတ်ချက် - ကြွယ်လေးကတော့ ကန်တင်းထဲမှာ ပြုံးပြုံးကြီး)

ကြိုးစားသူ
မိုးဆက်လင်းထက်

BURMESE CLASSIC .com



www.burmeseclassic.com